# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ်(၀၃၉)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက် နှုတ်ခွန်းဆက်စကားပြောကြား




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**ဘားအံ နိုဝင်ဘာ ၇**

၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကရင်ပြည်နယ်နေ့ အခမ်းအနားတွင် သဘာပတိအဖြစ် ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ စောချစ်ခင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် စောစံလင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ စောကျော်ဝင်းမောင်တို့က ဆောင်ရွက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

### မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့သည်။ **သတင်းစဉ်**

**မြန်မာနိုင်ငံရှိ ကိုရီးယားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဘင်္ဂလားဒေ့ရှ်သို့ ပြောင်းရွှေ့မည်ဆိုခြင်းမှာ ဟုတ်မှန်ခြင်းမရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပြောကြား**

*ပြည်တွင်းသတင်း စာမျက်နှာ - ၁၂*

**တောင်ကိုရီးယားနိုင်ငံက ၂၀၂၂ ခုနှစ်တွင် တပ်ဖွဲ့ဝင်အင်အား ၅၀၀၀၀၀ အထိ လျှော့ချမည်**

*နိုင်ငံတကာသတင်း စာမျက်နှာ - ၁၄*




မြန်မာ့အလင်း

# ရင်းနှီးမြှုပ်နှံမှုအတွက် ပတ်ဝန်းကျင်ကောင်း

သတင်းဆိုးတစ်ခုနှင့် သတင်းကောင်းတစ်ခုတို့ကို ကြားရသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် ကိုရီးယားစီးပွားရေးလုပ်ငန်း ၁၀၀ ခန့်က မြန်မာနိုင်ငံတွင် ကောင်းမွန်သော စက်မှုဇုန်ပတ်ဝန်းကျင် အားနည်းသည့်အတွက် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းရွှေ့လိုကြောင်း ဘင်္ဂလားဒေ့ရှ်စီးပွားရေးဇုန် အာဏာပိုင်အဖွဲ့အစည်း၏ သတင်းအရင်းအမြစ်ကို ကိုးကား၍ တစ်ဖက်နိုင်ငံမှ သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းသတင်းနှင့် ဆက်စပ်၍ ကိုရီးယားရင်းနှီးမြှုပ်နှံသူများဘက်က မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှု ဆက်လက်မြင့်တက်နေဆဲပင်ဖြစ်ကြောင်းနှင့် ကိုရီးယားစီးပွားရေးလုပ်ငန်း ၁၀၀ ခန့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပြောင်းရွှေ့လိုသည်ဆိုသည်မှာလည်း ကောလာဟလသာဖြစ်ကြောင်းတို့ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူနှင့် ကိုရီးယားစီးပွားရေးသံမှူးတို့က တုံ့ပြန်ပြောကြားခဲ့သည့် သတင်းမှာမူ သတင်းကောင်းပင်ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည်။ ယနေ့ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံကြီးတစ်ခုအဖြစ် တက်လှမ်းရောက်ရှိနေပြီဖြစ်သည့် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်က အထူးစီးပွားရေးဇုန်များ စတင်တည်ထောင်ကာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခဲ့ခြင်းဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများအတွက် လွယ်ကူလျင်မြန်သော၊ လုံခြုံစိတ်ချရသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်မှာ လိုအပ်သည့်အလျောက် မြန်မာနိုင်ငံသည်လည်း ယင်းလိုအပ်ချက်ကို ဖော်ဆောင်ပေးလျက်ရှိသည်။ အရေးအပါဆုံးအချက်မှာ ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေဖြစ်ပြီး ယင်းဥပဒေအရ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် တင်ပြလျှောက်ထားမှုများကို ရှင်းလင်းလွယ်ကူလာစေသည်။ ထို့အပြင် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် အာမခံချက်များ၊ အခွင့်အရေးများ၊ အကာအကွယ်များကိုလည်း ပေးထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၆(ဃ)တွင် နိုင်ငံတော်က စီးပွားရေးလုပ်ငန်းများကို မည်သည့်အခါမျှ ပြည်သူပိုင်မသိမ်းဟု အာမခံထားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရလည်း ဥပဒေနှင့်အညီ ဆောင်ရွက်နေသရွေ့ ၎င်းလုပ်ငန်းအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပိတ်သိမ်း၊ မရပ်စေရဟု အာမခံထားခြင်း၊ ပိတ်သိမ်းရန်လိုအပ်လာပါကလည်း ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်အားလုံးကို နစ်နာမှုမရှိအောင် အမြန်ဆုံးပေးလျော်ခြင်းတို့အပြင် ကာလရှည်မြေငှားရမ်းခွင့်အပါအဝင် သက်သာခွင့်၊ ကင်းလွတ်ခွင့်များ စသည်တို့ကို ပြဋ္ဌာန်းပေးထားသည်။ တစ်ဖက်တွင်လည်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ ကြိုးနီစနစ် အကြွင်းအကျန်များကို ရှင်းလင်းဖယ်ရှားရေး၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးတို့အပါအဝင် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်လာစေရန် လိုအပ်ချက်များကို အကောင်အထည်ဖော် ဖြည့်ဆည်းလျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မြှင့်တင်ရာတွင် တစ်ဖက်ကလည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရမည့်အရေးလည်းရှိသည်။ အရေးပါဆုံးအချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးဖြစ်သည်။ ငြိမ်းချမ်းမှုမရရှိပါက ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုမရရှိနိုင်။ သို့နှင့်အမျှ စီးပွားရေးယိုင်နဲ့အားနည်းပြီး ဆင်းရဲတာရှည်ကာ လက်နက်ကိုင်ပဋိပက္ခများနှင့် ထာဝရမငြိမ်းချမ်းသည့် သံသရာသို့ တစ်ပတ်ပြီးတစ်ပတ်လည်နေလိမ့်ဦးမည်။ နောက်အရေးပါသည့်အချက်မှာ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေဖြစ်ပြီး နောက်ထပ်အရေးပါသည့်အချက်မှာ ဒေသတွင်းနိုင်ငံများနှင့် ပြိုင်ဆိုင်ရမည့် အခြေအနေဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အေးချမ်းတည်ငြိမ်၍ လုပ်ရကိုင်ရလွယ်ကူသော၊ ရေမီး လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံကောင်းမွန်သော၊ စည်းကမ်းကောင်းမွန်၍ ကုန်ထုတ်လုပ်မှုစွမ်းရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များပြည့်စုံသော၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်မည့် နေရာဒေသနိုင်ငံများကိုသာ ရွေးချယ်ကြမည်ဖြစ်သည့်အလျောက် ယင်းအချက်များနှင့် ပြည့်စုံသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများကို ဖန်တီးတည်ထောင်ကာ အကျိုးတူစီးပွားဖက် မိတ်ဆွေကောင်းတို့အား ဆက်လက်ဖိတ်ခေါ်နိုင်ပါစေကြောင်း။ ။



## ထာဝရငြိမ်းချမ်းရေးစေတီတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**နေပြည်တော် နိုဝင်ဘာ ၇**

ထာဝရငြိမ်းချမ်းရေး စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအကြို အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ၊ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအဖွဲ့သြဝါဒါစရိယ၊ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ (၂၄) ပစ္စည်းပဋ္ဌာန်း ပရိတ်အိုးများနှင့် ပဋ္ဌာန်းကျမ်းစာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရ ဆရာတော်ကြီးထံမှ ပဋ္ဌာန်းကျမ်းဆိုင်ရာဓမ္မကထာကိုနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ရွတ်ဆိုကြပြီး အနန္တနယသမန္တပဋ္ဌာန်း ကျမ်းတော်မြတ်ကြီးကို အလှည့်ကျဘာဏက သံဃာတော်မှစ၍ သံဃာတော် ၁၈ ပါးတို့က စတင်ရွတ်ဖတ်ပူဇော်ကြသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဆရာတော်၊ သံဃာတော် ၁၈ ပါးတို့က နိုဝင်ဘာ ၉ ရက်အထိ သုံးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး**

## အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ကျား-မ ရေးရာကဏ္ဍ ဖိုရမ်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ကျား/မရေးရာကဏ္ဍဖိုရမ်ကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဖိုရမ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် အာဆီယံဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ ကျား/မရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့မှ ဌာနတာဝန်ခံ Dr. Sita Sumrit က ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ကျား/မရေးရာ တန်းတူညီမျှမှုကို အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်သည့် အမြင်များဖလှယ်ခြင်း၊ မူဝါဒလမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများအား သုံးသပ်ခြင်း၊ အာဆီယံကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ NGO, INGO များ၊ CSO များက မိမိတို့၏ နိုင်ငံအလိုက်၊ ကဏ္ဍအလိုက် အာဆီယံဒေသအတွင်း ကျား/မရေးရာဆိုင်ရာနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများအား ဆွေးနွေးခဲ့ကြသည်။

**အုပ်စုများခွဲ၍ ဆွေးနွေး**

ယင်းနောက် ကျေးလက်အမျိုးသမီးများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုကာကွယ်ရေးနှင့် လုံခြုံစိတ်ချရမှု၊ အခြေခံအဆောက်အအုံနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ သက်ဆိုင်သူ Stakeholder များနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စောင့်ကြည့်စစ်ဆေးအကဲဖြတ်မှု၊ ထိခိုက်လွယ်အုပ်စုများ၊ ဆင်းရဲနွမ်းပါးသူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝဘေးထိခိုက်လွယ်မှုများကို အုပ်စုများခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကိုယ်စားလှယ်များက အဆိုပါဆွေးနွေးချက်များအပေါ် အခြေခံ၍ မူဝါဒဆိုင်ရာ အကြံပြုချက်များ ဖော်ထုတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မွေးကြူဇင်**

## ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် e-Government အခြေခံကွန်ပျူတာသင်တန်းဖွင့်

**တောင်ငူ နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် e-Government အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်က ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ e-Government ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ စောညိုဝင်းက အမှာစကားပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)မှ ပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တောင်ငူခရိုင်အတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ဌာနဆိုင်ရာမှ သင်တန်းသား ၁၀၃ ဦး တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ နိုဝင်ဘာ ၄ ရက်မှ ၃၀ ရက်အထိ ဖြစ်ကြောင်းသိရပြီး ဒုတိယအကြိမ် သင်တန်းကို ၂၀၂၀ ပြည့်နှစ် မေလတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုသူ(တောင်ငူ)**

## ဝါရင့်သင်ကြားရေး ဆရာ ဆရာမများအတွက် ရလဒ်အခြေပြု ဆေးပညာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

ဝါရင့်သင်ကြားရေး ဆရာ ဆရာမများအတွက် ရလဒ်အခြေပြုဆေးပညာသင်ကြားရေး (Workshop on Outcome-based Education for Senior Teaching Staff) အလုပ်ရုံဆွေးနွေးပွဲကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် သဟဇာတခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက/ဌာနမှူးများနှင့် ကထိကများ တက်ရောက်ကြပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်မှ ၇ ရက်ထိ နှစ်ရက်တာကျင်းပခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**

❑ *ရွှေဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်



### အလေးပြု

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ စောချစ်ခင်က အဖွင့်အမှာစကား ပြောကြားသည်။

### နှုတ်ခွန်းဆက်စကားပြော

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် သဘာပတိကြီးနှင့်တကွ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ယနေ့ကျရောက်သည့် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ပေးရန် ဖိတ်ကြားသည့် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကရင်ပြည်နယ်သို့ လာရောက်သည့်အခါတွင် လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို ကျေးဇူးတင်ပါကြောင်း။

ကရင်ပြည်နယ်သည် ထူးခြားသည့် အင်္ဂါရပ်များရှိပါကြောင်း၊ ဖားစည်သည် အောင်အတိတ်၊ အောင်နိမိတ်ကိုဆောင်သည့် အောင်စည်ဖြစ်ပါကြောင်း၊ ထို့အတူ အေးချမ်းသာယာမှုကို ဖော်ဆောင်သည့် အဓိပ္ပာယ်လည်း ဖြစ်ပါကြောင်း၊ ဖားစည်၏အလယ်တွင် တက်နေခြည်ဖြာနေသည်ကို တွေ့ရပါကြောင်း၊ ယင်းမှာ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ငြိမ်းချမ်းရေးရောင်ခြည်ဖြာမည်ဆိုသည့် သဘောအဓိပ္ပာယ်ကို ဆောင်ပါကြောင်း။

### အင်အားတစ်ခုဖြစ်လာမည်

မိမိတို့အား ဂုဏ်ပြုဖျော်ဖြေကြသည့် ဒုံးယိမ်းအဖွဲ့များကိုလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း၊ ဒုံးယိမ်းကကွက်များမှာ ဆန်းပြားပြီး ကကြိုးများမှာလည်း စုံလင်ပါကြောင်း၊ တီးလုံးသံစဉ် အနိမ့်အမြင့်အများအပြားပါဝင်သည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း ခေါင်း၊ ခါး၊ ခြေ၊ လက် ဟန်ချက်ညီစွာဖြင့် မမောနိုင် မပန်းနိုင် အပြုံးပန်းများဖြင့် ကသွားခြင်းသည် ရင်ထဲတွင် စွဲထင်ကျန်ရစ်စေပါကြောင်း၊ ကကြိုးကကွက် များပြားသော်လည်း တစ်ဦးနှင့်တစ်ဦး ထိန်းညှိပြီး ဟန်ချက်ညီညီဖြင့် ကပြသွားသကဲ့သို့ တိုင်းရင်းသားများအားလုံး ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ကြမည် ဆိုပါက ပြည်ထောင်စုကြီးအတွက် လွန်စွာကြီးမားသည့် အင်အားတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ကရင်ဒုံးယိမ်းကရာတွင် ဖျတ်လတ်သွက်လက်တက်ကြွစွာ မမောနိုင် မပန်းနိုင်ဘဲ အပြုံးပန်းများဝေဆာပြီး ကပြသွားသကဲ့သို့ မိမိတို့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး အတွက်လည်း မမောနိုင် မပန်းနိုင်ဘဲနှင့် ပန်းတိုင်ရောက်အောင် အပြုံးပန်းကိုယ်စီဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်မှုပေးပြီး ဆက်လက် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

### ဟန်ချက်ညီညီထိန်းညှိ

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို မဖြစ်မနေ တည်ဆောက်မည်ဆိုသည့် စိတ်ပိုင်းဖြတ်ပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ နှစ်ပေါင်းများစွာ လိုလားတောင့်တနေသည့် ဒီမိုကရေစီအခွင့်အရေး၊ ဖက်ဒရယ်အခွင့်အရေး တစ်နည်းအားဖြင့် ခံစားသင့် ခံစားထိုက်သည့် ဒီမိုကရေစီအခွင့်အရေး၊ ရသင့်ရထိုက်သည့် ဖက်ဒရယ်အခွင့်အရေးများ၊ တိုင်းရင်းသားများ၏ အခြေခံအခွင့်အရေးများ၊ တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စသည့်ကိစ္စရပ်များကို မိမိတို့ကြိုးပမ်းအားထုတ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါတွင် အားလုံးဝိုင်းဝန်းပူးပေါင်းပြီး ကရင်ဒုံးယိမ်းကသကဲ့သို့ တက်ညီလက်ညီ၊ သွက်သွက်လက်လက်နှင့် ဟန်ချက်ညီညီ ထိန်းညှိပြီးဆောင်ရွက်သွားကြမှသာ ပန်းတိုင်ကိုရောက်မည် ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်သည်ဆိုရာတွင် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ဆန္ဒတူညီမှုများအပေါ်တွင် အခြေခံပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု နိုင်ငံတော်ဖြစ်သည်နှင့်အညီ မိမိတို့အားလုံး ပြည်ထောင်စုစိတ်ဓာတ် ကိုယ်စီကိုယ်ငှ ထားကြရန် လိုအပ်ပါကြောင်း၊

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲမုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် စတုတ္ထအကြိမ်မြောက် ရိုးရာလှေလှော်ပြိုင်ပွဲအား ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

မိမိအနေဖြင့် ခံစားမိသည်မှာ တိုင်းရင်းသားများသည် ပြည်ထောင်စု ဥယျာဉ်ကြီးထဲတွင် ဖူးပွင့်ဝေဆာနေသော အရောင်အသွေးစုံလင်သည့် ပန်းများဖြစ်ပါကြောင်း၊ အဆင်အသွေး၊ အရောင်များ စုံလင်သည့် တိုင်းရင်းသားများ အားလုံးတွင်လည်း သဘောထား၊ အယူအဆ မတူညီကြသည့် အသွင်ကွဲအဆင်ကွဲများ ရှိကြမည်ဖြစ်ပါကြောင်း၊ ယင်းအသွင်ကွဲအဆင်ကွဲများကိုလည်း မိမိတို့ တိုင်းရင်းသားအချင်းချင်း၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် နှစ်ပေါင်းများစွာ လက်တွဲလာခဲ့ကြသည့်၊ ကျောချင်းကပ် ရင်ချင်းအပ်လာကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအချင်းချင်း၊ အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများနှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ပြည်ထောင်စုအတွက် အမှန်တကယ် တန်ဖိုးရှိသည့် စုပေါင်းအင်အား ဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

တော်သမ္မတသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ယင်းနောက် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲမုခ်ဦးဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ စောချစ်ခင်၊ တရားလွှတ်တော် တရားသူကြီးချုပ် စောစံလင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ ပြခန်းများနှင့် ပျော်ပွဲ




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ဂုဏ်ပြုဖျော်ဖြေကြသည့် ဒုံးယိမ်းအဖွဲ့အား ကြည့်ရှုအားပေးစဉ်။

သတင်းစဉ်

### မျက်ဝါးထင်ထင် တွေ့မြင်နေရ

ကရင်ပြည်နယ်သည် ရှေ့ဆက်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာများရှိပါကြောင်း၊ ထို့ကြောင့် မိမိသည် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး အထောက်အပံ့ပေးနိုင်မည့် ပြည်ထောင်စုဝန်ကြီးအချို့နှင့်အတူ လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်တွင် ကော့ဂွန်းဂူ၊ ဆဒ္ဒန်ဂူ၊ ဘုရင့်ညီဂူ၊ ရသေ့ပျံဂူ စသည့် ထင်ရှားသည့်ဂူများရှိပါကြောင်း၊ ကော့ဂွန်းဂူတွင်ရှိသည့် ဗိသုကာနိုးနတ်ရုပ်များသည် ပုဂံခေတ်ထက် စောပါကြောင်း၊ ဘုရားဆင်းတုတော်များလည်း သောင်းကျော်ရှိပါကြောင်း၊ ထိုဂူတွင်ရှိသည့် မွန်ကျောက်စာများသည်လည်း နှစ်ပေါင်းထောင်ကျော်နေပြီ ဖြစ်ပါကြောင်း၊ ယင်းတို့မှာ ပြည်နယ်ဘဏ္ဍာငွေရရှိရေးအတွက် လွန်စွာဆွဲဆောင်အားကောင်းသည့် ခရီးသွားနေရာများဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားသာချက်များ များစွာရှိပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းရေးအလင်းရောင်ရရှိပြီး ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ခံစားနေရပြီဆိုသည်ကို အားလုံးမျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ရှေ့ဆက်ပြီး ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိပြီဆိုပါက ပြည်ထောင်စုကြီးတစ်ခုလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်သွားမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဆက်လက်ခံစားနိုင်ရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ရရှိရန် မိမိတို့အားလုံး ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ တစ်နည်းအားဖြင့် ကရင်ပြည်နယ်တွင် ထင်ရှားသည့် ဖွဲ့ကပင်တောင်ကို သက်သေတည်ပြီး တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို မယိုင်မလဲ ခိုင်ခိုင်မြဲမြဲ ကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ၂၀၁၉ ခုနှစ် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံ ရွှင်ပွဲမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၉ ခုနှစ် (၆၄) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ဘားအံမြို့ ကန်သာယာကန်အတွင်း ကျင်းပသည့် (၆၄)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် စတုတ္ထအကြိမ်မြောက် ရိုးရာလေ့လှော်ပြိုင်ပွဲအား ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဘားအံယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

**ဘားအံကမ်းနားလမ်း လှပရေး**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် သဘော်ဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် ဘားအံကမ်းနားလမ်း သာယာလှပရေးနှင့် လမ်းတိုးချဲ့ခြင်းစီမံကိန်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ဘားအံမြို့ ဟိုတယ်ဇုန်သို့ ရောက်ရှိကြရာ ဇွဲကပင်ဟိုတယ်၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်တို့က ကရင်ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**နိုင်ငံတော်အကျိုး ဆောင်ရွက်**

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေတိုအကျိုးကို မကြည့်ဘဲ ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်စေလိုပါကြောင်း၊ မိမိအကျိုးအတွက်သာမက ဒေသအကျိုး၊ နိုင်ငံတော်အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန် လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာ၊ စာပေစကား၊ ဓလေ့ထုံးစံများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။

**ပြန်လည်ရောက်ရှိ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် တပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

◆ *ကျော်ဖုံးမှ*

အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ**

အစည်းအဝေးတွင် ဒုတိယသမ္မတက (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက်(၅)ရပ်နှင့် အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် “၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ” ကို ဒုတိယသမ္မတဦးဆောင်၍ (၃၇) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီကချမှတ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ (၁၀) ခုကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့်လည်း လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို အောင်အောင်မြင်မြင်နှင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သေချာစွာဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာလ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၂၁) ချက်ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၃)ချက်နှင့် ဆောင်ရွက်ဆဲ (၁၈) ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အမြန်ပြီးပြတ်အောင် ဆောင်ရွက်ကြရန်နှင့် ယခင်နှစ်က ကျင်းပခဲ့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားအပေါ် ပြန်လည်သုံးသပ်သည့် အစည်းအဝေးဆုံးဖြတ်ချက် (၂၉) ချက်ကိုလည်း အလေးအနက်ထား အကောင်အထည်ဖော် ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**“ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွတ်လပ်ရေးနေ့အခမ်းအနားများကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားကြရန်ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြီး နိုင်ငံရေး အနှစ်သာရ ပြည့်စုံစွာ ကျင်းပနိုင်ရေးအတွက် ယခင်ကျင်းပခဲ့သည့် အခမ်းအနားများ၏ အတွေ့အကြုံများအပေါ်အခြေခံ၍ အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်”**

**အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်း**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွတ်လပ်ရေးနေ့အခမ်းအနားများကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားကြရန်ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြီး နိုင်ငံရေး အနှစ်သာရပြည့်စုံစွာ ကျင်းပနိုင်ရေးအတွက် ယခင်ကျင်းပခဲ့သည့် အခမ်းအနားများ၏ အတွေ့အကြုံများအပေါ် အခြေခံ၍ အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပသည့် ပုံစံအတိုင်း နံနက်ပိုင်းတွင် “နိုင်ငံတော်အလံတင်အခမ်းအနား” နှင့် “နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား” ပြုလုပ်သွားမည်ဖြစ်ပြီး ညနေပိုင်းတွင် “နိုင်ငံတော်အဆင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား” ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ လစ်ဟာမှုမရှိအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်မည့် အင်အားစာရင်းနှင့် တာဝန်ကျသည့် ဝန်ထမ်းအင်အားစာရင်းများ ကွာဟမှုမရှိစေရေး သက်ဆိုင်ရာဆပ်ကော်မတီအလိုက် အသေးစိတ် ပေါင်းစပ်ညှိနှိုင်းသွားကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မီးရှူးမီးပန်းများ ပစ်ဖောက်ရာတွင်လည်း အန္တရာယ်ကင်းရှင်းစေရေး အတွက် စနစ်တကျ ကြိုတင်စီမံ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်**

အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ ဝင်/ထွက်မှု အဆင်ပြေစေရေး၊ ကြိုဆိုနေရာချထားမှုအပိုင်းတွင် လစ်ဟာမှုမရှိစေရေး၊ ကျွေးမွေးဧည့်ခံမှုအပိုင်းနှင့် ဖျော်ဖြေရေးအပိုင်းတို့တွင် အဆင်ပြေ စနစ်တကျရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် ပူးပေါင်းညှိနှိုင်းကာ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပို့စကတ်များ အချိန်မီဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများ အနေဖြင့် ကြိုတင်စီမံ ဆောင်ရွက်သွားကြရန်၊ ဆပ်ကော်မတီများ၏ အသုံးစရိတ်များကို သေချာစွာ စိစစ်တွက်ချက်၍ တင်ပြသုံးစွဲသွားကြရန်နှင့် ရာသီဥတု အခြေအနေသည် ခန့်မှန်းမရနိုင်သဖြင့် အခမ်းအနားအားလုံးအတွက် Plan A အပြင် Plan B ကို ထည့်သွင်းပြင်ဆင်ထားကြရမည် ဖြစ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေး**

အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ယခင် ကျင်းပခဲ့သည့် ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက် (၂၁)ချက်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက ဆောင်ရွက်ရမည့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြ**

ယင်းနောက် **“နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်ကလည်းကောင်း၊ **“နိုင်ငံတော် အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့ကလည်းကောင်း၊ **“လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က လည်းကောင်း၊ **“မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ”**ဆိုင်ရာ ကိစ္စရပ်များကို စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် သန့်ဇင် ကလည်းကောင်း၊ **“လုံခြုံရေး ဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးသိန်းဦးတို့က လည်းကောင်း၊ **“ပြန်ကြားရေး ဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်တို့ကလည်းကောင်း၊ **“နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းကလည်းကောင်း၊ **“ကျန်းမာရေး ဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက လည်းကောင်း၊ **“အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ **“စာရင်းစစ်ဆေးရေးဆပ်ကော်မတီ”** ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက လည်းကောင်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# လှိုင်ကော် တန်ဆောင်တိုင် မသိုးသင်္ကန်းနှင့် မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**လှိုင်ကော် နိုဝင်ဘာ ၇**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် လှိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်တွင် စတုတ္ထအကြိမ် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဒုတိယအကြိမ် မီးပုံးပျံလွှတ်တင်ပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ငါးညတိုင်တိုင် ပြုလုပ်သွားမည်ဖြစ်ပြီး စင်တင်တေးဂီတဖျော်ဖြေပွဲ ထည့်သွင်း၍ နိုင်ငံကျော်အဆိုတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုတော်များမှာ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်များတွင် M ဇော်ရိန်၊ မေကြည်၊ စောထက်နိုင်စိုး၊ ခိုင်သဇင်သင်းနှင့် David Lai ၊ နိုဝင်ဘာ ၁၁ ရက်တွင် ဇင်ကြီး၊ ငွေဇင်လှိုင်း၊ ခူးထဲဖဲ၊ လမင်းအိမ်နှင့် Paul Austin၊ နိုဝင်ဘာ ၁၂ ရက်တွင် ပိုးမီ၊ ယွန်းနှင့် နေမင်းအိမ်၊ နိုဝင်ဘာ ၁၃ ရက်တွင် ဘိုဖြူ၊ ထွန်းရတီ၊ Wanted တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ကော်မီးပုံးပျံပွဲတော်ကို ယမန်နှစ်က စတင်ကျင်းပခဲ့ရာ မီးပုံးပျံ ၂၂ လုံး ပါဝင်ယှဉ်ပြိုင်လွှတ်တင် ပူဇော်ခဲ့ကြပြီး ယခုနှစ်တွင် ညမီးကြီး ၂၄ လုံးပါဝင်ယှဉ်ပြိုင်လွှတ်တင်ပူဇော်သွားမည်ဖြစ်ကြောင်းနှင့် ယခင်နှစ်ကထက် ဆုငွေများ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မီးပုံးပျံပြိုင်ပွဲဆုရွေးချယ်ရေး ဒိုင်ချုပ် ဦးစိုင်းဘိက ပြောသည်။ ယခင်နှစ်က မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲများကို မိုးကောင်းဘုရားတွင်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ဗုဒ္ဓဥယျာဉ်အတွင်းသို့ မီးပုံးပျံပြိုင်ပွဲနှင့်အတူ ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ပြီး ယခင်နှစ်ကထက် ပိုမိုစည်ကားအောင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ကော်သား**



# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

## ကနီမြို့နယ်ရှိ မင်းအို-အိုင်တောင်-နတ်တောင်-နွားခြံကုန်းလမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၇**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှအဖွဲ့ဝင် ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုး အစား အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ပြုံးအားလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် အစား ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေမင်းအောင်(ခ) ဦးပြုံးချို အားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်အား ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ပြီးဖြစ်၍ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်းတို့ကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

### ခိုင်လုံသောအကြောင်းရင်းမရှိဘဲ အာမခံကာလအတွင်း ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာပါက လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ၏ အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ပေးရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်

ယင်းနောက် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **ဖောက်လုပ်ပြီး ကျေးရွာချင်းဆက်လမ်းများအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် တင်ဒါအောင်ပြီး ကုမ္ပဏီများမှ စာချုပ်ပါအတိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းရှိ၊ မရှိကို မည်သည့်အဖွဲ့အစည်းက တာဝန်ယူကြီးကြပ်၍ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကျေးလက်လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ပဏီများမှ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက ကုမ္ပဏီမှ ပေးသွင်းထားသည့် လုပ်ငန်းတန်ဖိုး၏ ၅ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ခိုင်လုံသောအကြောင်းရင်းမရှိဘဲ အာမခံကာလအတွင်း ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာပါက လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ၏ အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ပေးရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိပြီး ဖြစ်ပါကြောင်း။

တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် အာမခံကာလအတွင်း ကုမ္ပဏီ၏ အားနည်းချက်ကြောင့် ဖြစ်ပေါ်လာသည့် လုပ်ငန်းပျက်စီးမှုများအား သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများမှအပ သက်ဆိုင်ရာကုမ္ပဏီမှ ပြန်လည်ပြုပြင်စေခြင်းနှင့် စာချုပ်ပါစည်းကမ်းများကို လိုက်နာမှုမရှိပါက စာချုပ်ရပ်စဲခြင်း၊ အမည်ပျက်စာရင်းသွင်းခြင်းတို့ကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇) နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် ဖွဲ့စည်းထားသည့် တင်ဒါကော်မတီများက တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့မှ ပေးပို့လာသော အချက်အလက်များနှင့် ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီမြို့နယ်ရှိ မင်းအို-အိုင်တောင်-နတ်တောင်-နွားခြံကုန်းလမ်းအား လမ်းတာချဲ့နိုင်ရေးနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ မင်းအို-အိုင်တောင်-နတ်တောင်- နွားခြံကုန်း လမ်းအရှည် ၉ မိုင် ၇ ဖာလုံသည် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာ ၈ ရွာ၊ လူဦးရေ ၇၀၀၀ ကျော်တို့အား တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပါသဖြင့် လမ်းအဆင့်သတ်မှတ်ချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများ၌ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### မုန်းချောင်း ရေလှောင်တမံ၏ရေဝပ်ဧရိယာအတွင်း ကျရောက်ခဲ့သော ကျေးရွာများအား သံဆည်မြို့သစ် တည်ဆောက်၍ ဌာနမှ စနစ်တကျ ရွှေ့ပြောင်းပေးခဲ့

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ်ရှိ မုန်းတမံရေဝပ်ဧရိယာတွင် နစ်မြုပ်ခံသောကျေးရွာ ၁၃ ရွာမှ ဒေသခံပြည်သူများအတွက် CSR လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးခဲ့ခြင်း ရှိ၊ မရှိ သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မုန်းချောင်း ရေလှောင်တမံ၏ ရေဝပ်ဧရိယာအတွင်းကျရောက်ခဲ့သော ကျေးရွာများအား သံဆည်မြို့သစ်တည်ဆောက်၍ ဌာနမှ စနစ်တကျ ရွှေ့ပြောင်းပေးခဲ့ပါကြောင်း၊ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် လယ်ယာမြေများဖော်ထုတ်ပေးခဲ့ပြီး သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့်အတူ ဆေးပေးခန်းနှင့် စာသင်



ဒုတိယဝန်ကြီး
ဦးကျော်လင်း



မင်းတပ်မဲဆန္ဒနယ်မှ
ဦးနေလင်းအောင်



ဒုတိယဝန်ကြီး
ဦးလှကျော်



စေတုတ္တရာမဲဆန္ဒနယ်မှ
ဦးကျော်အောင်လွင်

ကျောင်းများ စသည့် ပညာရေး၊ ကျန်းမာရေး လူမှုအထောက်အကူပြုလုပ်ငန်းများကို စီမံဆောင်ရွက်အကောင်အထည်ဖော်ခဲ့မှုအလျောက် လွှတ်တော်ကိုယ်စားလှယ် တင်ပြသကဲ့သို့ လူမှုအကျိုးပြုလုပ်ငန်း (Corporate Social Responsibility-CSR) ဖြင့် ဆောင်ရွက်ခဲ့မှုရှိခဲ့ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်၍ ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ထီးချိုင့်မြို့နယ် ဂရိတ်ဝေါ-ဝေမာ သကြားစက် ကြံသယ်ကားများနှင့် စက်ရုံအကြား၊ ကြံသယ်ယူခစျေးနှုန်းအား မည်သို့ညှိနှိုင်းသတ်မှတ်ပေးမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်း မလိုက်နာသော ကြံသယ်ကားများအား မည်သို့အရေးယူမည်နှင့် မန္တလေး-ဗန်းမော် ပြည်ထောင်စုကားလမ်းမကြီးမိုင်တိုင်အမှတ် (108.28km) နှင့် (117km) အကြား လမ်းပိုင်းအား ပြင်ဆင်ထိန်းသိမ်းစရိတ်တို့ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းကလည်းကောင်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု)မြို့အတွင်း နှစ်စဉ်ဖြစ်ပေါ်နေသော မြေနုကျွန်းခွဲဝေချထားရေးကိစ္စများကို စိုက်ပျိုးချိန်အမီ ဥပဒေနှင့်အညီ အမြန်ဆုံးချထားနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာ ခင်မောင်မောင်၏ **မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ကျောင်းသားများ လက်တွေ့သင်ကြားနိုင်ရန် Commercial Farms အကောင်အထည်ဖော်ခြင်းရှိ၊ မရှိ သိလိုခြင်း**မေးခွန်းနှင့် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တောင်သူလယ်သမားများအတွက် တောင်သူလယ်သမားနေ့အဖြစ် မတ်လ ၂ ရက်နေ့ကို သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးရန်နှင့် ဗြိတိသျှနယ်ချဲ့အစိုးရအား ဆရာစံဦးဆောင်ပြီး တောင်သူလယ်သမားများကိုယ်တိုင် စတင်တော်လှန်ခဲ့သည့် ဒီဇင်ဘာလ ၂၂ ရက်နေ့ကို ပြောင်းလဲသတ်မှတ်အတည်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

### တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စုအဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဆွေးနွေး

ယင်းနောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း တင်သွင်းသည့် **မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရမှ စနစ်တကျ ကျစ်လျစ်ခိုင်မာစွာလုပ်ဆောင်နိုင်ရန်၊ နိုင်ငံတော်၏စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်နှင့် တောင်သူလယ်သမားမိသားစုများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခုအား ပြည်ထောင်စုအဆင့်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း**က အဆိုရှင်တင်ပြသကဲ့သို့ ယနေ့ မိမိတို့နိုင်ငံရှိ တောင်သူလယ်သမားထု၏ ဘဝဖြစ်စဉ်များသည် အခက်အခဲပေါင်းစွာဖြင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါကြောင်း၊ အဓိကလိုအပ်ချက်သည် တောင်သူလယ်သမားကဏ္ဍကို အမှန်တကယ် ကူညီဆောင်ရွက်ပေးရန်လိုအပ်ပြီ ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် အောင်မြင်ဖြစ်ထွန်းသည့် မွေးမြူရေးဇုန်များ၊ ယနေ့ဖော်ဆောင်နေသည့် အော်ဂဲနစ်ဈေးကွက်ကြီးတွင် အားလုံးပါဝင်နိုင်ရန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အားလုံးပါဝင် ကူးပြောင်းနိုင်ရန်တို့အတွက် နိုင်ငံတော်မှ များစွာကြိုးပမ်းဖော်ဆောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ယနေ့ အားကိုးနေရဆဲ ကျွဲနွားနှင့် ထွန်တုံးများ၊ ထွန်ယက်စိုက်ပျိုးသည့် ယန္တရားများ၊ ရိတ်သိမ်းခြွေလှေ့ယန္တရားများ၊ အဆင့်မြင့် သိုလှောင်နည်းစနစ်များ စသည်ဖြင့် များစွာလိုအပ်နေသည်ကို တွေ့ရမည်ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစံဝင်းခိုင်** က လယ်ယာမြေဥပဒေမူလပြဋ္ဌာန်းချက်နှင့် အစားထိုးပြင်ဆင်ရန် တင်ပြသည့်ပြဋ္ဌာန်းချက်များတွင် တောင်သူလယ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းခွင့်ပြုထားပြီး ဖြစ်သောကြောင့် တောင်သူလယ်သမားများအတွက် အဓိကကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာများကိုသာ ဦးတည်ဆောင်ရွက်နိုင်ရန် ကျေးရွာ၊ မြို့နယ်၊ ခရိုင်များအလိုက် တောင်သူလယ်သမားရေးရာဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တောင်သူလယ်သမားရေးရာဦးစီးဌာနများ စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းပြီး ပြည်ထောင်စုအဆင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကိုပါ ဖွဲ့စည်းထူထောင်သွားသင့်ပါကြောင်း၊ တစ်ချိန်တည်းတွင် လယ်ယာမြေဥပဒေတွင် ရောထွေးပါဝင်နေသည့် အခြားဥပဒေများကိုလည်း စနစ်တကျဖြစ်အောင် လိုအပ်သလို ခွဲထုတ်ပြင်ဆင်ပြဋ္ဌာန်းသွားရန်လည်း လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းဖြစ်တည်လာသည်နှင့်အမျှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် တောင်သူလယ်သမားရေးရာဝန်ကြီးများ တိုးချဲ့ခန့်ထားရန် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း။

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် ကျေးလက်ဒေသနေသူများကို ကိုယ်စားပြုသော တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို ဖွဲ့စည်း၍ တောင်သူလယ်သမားများအရေးကို တစိုက်မတ်မတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုး၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးနှင့် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် လက်တွေ့ဘဝတွင် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနဟု အမည်နာမ မတပ်ထားသော်လည်း ပကတိမြေပြင်အနေအထား လက်တွေ့အခြေအနေတွင် တောင်သူများ၏ အကျိုးစီးပွားကို အဓိကထား၍ အလုံးစုံဘက်စုံ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်ကို ပြည်သူများ သိရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဆို တင်သွင်းသကဲ့သို့ တောင်သူလယ်သမားရေးရာဝန်ကြီးဌာနတစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းမည်ဆိုပါက လက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုအပိုင်း၊ မလိုလားအပ်သော အကန့်အသတ်အချို့များ ကြုံတွေ့လာနိုင်ကြောင်းကို သုံးသပ်ရရှိပါကြောင်း။

ဝန်ကြီးဌာနတစ်ခု အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းမှုသည် လိုအပ်မည့် လူ့စွမ်းအား အရင်းအမြစ်အပိုင်း၊ ဘဏ္ဍာငွေကြေးအပိုင်း အစရှိသည့် ရုပ်ဝတ္ထုအခြေခံများနှင့် အရင်းအမြစ်များ တောင့်တင်းခိုင်မာရန်အတွက် ထည့်သွင်းစဉ်းစားချင့်ချိန်ရမည့်အပိုင်းများ ရှိပါကြောင်း၊ ထို့ပြင် တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေပေါ်ပေါက်စေရေးကို ဆောင်ရွက်လျက်ရှိသည့်အတွက်ကြောင့် လည်းကောင်း၊ လက်ရှိ နိုင်ငံတော်၏ မူဝါဒအရ ဝန်ကြီးဌာနများ ကျစ်လျစ်စွာ ဖွဲ့စည်းဆောင်ရွက်နေမှုကြောင့် လည်းကောင်း၊ ပြည်ထောင်စုအဆင့်တွင်

*စာမျက်နှာ ၇ သို့*

# မွန်ပြည်နယ် ရေးမြို့နယ် သောင်ပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ် ကျောင်းအဆင့် တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် စိစစ်ဆောင်ရွက်ပေးမည်


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်သန်း


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း


တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း


ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ

**နေပြည်တော် နိုဝင်ဘာ ၇**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မင်းပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားချက်များအား ဆောင်ရွက်ပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် ကျောက်ဖြူမြို့နယ်၊ မင်းပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ (၁၂၀x၃၀) RCC နှစ်ထပ်ဆောင်အသစ် ဆောက်လုပ်ရန် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ၏ **မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သောင်ပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက သောင်ပြင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းအဆင့်သင်ကျောင်းသား ကျောင်းသူ ၂၂၃ ဦး ရှိပါကြောင်း၊ လက်ရှိကျောင်းအဆင့်သက်တမ်းမှာ ခုနစ်နှစ် ရှိပါကြောင်း၊ အနီးဆုံး လမိုင်းအခြေခံပညာအထက်တန်းကျောင်းနှင့် လေးမိုင်ခန့် ကွာဝေးသော်လည်း လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ၏ ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် စိစစ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများသည် ပန်းချီ၊ ဂီတ၊ ကာယပညာရပ်များကို ကလေးများ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်သင်ကြားလျက်ရှိ

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **အခြေခံပညာသင်ရိုးညွှန်းတမ်းအသစ်တွင် ပါရှိသော ပန်းချီ၊ ဂီတ၊ ကာယ ဘာသာရပ်များကို အလေးအနက်ထား၍ ထိရောက်စွာ သင်ကြားနိုင်ရန် ဆရာ ဆရာမများအား မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများသည် ပန်းချီ၊ ဂီတ၊ ကာယပညာရပ်များကို ကလေးများ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်သင်ကြားလျက်ရှိပါကြောင်းနှင့် ဆက်လက်၍ ပန်းချီ၊ ဂီတ၊ ကာယဆိုင်ရာဘွဲ့ရရှိသူများကို ဘတ်ဂျက်ခွင့်ပြုနိုင်သည့် ဦးရေအရ ယှဉ်ပြိုင်ရွေးချယ်ခန့်ထားရေးနှင့် ခန့်ထားပြီး ဆရာ ဆရာမများကို သင်တန်းဆက်လက်ပေးပြီး စွမ်းရည်မြှင့်တင်ရေးများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၏ **၂၀၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့်သာ လုပ်ဆောင်ရမည်ဖြစ်သော်လည်း လက်ရှိမြေပြင်တွင် ဌာနမှ လုပ်ကွက်တိုင်းတာခြင်း၊ လုပ်ကွက်အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းများ ပြုလုပ်နေသည်မှာ ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်း ဟုတ်/ မဟုတ် သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေရေးဆွဲနေချိန်တွင် မူလရတနာ နယ်မြေများအတွင်း သက်ဆိုင်ရာဌာနအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့က ကွင်းဆင်းတိုင်းတာပြီး ပြည်ထောင်စုဝန်ကြီးဌာနက သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ ကျောက်မျက်ရတနာ လုပ်ကွက် အမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ပြုမည့် ဧရိယာများကို သတ်မှတ်ခြင်းသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် ကိုက်ညီပါကြောင်းနှင့် ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုများ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ခြင်းသာ ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဟိန္ဒားသတ္တုတွင်း၏ သတ္တုဖြစ်ထွန်းမှု လက်ကျန်ကို စိစစ်ဆောင်ရွက်လျက်ရှိ

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **တနင်္သာရီတိုင်းဒေသကြီးရှိ ဟိန္ဒားသတ္တုတွင်းအား သတ္တုလက်ကျန် ပြန်လည်စိစစ်ရန် အစီအစဉ် ရှိ/မရှိနှင့် သတ္တုရှာဖွေ စမ်းသပ်ထုတ်လုပ်ရန် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအား Expression of Interest (EOI) ခေါ်ယူရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ က လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ ဟိန္ဒားသတ္တုတွင်း၏ သတ္တုဖြစ်ထွန်းမှုလက်ကျန်ကို စိစစ်ဆောင်ရွက်လျက်ရှိနေပါသဖြင့် ဟိန္ဒားသတ္တုတွင်းကို စိတ်ဝင်စားသည့် လုပ်ငန်းရှင်များအား Expression of Interest (EOI) အသစ်ထပ်မံခေါ်ယူရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

## မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်**က ပုဒ်မ ၂ (ခ)တွင် ပါဝင်သော ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းဆိုသည့် စကားရပ်တွင် တူးဖော်ထုတ်လုပ်ဆိုသည်ကို ပယ်ဖျက်လိုပါကြောင်း၊ အဆိုပါပုဒ်မတွင် ဖြည့်စွက်လိုသည်မှာ **ဤစကားရပ်တွင် သတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ကြိုချက်ချွတ်စင်ခြင်း၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဒီဇိုင်းရေးဆွဲခြင်း၊ ရှေ့ပြေးစက်ရုံဖြင့် စမ်းသပ်ခြင်း၊ လည်ပတ်ထုတ်လုပ်ခြင်းစသည့် သတ္တုတူးဖော်ခြင်းဆိုင်ရာလုပ်ငန်းများ ပါဝင်ခြင်းမရှိစေရ** ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး**က အခန်း(၁) အပိုဒ်(၁)တွင် ဤဥပဒေကို မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဟု ခေါ်တွင်စေရမည် ဆိုသည့်အစား ဤဥပဒေကို မြန်မာနိုင်ငံဘူမိဗေဒပညာရှင်များ ကောင်စီဟု ခေါ်တွင်စေရမည်ဟု အစားထိုးပြင်ဆင်သတ်မှတ်လိုပါကြောင်း၊ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် စစ်မှန်သည့် ဘူမိသိပ္ပံပညာရှင်များ လုံလောက်စွာမရှိသေးသည့် လက်ရှိ နိုင်ငံ့အနေအထားအရ ဘူမိဗေဒပညာရှင်အများစုဖြင့်သာ ဖွဲ့စည်းသွားမည့် ယခုကောင်စီကို ဘူမိဗေဒပညာရှင်များကောင်စီဟုသာ ခေါ်ဆိုသတ်မှတ်သင့်ပါကြောင်း၊ ထို့ပြင် အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲငယ်(ဂ)တွင် ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်ဟုအစား ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟု အစားထိုးပြင်ဆင်သတ်မှတ်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ဦးစခင်ဇော်လင်းက **မြန်မာနိုင်ငံတွင် တစ်စတစ်စ ပြုန်းတီးလျက်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင်တောများ အပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန်စိုပြည်လာစေရေးနှင့် သစ်ပင်သစ်တောများကို အခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် World Bank, ADB, WWF စသည့်နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာကူညီထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity) လုပ်ငန်းစဉ်များ (Functions) နှင့် ကျင့်ဝတ်သိက္ခာ (Ethics) များ ပိုမိုအဆင့်အတန်းမြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံးပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီလက်နက်ကိရိယာ (Facilities and equipments) များကို စနစ်တကျတပ်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** တင်သွင်းရာတွင် သစ်ပင်သစ်တောသည် နောင်လာနောက်သားများအတွက် အဖိုးတန် အကျိုးပြုအရင်းအမြစ်ဖြစ်သည့်အတွက် ရေရှည်ရှင်သန်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ ယခုအချိန်အခါမှ စ၍ ပြန်လည်ထိန်းသိမ်းရန်နှင့် စနစ်တကျထုတ်ယူသုံးစွဲရန် အရေးတကြီးလိုအပ်နေပြီ ဖြစ်ပါကြောင်း၊ ယနေ့ မျက်မှောက်ခေတ်တွင် သစ်တောပြုန်းတီးခြင်း၏ ဆိုးကျိုးများအဖြစ် ရေကြီးရေလျှံမှုများ၊ ငလျင်လှုပ်မှုများ၊ ရာသီဥတုပြောင်းလဲဆိုးရွားလာမှုများ၊ မိုးခေါင်ရေရှားမှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ပျက်စီးမှုများ၊ လူသားများ စားဝတ်နေရေးနိမ့်ကျမှုများ စသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားနေရဆဲ ဖြစ်ပါကြောင်း။

## သစ်ပင်သစ်တောပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် သစ်တောဝန်ထမ်းများအား အားပေးကူညီ ပြုစုပျိုးထောင်ရေးသည် အရေးတကြီးလိုအပ်နေ

ထို့ပြင် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင်လည်း အပူချိန်အလွန်အမင်း တိုးမြင့်လာခြင်းကို မိမိတို့ ခံစားနေရခြင်းသည်လည်း သစ်ပင်သစ်တောများ လုံလုံလောက်လောက် မရှိခြင်းကြောင့် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တောပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် သစ်တောဝန်ထမ်းများအား အားပေးကူညီ ပြုစုပျိုးထောင်ရေးသည် အရေးတကြီးလိုအပ်နေသည့် ကိစ္စရပ်တစ်ခုဖြစ်သည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် **စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း**က သစ်တောသစ်ပင်များ ပြန်လည်ရှင်သန်လာစေရန်၊ သစ်တောသယံဇာတများကို ရေရှည်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် သစ်တောဝန်ထမ်းများ၏ အရည်အသွေးမြင့်မားလာစေရန်တို့အတွက် ရည်ရွယ်တိုက်တွန်းထားသော အဆိုဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ ဂျိုင်းလော**

*စာမျက်နှာ ၆ မှ*
သီးခြားဝန်ကြီးဌာနတစ်ခုအနေဖြင့် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနအဖြစ် ထပ်မံတိုးချဲ့ဖွဲ့စည်းရန် လိုအပ်မှုအခြေအနေမရှိသည့် အတွက် အဆိုအား အတည်မပြုသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၂၇ မဲ၊ ကန့်ကွက်မဲ ၂၂၁ မဲ၊ ကြားနေမဲ ၇ မဲဖြစ်၍ ကန့်ကွက်မဲများသဖြင့် အဆိုအား အတည်မပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် နိုဝင်ဘာ ၇**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပျော်ဘွယ်(စိုက်ပျိုးရေး)တွင် ၃ ဒသမ ၅၄ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၀၅ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၂၇ လက်မနှင့် ရေးမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံများဖြစ်ပြီး သမိုင်းကြောင်းတစ်လျှောက် ချစ်ကြည်ရေး ကောင်းမွန်ခဲ့သည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အတွက် တရုတ်နိုင်ငံက အလှူငွေများနှင့် အခြားလိုအပ်သည်များ လှူဒါန်း ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မည်သည့်နိုင်ငံမဆို မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံစနစ်မျိုးကိုသာ ကျင့်သုံးသင့်သည့် အခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်က စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တိုက်ပွဲ များ မဖြစ်ပွားသည့်ဒေသများတွင် အေးချမ်းတည်ငြိမ်မှုရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်း များ တိုးတက်လုပ်ဆောင်လာနိုင်သည့် အခြေအနေများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများအား ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး (၅၆/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်း ရေးမှူး ဦးဌေးဝင်းအောင် (ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေး ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# မြန်မာ-ဂျပန် အတူတကွပူးပေါင်းဆောင်ရွက်မှု ပဏာမခြေလှမ်း ဖြစ်ပေါ်တိုးတက်မှု(အဆင့်-၂)သတ္တမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာ-ဂျပန် အတူတကွပူးပေါင်းဆောင်ရွက်မှုပဏာမခြေလှမ်း ဖြစ်ပေါ် တိုးတက်မှု(အဆင့်-၂)သတ္တမအကြိမ် အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ (ယာပုံ)



အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီး Mr. Ichiro Maruyama ၊ သက်ဆိုင်ရာဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ဂျပန်သံရုံး၊ ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (မြန်မာ)(JCCM)၊ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်မှုအဖွဲ့ (JETRO) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဂျပန်ဘက်မှ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ သည့် ဂျပန်ကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံလာစေရေးနှင့် ရင်းနှီးမြှုပ်နှံရာတွင် လွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ဖြေလျှော့ပေးမှုများနှင့် စီစဉ်ဆောင်ရွက်ပေးမှုများကို အသိအမှတ်ပြုပါကြောင်းနှင့် မြန်မာဘက်မှ လည်း ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (မြန်မာ) (JCCM)မှ တင်ပြလာသည့် ကိစ္စရပ်များအပေါ် ဆောင်ရွက်ထား ရှိမှုနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့ ကြသည်။

သတင်းစဉ်

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။

မိုး/ဇလ

# အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင်( ၂၀၁၉ ) ပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၉) ပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့်အညီ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် တစ်နှစ်နီးပါးရှိခဲ့ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း “ဗဟိုအစိုးရအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ခုဖြစ်လာရန် ဖော်ဆောင်ရာတွင်” မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ – ၂၀၃၀) ( Myanmar Sustainable Development Plan – MSDP)” မှ “ဘက်စုံပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခုအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း”ကို လမ်းညွှန်ထားရှိပြီး ယခုမိတ်ဆက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြုပြင်ပြောင်းလဲရေးမူဘောင်ပါလုပ်ငန်းစဉ်များသည်လည်း ယင်း MSDP စီမံကိန်းကို ချိတ်ဆက်ပြုစုရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးမူဘောင်(၂၀၁၉) ပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးစဉ်။ သတင်းစဉ်

### တာဝန်ယူဆောင်ရွက်နေ

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရာတွင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ မြေအသုံးချမှုစသည့် ကဏ္ဍအလိုက် MSDP စီမံကိန်းနှင့်ချိတ်ဆက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ ဥပမာ Land and Property Bank (မြေနှင့်အဆောက်အအုံသတင်းအချက်အလက်စနစ်) တည်ဆောက်သည့်နေရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသကဲ့သို့ အမျိုးသားမြေအသုံးချမှုကောင်စီ၏ ကြီးကြပ်မှုနှင့် One Map Myanmar (မြန်မာအမျိုးသားမြေပုံစနစ်)ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ MSDP စီမံကိန်းအောက်တွင်မတူညီသည့် ကဏ္ဍအသီးသီးကို သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထောက်ကူနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ INGO အဖွဲ့အစည်းဖြစ်သည့် Myanmar Information Management Unit ( MIMU )၊ One Map Myanmar အဖွဲ့များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအကြား ပူးပေါင်းဆောင်ရွက်နေကြသည့် NCS (National Coding System ) ဆိုသည်မှာ မိမိတို့နိုင်ငံ၏တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ အမည်၊ နေရာများကို Code နံပါတ်အသီးသီးနှင့် စနစ်တကျ ရည်ညွှန်းအသုံးပြုနိုင်ရန် မှတ်တမ်းထားမည့် စနစ်ဖြစ်ပါကြောင်း။

NCS စနစ်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် One Map Myanmar စီမံကိန်းကို ချိတ်ဆက်ပေးနိုင်မည်ဖြစ်ပြီး One Map Myanmar စီမံကိန်းသည်လည်း Land and Property Bank စနစ်ကို ချိတ်ဆက်အထောက်အကူပြုပေးနိုင်မည်ဖြစ်ပါကြောင်း။

### များစွာအထောက်အကူပြုမည်ဖြစ်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် Land and Property Bank စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက Ease of Doing Business Ranking အဆင့်များ တိုးတက်လာမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာရေး၊ စီးပွားရေးတိုးတက်ရေးတို့ကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင်ကို MSDP စီမံကိန်းနှင့် ချိတ်ဆက်ရေးဆွဲထားခြင်းဖြစ်ပြီး ယင်းမူဘောင်တွင် အဓိက အပိုင်း (၂)ပိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ရမည့်အပိုင်း(နယ်ပယ် ၁ မှ ၄ အထိ)နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ပါဝင်မှုဖြင့် ဆောင်ရွက်ရမည့်အပိုင်း (နယ်ပယ် ၅ နှင့် ၆ )တို့ ပါရှိပါကြောင်း။

အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင်ကို ရေးဆွဲခဲ့ရာတွင် အဓိကထားသည့် အချက်တစ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန် (Teamwork is key to success) ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ လိုလားချက်များကို ဦးတည်ရေးဆွဲခဲ့ခြင်းမဟုတ်ဘဲ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများကို ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန်အတွက်လည်း ရည်မှန်းရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း။

### နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်

ထို့ပြင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း ၂၀၂၀ ပြည့်ခုနှစ်တွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန်၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်အတွက် ရွေးကောက်ပွဲကော်မရှင်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး အခြေခံမဲစာရင်းကောက်ယူနိုင်ရေးအတွက် အဓိကကျသည့် လူဦးရေစာရင်းကို ၂၀၁၉ ခုနှစ် ဇွန်လမှ စက်တင်ဘာလအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ၁၀၀ ရာခိုင်နှုန်းကောက်ယူပြီးစီးခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို လွှဲပြောင်းပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် ပြည်သူနှင့်အတူ(Together with the People) ဆိုသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင်ပါ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် မြို့နယ်အလိုက် ပြည်သူကိုဗဟိုပြုဆောင်ရွက်မည့် Town Hall Meeting များ ပြုလုပ်ရာတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၏ ကြီးကြပ်ပါဝင်မှုများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင် ( ၂၀၁၉ ) ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ပါဝင်မှုနှင့် ဆောင်ရွက်ရမည့် နယ်ပယ် ၅ နှင့် နယ်ပယ် ၆ ပါ လုပ်ငန်းစဉ်များကို သာမက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ရမည့် နယ်ပယ် ၁ မှ ၄ အထိ လုပ်ငန်းစဉ်များကိုပါ ဝန်ကြီးချုပ်များအနေဖြင့် လိုအပ်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပေးရန်နှင့် အကြံပြုပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အချို့သော တိုင်းဒေသကြီး/ ပြည်နယ်များတွင် စတင်ဆောင်ရွက်နေပြီဖြစ်သည့် One State One Township Project စီမံကိန်းများ အောင်မြင်နေသည်ကို ကြားသိရ၍ များစွာဝမ်းမြောက်မိပါကြောင်း၊ ကျန်ရှိသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း One State One Township Project စီမံကိန်းများနှင့် မြို့နယ်အလိုက် Town Hall Meeting များ အောင်မြင်စွာ ပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများအနေဖြင့် ပါဝင်ကြီးကြပ်ပေးနိုင်ရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၉) ပါ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် One Map Myanmar မှ GIS Programme Manager ဦးကျော်နိုင်ဝင်းက National Coding System Database (NCS) နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ဝိုင်းဝန်းအကြံပြုဆွေးနွေးကြ

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးမူဘောင် (၂၀၁၉) ပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ပေါင်းစပ်ညှိနှိုင်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များဖြစ်ကြသည့် ဒေါက်တာခက်အောင်၊ ဦးအယ်လ်ဖောင်းရှို၊ ဦးဆလိုင်းလျန်လွယ်၊ ဒေါက်တာမြင့်နိုင်၊ ဦးမြင့်မောင်၊ ဦးဝင်းသိန်း၊ ဒေါက်တာအောင်မိုးညို၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်း၊ ဒေါက်တာလင်းထွဋ်နှင့် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ ကရင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မွန်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကြည်မင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်ရှီး(Shaanxi) ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေး



ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်ရှီးပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်ရှီး (Shaanxi) ပြည်နယ်ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Fang Guang Hua နှင့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံရှိ တရုတ်သံရုံးမှ ပုဂ္ဂိုလ်များ၊ သဗ္ဗညုဘုရား ဘုရားပြုပြင်ထိန်းသိမ်းရာတွင် တာဝန်ရှိသည့် တရုတ်နိုင်ငံ အင်ဂျင်နီယာများနှင့် ပညာရှင်အဖွဲ့တို့အား နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ တရုတ်ပညာရှင်များအတွက် လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးရန် ကိစ္စရပ်များနှင့် မြန်မာ–တရုတ်နှစ်နိုင်ငံအကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာတစ်ဝန်း ရေအရင်းအမြစ်ရှားပါးမှု ဖိအားများကို အလေးဂရုပြုကြစို့

**ကောင်းမွန်**

ယခုရက်ပိုင်း သတင်းများတွင် ကမ္ဘာ့နိုင်ငံအများအပြား၌ ရေအရင်းအမြစ်ရှားပါးမှု ဖိအားများနှင့် ရင်ဆိုင်နေရသည့် သတင်းဆောင်းပါးများကို ဖတ်ရှုမှတ်သားမိသည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံ မှီတင်းနေထိုင်ရာ နိုင်ငံပေါင်း ၁၇ နိုင်ငံမှာ နှစ်စဉ် ၎င်းတို့သုံးစွဲနိုင်သည့် ရေအရင်းအမြစ်၏ ၈၀ ရာခိုင်နှုန်းကို အသုံးပြုနေခြင်းကြောင့် ရေရှားပါးမှု ဖိအားနှင့် ကြုံတွေ့နေရကြောင်း ဖတ်ရှုလိုက်ရသည်။ တစ်ချိန်တည်းတွင် မြေအောက်ရေ ထုတ်ယူသုံးစွဲမှု မြင့်မားလာခြင်းနှင့်အတူ မြို့ကြီးများ၏ မျက်နှာပြင် နိမ့်ကျလာမှု၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုရှိ ဟူစတန်၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုနှင့် မြေအောက်ရေထုတ်ယူမှုများကြောင့် ဟူစတန်မြို့၏ မြေမျက်နှာပြင် တဖြည်းဖြည်းနိမ့်ကျလျက်ရှိသည့်သတင်း၊ အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက မြို့တော်ကို ဂျကာတာမှ ဘော်နီယိုကျွန်းရှိ ကာလီမန်တန်အရှေ့ပိုင်းသို့ ရွှေ့ပြောင်းရန် ကြေညာခဲ့ရာ ဂျကာတာမြို့တော်နှင့် ယင်း၏ မဟာစည်ပင်သာယာရေးနယ်မြေအတွင်း မှီတင်းနေထိုင်ကြသည့် လူပေါင်း သန်း ၃၀ တို့ အတွက် ရေပေးဝေမှု၊ ရေအရင်းအမြစ် ထုတ်ယူသုံးစွဲမှုဆိုင်ရာ စိန်ခေါ်မှုမှာ မြို့တော်ကိုရွှေ့ပြောင်းသွားပြီး နောက်ပိုင်းတွင်လည်း ဆက်လက်ရင်ဆိုင်ရမည့် ပြဿနာတစ်ခုဖြစ်ကြောင်း သုံးသပ်မှုသတင်းများကို မှတ်သားမိပါသည်။ ယင်းသတင်းများနှင့် ဆက်စပ်ပြီး ဝါရှင်တန်ဒီစီအခြေစိုက် ကမ္ဘာ့အရင်းအမြစ်များလေ့လာမှုဌာန(World Resources Institute-WRI) ၏ အချက်အလက်များအရ ကမ္ဘာ့နိုင်ငံ အများအပြားအနေဖြင့် ရေအရင်းအမြစ် ရှားပါးမှုနှင့် ပတ်သက်ပြီး စိုးရိမ်ရသည့် ဖိအားအမျိုးမျိုးနှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည့် သတင်းဆောင်းပါးတစ်ပုဒ်ကို လေ့လာမှတ်သားနိုင်ကြဖို့ တင်ဆက်လိုက်ရပါသည်။

### ရေအရင်းအမြစ်ဆိုင်ရာ ပဋိပက္ခများကို နေရာအနှံ့၌ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရခြင်း

၁၉၆၀ ပြည့်နှစ်များကတည်းကစ၍ ရေအရင်းအမြစ် ထုတ်ယူသုံးစွဲမှု တိုးမြင့်လာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်း ရေအရင်းအမြစ် ဆုတ်ယုတ်မှုသည် ယခင်ထက် နှစ်ဆကျော်လာခဲ့ကြောင်း တွေ့ရှိရသည်။ တစ်ချိန်က မထင်မှတ်ထားသည့် ရေအရင်းအမြစ်ဆိုင်ရာ ပဋိပက္ခများသည် နေရာအနှံ့၌ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည့် ကိစ္စရပ်များ ဖြစ်လာသည်။

အိန္ဒိယနိုင်ငံ၏ ဆဋ္ဌမမြောက် အကြီးမားဆုံးမြို့ဖြစ်သည့် ချင်နိုင်းမြို့ရှိ ရေကာတာများသည် ယနေ့အခါ ခန်းခြောက်လုနီးပါး ဖြစ်နေသည်။ ယမန်နှစ်အတွင်း တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့မှ ဒေသခံများသည် ရေသုံးစွဲမှုကို လုံးဝရပ်ဆိုင်းသည့် "Day Zero" အစီအစဉ်ကို ကျင့်သုံးရလုနီးပါး ဖြစ်ခဲ့သည်။ အလားတူ ယမန်နှစ်က အီတလီနိုင်ငံ ရောမမြို့၌ ရေကို ရာရှင်စနစ်ဖြင့် ဖြန့်ချိ၍ ရေအရင်းအမြစ်များကို ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ရသည်။ ယခုအကျပ်အတည်းများ၏ အကြောင်းအရင်းမှာ ရေခန်းခြောက်မှုထက် ပိုမိုဆိုးရွားသည်။ ရေအရင်းအမြစ် ထုတ်ယူသုံးစွဲမှု ပုံစံသစ်များကြောင့် ကမ္ဘာတစ်ဝန်း ရေအရင်းအမြစ်များ လျော့နည်းလာမှုသည် ၁၉၆၀ ပြည့်နှစ်ကာလများထက် နှစ်ဆပိုမိုမြင့်မားလာခဲ့ကြောင်း၊ ယင်းလက္ခဏာမှာ ကျဆင်းသွားမည့်အနေအထားမရှိကြောင်း ကမ္ဘာ့အရင်းအမြစ်များ လေ့လာမှုဌာန(WRI) ၏ အချက်အလက်များက ဖော်ပြထားသည်။

WRI ဌာန၏ အချက်အလက်သစ်များအရ ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံ မှီတင်းနေထိုင်သည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှာ ရေအရင်းအမြစ်နှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ရသည့် အနေအထားနှင့် ရင်ဆိုင်နေကြရကြောင်း၊ နှစ်စဉ်နှင့်အမျှ ရေသွယ်စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ စည်ပင်သာယာရေးနယ်မြေများ၌ ရရှိနိုင်သည့် ရေအရင်းအမြစ်၏ ၈၀ ရာခိုင်နှုန်းကျော်ကို ထုတ်ယူသုံးစွဲလျက်ရှိကြောင်း တွေ့ရှိရသည်။ ထို့အတူ ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံ မှီတင်းနေထိုင်သည့် နိုင်ငံပေါင်း ၄၄ နိုင်ငံမှာ ရေအရင်းအမြစ် ရှားပါးမှုနှင့် ပတ်သက်၍ မြင့်မားစွာစိုးရိမ်ရသည့် အနေအထားနှင့် ရင်ဆိုင်နေကြရသည်။

ရေအရင်းအမြစ် လိုအပ်မှုနှင့် ထုတ်ယူသုံးစွဲမှုတို့အကြား ကွာခြားမှု မရှိသလောက် နည်းပါးလာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံအများအပြားမှာ မိုးခေါင်ခြင်း၊ မြေအောက်ရေအရင်းအမြစ်များ လျင်မြန်စွာလျော့နည်းလာခြင်း စသည့်မတည်ငြိမ်မှုများနှင့် ကြုံတွေ့နေရသလို ရေသုံးစွဲမှုကို လုံးဝရပ်ဆိုင်းရသည့် “Day Zero” အစီအစဉ် ကျင့်သုံးရေးနှင့် အခြားသော အကျပ်အတည်းများနှင့် ရင်ဆိုင်ရသည့် လူ့အဖွဲ့အစည်းများလည်း ပိုမိုများပြားလာသည်။

### ရေအရင်းအမြစ်ရှားပါးမှု ဖိအားက ဝဲဂယက်ကဲ့သို့ အကျိုးသက်ရောက်စေခြင်း

ရေအရင်းအမြစ်ရှားပါးမှု ဖိအားက လူတို့၏ နေထိုင်မှုဘဝနှင့် စီးပွားရေးလုပ်ငန်းများ၏ တည်ငြိမ်မှုတို့အပေါ် ဆိုးရွားသည့် ခြိမ်းခြောက်မှုများကို ဖြစ်စေသည်။ သက်ဆိုင်ရာနိုင်ငံများအနေဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်မှုများမပြုပါက ပိုမိုဆိုးရွားသည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ လူဦးရေ တိုးတက်မှုနှုန်း၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြဖွံ့ဖြိုးရေးတို့က ရေအရင်းအမြစ်လိုအပ်မှုကို ပိုမိုမြင့်မားစေပြီး ရာသီဥတုပြောင်းလဲမှုကလည်း မိုးရွာသွန်းမှုပုံစံနှင့် လိုအပ်ချက်တို့ကို ပိုမိုပြောင်းလဲစေသည်။ ကမ္ဘာတစ်ဝန်း ယင်းကဲ့သို့ အကျိုးသက်ရောက်မှုများ ဖြည်းဖြည်းချင်းဖြစ်ပေါ်နေသည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။

### ရေအရင်းအမြစ် အလွန်အမင်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတိုက်မှ နိုင်ငံများ

ရေအရင်းအမြစ် အလွန်အမင်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံ ၁၇ နိုင်ငံအနက် ၁၂ နိုင်ငံသည် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတိုက်၌ တည်ရှိကြသည်။ ယင်းဒေသများမှာ အလွန်အမင်းခြောက်သွေ့ပြီး ရေအရင်းအမြစ်လည်း နည်းပါးလှသည့်အပြင် ရေထုတ်ယူသုံးစွဲမှု မြင့်မားလွန်းသဖြင့် ရေအရင်းအမြစ် လွန်စွာရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည်။ ရာသီဥတုပြောင်းလဲမှုကလည်း ခက်ခဲနေသည့် အခြေအနေကို ပိုမို ရှုပ်ထွေးစေသည်။ ကမ္ဘာ့ဘဏ်၏ လေ့လာမှုတစ်ရပ်အရ ရာသီဥတုနှင့် ဆက်နွှယ်၍ ရေအရင်းအမြစ်ရှားပါးမှုကြောင့် ယင်းဒေသများရှိ နိုင်ငံများအနေဖြင့် ၂၀၅၀ ပြည့်နှစ်အချိန်တွင် ဂျီဒီပီ၏ ၆ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ ဆုံးရှုံးရဖွယ်ရှိကြောင်း တွေ့ရှိရသည်။

အခြားတစ်ဖက်တွင်လည်း အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတိုက်၌ ရေအရင်းအမြစ် လုံခြုံမှုကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများ ရှိနေကြောင်း၊ ယင်းဒေသရှိ မြေအောက်ရေ၏ ၈၂ ရာခိုင်နှုန်းမှာ ပြန်လည်အသုံးပြုရခြင်း မရှိသေးကြောင်း၊ သို့ဖြစ်၍ အဆိုပါ အရင်းအမြစ်တို့ကို ထုတ်ယူသုံးစွဲနိုင်မည်ဆိုပါက သန့်ရှင်းသည့် ရေအရင်းအမြစ်သစ်များ ဖြစ်လာနိုင်ကြောင်း သုံးသပ်ကြသည်။ ရေဆိုးနှင့် သုံးစွဲပြီးရေတို့ကို ပြန်လည်အသုံးပြုနိုင်ရန် သန့်စင်မှုကဏ္ဍ၌ ဦးဆောင်နေသည့် နိုင်ငံအရေအတွက်မှာလည်း တိုးတက်လာလျက်ရှိသည်။ ရေအရင်းအမြစ် မြင့်မားစွာရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရ သည့် နိုင်ငံများအနက် အမှတ်စဉ်(၁၆)ရှိ အိုမန်နိုင်ငံအနေဖြင့် အသုံးပြုပြီး ပြန်လည်စုဆောင်းရရှိသည့်ရေကို ရာခိုင်နှုန်းပြည့် ပြန်လည်သန့်စင်ပြီး ၇၈ ရာခိုင်နှုန်းကို ပြန်လည်အသုံးပြုလျက်ရှိသည်။ ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ ပါဝင်ကြသည့် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြန်လည်စုဆောင်းရရှိသည့် ရေဆိုး၏ ၈၄ ရာခိုင်နှုန်းကို လုံခြုံစိတ်ချရသည့်အဆင့်သို့ ရောက်ရှိသည့်တိုင် ပြန်လည်သန့်စင်လျက်ရှိကြသည်။ သို့ရာတွင် ယင်းတို့အနက် ၄၄ ရာခိုင်နှုန်းကိုသာ ပြန်လည်အသုံးချလျက်ရှိကြောင်းလည်း သိရှိရသည်။

### အိန္ဒိယနိုင်ငံအနေဖြင့် ရေနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို သိသာစွာ ရင်ဆိုင်နေရခြင်း

အိန္ဒိယနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့် ရေနှင့်ပတ်သက်သည့် စိန်ခေါ်မှုများမှာ ချင်နိုင်းမြို့၌ လက်ရှိကြုံတွေ့နေရသည့် ဖြစ်ရပ်များထက် ကျော်လွန်သည်။ ယမန်နှစ်က အိန္ဒိယအစိုးရ၏ သုတေသနဌာနတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဖွဲ့အစည်းက နိုင်ငံအနေဖြင့် သမိုင်းကြောင်းတစ်လျှောက် အဆိုးရွားဆုံးသော ရေအရင်းအမြစ်ရှားပါးမှုနှင့် ရင်ဆိုင်နေရကြောင်း၊ သန်းနှင့်ချီသည့် ပြည်သူတို့၏ လူနေမှုဘဝမှာ ခြိမ်းခြောက်ခံနေရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့အရင်းအမြစ်များ လေ့လာမှုဌာန(WRI)အောက်ရှိ Aqueduct ၏ တွေ့ရှိမှုများအရ အိန္ဒိယနိုင်ငံသည် ကမ္ဘာတစ်ဝန်း ရေအရင်းအမြစ် အလွန်အမင်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများအနက် အမှတ်စဉ်(၁၃)၌ ရှိနေပြီး ယင်း၏လူဦးရေမှာ အလားတူရှားပါးမှုဖိအားနှင့် ရင်ဆိုင်နေရသည့် အခြားသော နိုင်ငံပေါင်း ၁၇ နိုင်ငံတို့၏ လူဦးရေ စုစုပေါင်းထက် သုံးဆများပြားကြောင်း တွေ့ရှိရသည်။ Aqueduct ၏ အချက်အလက်အသစ်များ၌ မြေပြင်အထက်နှင့် မြေအောက်ရေတို့နှင့် ပတ်သက်သည့် ဖိအားများကို ဖော်ပြထားသည်။ မြစ်ချောင်းများ၊ ရေကန်များသာမက အိန္ဒိယနိုင်ငံ၏ မြေအောက်ရေ အရင်းအမြစ်များကို အလွန်အကျွံထုတ်ယူခဲ့ရာ အများစုကို ဆည်မြောင်းများအတွက် သုံးစွဲခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ် ကာလအတွင်း နိုင်ငံမြောက်ပိုင်းရှိ ရေအရင်းအမြစ်တချို့မှာ တစ်နှစ်လျှင် ၈ စင်တီမီတာနှုန်းဖြင့် လျော့ကျခဲ့ကြောင်းလည်း လေ့လာတွေ့ရှိရသည်။

ရေအရင်းအမြစ်ရှားပါးမှု ဖိအားကို လျော့ကျစေရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် အရေးပါသည့် ဆောင်ရွက်ချက်တချို့ကို လုပ်ဆောင်ခဲ့ရာ ၂၀၁၉ ခုနှစ် မေလအတွင်း ရေအရင်းအမြစ်၊ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂင်္ဂါမြစ်ကို ပြန်လည်အားသစ်လောင်းရေး ဝန်ကြီးဌာနနှင့် သောက်သုံးရေနှင့် ရေဆိုးသန့်ရှင်းရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဝန်ကြီးဌာန အသစ်တစ်ခု ဖွဲ့စည်းခဲ့သည်။ ဂင်္ဂါမြစ် သန့်စင်ရေးသာမက ရေဖြန့်ဝေရေး၊ သောက်သုံးရေနှင့် ရေဆိုးစသည့် ရေနှင့်သက်ဆိုင်သည့် ကိစ္စရပ်အားလုံးကို အမျိုးသားအစိုးရ၏ တစ်ခုတည်းသော ကွပ်ကဲမှုအောက် ထားရှိ၍ အလေးပေး ဆောင်ရွက်သွားရန် ရည်ရွယ်ခဲ့သည်။ အခြားသောနည်းလမ်းများအနက် ပိုမိုထိရောက်သော ဆည်မြောင်းစနစ်၊ ရေလွှမ်းနယ်မြေများ၊ မြေအောက်ရေ ပြန်လည်ဖြည့်တင်းရေးနယ်မြေများ၊ ရေကန်များကို ထိန်းသိမ်းခြင်းနှင့်ပြန်လည်မွမ်းမံခြင်း၊ မိုးရေကို စုဆောင်းခြင်းနှင့် သိုလှောင်ခြင်းတို့ ပါဝင်ကြသည်။

### ရေအရင်းအမြစ် အနည်းအကျဉ်း ရှားပါးသည့် နိုင်ငံများမှ အလွန်အမင်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်ရသည့် နယ်မြေများ

တိုင်းပြည်၏ မူဝါဒချမှတ်သူများအနေဖြင့် ရေအရင်းအမြစ် ရှားပါးမှုကို နိုင်ငံတော်အဆင့်ဖြင့် နားလည် ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးသော်လည်း ရေနှင့်သက်ဆိုင်သည့် ကိစ္စရပ်များမှာ သက်ဆိုင်ရာ ဒေသနယ်မြေများနှင့် ပိုမိုသက်ဆိုင်သည့် သဘောရှိရာ Aqueduct လေ့လာမှုများကို နိုင်ငံအလိုက် အဆင့်ပိုင်းခြား သတ်မှတ်ကြသလို ပြည်နယ်ဒေသကြီးများအလိုက်သော်လည်းကောင်း၊ ရေဝေကြောခွဲများအလိုက်သော်လည်းကောင်း အချက်အလက်များ စုဆောင်းထားရှိသည်။ အဆိုပါ လေ့လာမှုများအရ ရေအရင်းအမြစ်အနည်းအကျဉ်းရှားပါးမှု ဖိအားရှိသည့် နိုင်ငံများတွင်လည်း ရေအရင်းအမြစ် အလွန်အမင်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်ရသည့် နယ်မြေများ၊ လူ့အဖွဲ့အစည်းများ ရှိနေတတ်ကြောင်း တွေ့ရှိရသည်။ သာဓကအနေဖြင့် တောင်အာဖရိကနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကမ္ဘာတစ်ဝန်း ရေအရင်းအမြစ်ရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများအနက် အမှတ်စဉ်(၄၈)နှင့် အမှတ်စဉ်(၇၁)တို့၌ ရှိနေကြသော်လည်း ကိပ်တောင်းမြို့ရှိရာ ပြည်နယ်ဒေသနှင့် နယူးမက္ကဆီကိုပြည်နယ်တို့သည် ရေအရင်းအမြစ် အလွန်အမင်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နယ်မြေများဖြစ်ကြပြီး အဆိုပါပြည်နယ်နှစ်ခုရှိ လူဦးရေမှာ ရေအရင်းအမြစ် အလွန်အမင်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံတချို့ရှိ လူဦးရေနှင့် တန်းတူရှိနေကြောင်း တွေ့ရသည်။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ရေအရင်းအမြစ် ရှားပါးမှုဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများအနက် အနည်းအကျဉ်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများစာရင်းတွင်သာ ပါနေသဖြင့် စိတ်သက်သာဖွယ်ရာဖြစ်သော်လည်း ရေအရင်းအမြစ်အလွန်အမင်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်ရသည့်နယ်မြေများ၊ လူ့အဖွဲ့အစည်းများ ရှိနေတတ်ခြင်းကို မမေ့လျော့သင့်သလို ရေအရင်းအမြစ် စီမံခန့်ခွဲမှု၊ ထုတ်ယူသုံးစွဲမှုနှင့် ရေပေးဝေမှုတို့အပေါ် အလေးပေး ဆောင်ရွက်ရန်လည်း သတိချပ်သင့်ပါသည်။

### ရေအရင်းအမြစ်ဆိုင်ရာ ဖိအားမှာ မိမိတို့၏ ကံကြမ္မာမဟုတ်ပေ

ရေအရင်းအမြစ်ဆိုင်ရာ ဖိအားမှာ ရေအရင်းအမြစ်ဆိုင်ရာ လုံခြုံရေးကို တိုင်းတာမှုတစ်ရပ်သာ ဖြစ်သည်။ ယင်းအပေါ် ရပ်တည်ချက်မှာ စီမံခန့်ခွဲမှုအပေါ် မူတည်သည်။ သို့ဖြစ်၍လည်း ရေအရင်းအမြစ် အထိုက်အလျောက် မြင့်မားစွာ ရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများသည်ပင် ရေပေးဝေမှုနှင့်ပတ်သက်၍ ထိရောက်စေရေးအတွက် တိကျမှန်ကန်သော စီမံခန့်ခွဲမှုများကို ကျင့်သုံးလျက်ရှိကြသည်။

ကမ္ဘာ့နိုင်ငံများအနက် ရေအရင်းအမြစ် မြင့်မားစွာရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများအနက် အမှတ်စဉ်(၈)ရှိ ဆော်ဒီအာရေဗျနိုင်ငံသည် ရေအရင်းအမြစ်များ ထိန်းသိမ်းရေးအတွက် စျေးနှုန်းသတ်မှတ်မှုဖြင့် အရေးယူဆောင်ရွက်သည်။ ရေစက်လေးများဟု အမည်ရသည့် အစီအစဉ်အောက်၌ ရေအရင်းအမြစ်များထိန်းသိမ်းရေး ရည်မှန်းချက်များ ချမှတ်ပြီး လာမည့် ဆယ်စုနှစ်အတွင်း ရေသုံးစွဲမှုကို ၄၃ ရာခိုင်နှုန်း လျှော့ချသွားရန် မျှော်မှန်းထားသည်။ ကမ္ဘာပေါ်၌ ခြောက်သွေ့မှုအဖြစ်ဆုံး နိုင်ငံများထဲ၌ ပါဝင်သည့် အမှတ်စဉ်(၃၇)ရှိ နမီးဘီးယားနိုင်ငံအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း ရေဆိုးကို သောက်သုံးရေအဖြစ် ပြန်လည်သန့်စင်ပြီး သုံးစွဲလျက်ရှိသည်။ အမှတ်စဉ်(၅၀)ရှိ ဩစတြေးလျနိုင်ငံ အနေဖြင့် ထောင်စုနှစ် မိုးခေါင်မှုကာလအတွင်း ရေသုံးစွဲမှု လုံးဝရပ်ဆိုင်းရသည့်အခြေအနေမှ ရှောင်လွှဲနိုင်ရေးအတွက် ပြည်တွင်း ရေသုံးစွဲမှုကို ထက်ဝက်နီးပါးမျှ လျှော့ချခဲ့သည်။

### ရေအရင်းအမြစ်ရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများကို အဆင့်သတ်မှတ်ခွဲခြားထားမှု

ရေသည် မိမိတို့လူသားများ သတ်မှတ်ထားသလို နယ်နိမိတ် စည်းမျဉ်းများကို လိုက်နာခြင်းမပြုပေ။ နိုင်ငံအများအပြားကို ဖြတ်သန်းစီးဆင်းသည့် မြစ်ကြီးများကို အလွယ်တကူ တွေ့ရှိနိုင်သလို မြစ်ရေကြီးခြင်း၊ ရေကြီးရေလျှံခြင်းတို့ကလည်း ရံဖန်ရံခါ တချို့သော မြို့ကြီးများအပေါ်သာ အကျိုးသက်ရောက်မှု ရှိတတ်သည်။ သို့ဖြစ်၍ ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်းကို ရေဝေကြောများအပေါ် အခြေခံ၍ အလေးထား စုဆောင်းကြသည်။ သို့ရာတွင် ရေအရင်းအမြစ်နှင့် ဆက်စပ်ဖြစ်ပေါ်လာသည့် ဖိအားများကို ဖြေရှင်းရေးအတွက် ရေထုတ်ယူသုံးစွဲနှုန်းထား

*စာမျက်နှာ ၁၂ သို့*

> **“အိန္ဒိယနိုင်ငံ၏ ဆဋ္ဌမမြောက်အကြီးဆုံးမြို့ဖြစ်သည့် ချင်နိုင်းမြို့ရှိ ရေကာတာများသည် ယနေ့အခါ ခန်းခြောက်လုနီးပါး ဖြစ်နေသည်။ ယမန်နှစ်အတွင်း တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့မှ ဒေသခံများသည် ရေသုံးစွဲမှုကို လုံးဝရပ်ဆိုင်းသည့် “Day Zero” အစီအစဉ်ကို ကျင့်သုံးရလုနီးပါး ဖြစ်ခဲ့သည်။ အလားတူ ယမန်နှစ်က အီတလီနိုင်ငံ ရောမမြို့၌ ရေကို ရာရှင်စနစ်ဖြင့် ဖြန့်ချိ၍ ရေအရင်းအမြစ်များကိုထိန်းသိမ်းရန် ကြိုးပမ်းခဲ့ရသည်။ ယခုအကျပ်အတည်းများ၏ အကြောင်းအရင်းမှာ ရေခန်းခြောက်မှုထက် ပိုမိုဆိုးရွားသည်”**

# ဧရာဝတီစာပေပွဲတော်မှ ကြိုဆိုပါသည်

ဒေါက်တာတင်အောင်ရွှေ(သုတေသီ)

**ပဉ္စမအကြိမ်မြောက် ဧရာဝတီစာပေပွဲတော်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်မှ ၁၁ ရက်နေ့အထိ မန္တလေးတောင်ခြေအနီး မာကျူရာ(Mercure) ဟိုတယ်တွင် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပွဲတော်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာလ ၃၀ ရက်က ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ကျင်းပခဲ့ရာ ပွဲတော်ဖြစ်မြောက်ရေး နာယက ဂုဏ်ထူးဦးသိန်းနိုင်၊ ဥက္ကဋ္ဌ ဦးနေအုပ်(စိန်ပေါလ်)၊ ပြန်ကြားရေးတာဝန်ခံ ဒေါက်တာတင်အောင်ရွှေနှင့် စာရေးဆရာ ကျော်ကျော်လှိုင်တို့က ရှင်းလင်းပြောကြားကြပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြပါသည်။**

### အခမဲ့လေ့လာ ပါဝင်ဆွေးနွေးနိုင်

ဧရာဝတီစာပေပွဲတော်ကို ယခင်နှစ်များက ကျင်းပနေကျအတိုင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ နာမည်ကြီးစာရေးဆရာ၊ စာရေးဆရာမများ တက်ရောက်ကြမည်ဖြစ်ပြီး ဘာသာရပ်အလိုက် စကားဝိုင်းများ၊ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများအား နေ့စဉ် နံနက် ၉ နာရီ မှ ည ၇ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ထို့ပြင် ကာတွန်းဆရာများ၏ ကာတွန်းလက်ရာများပြခန်းနှင့် စာအုပ်အရောင်းဆိုင်များလည်း ဖွင့်လှစ်ပြသရောင်းချသွားမည်ဖြစ်သည်။ အဆိုပါ စာပေပွဲတော်ကို စာပေဝါသနာရှင်များ မည်သူမဆို အခမဲ့တက်ရောက်လေ့လာ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**"ပဉ္စမအကြိမ် ဧရာဝတီစာပေပွဲတော်ကို နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမ ၃၀ ကျော်နှင့် မြန်မာစာရေးဆရာ၊ စာရေးဆရာမ ၁၀၀ ကျော် တက်ရောက်ကြမည်ဖြစ်ပြီး စကားဝိုင်းများတွင် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ မိမိတို့အမြင်နှင့် အတွေးအခေါ်များအား ရင်းနှီးပွင့်လင်းစွာ ထုတ်ဖော်ဆွေးနွေးကြမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများကို ဖိတ်ကြားထားရာ ကျောင်းသား၊ ကျောင်းသူများ စာပေအပေါ် ပိုမိုစိတ်ဝင်စားလာစေရန်နှင့် စာဖတ်ရှိန် မြင့်တက်လာစေရန်အတွက် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆွေးနွေးနိုင်မည့်အစီအစဉ်များကိုလည်း ထည့်သွင်းထား"**

ဧရာဝတီစာပေပွဲတော် ဖြစ်ပေါ်လာပုံကို အကျဉ်းချုံးတင်ပြရလျှင် ၂၀၁၃ ခုနှစ် ယခင်အစိုးရလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနှင့် ဇနီး ဂျိန်းဟာန်း(JaneHeyn) တို့သည် စာပေကို အလွန်ဝါသနာပါသူများဖြစ်ကြပြီး နိုင်ငံတကာ စာပေအသိုင်းအဝိုင်းမှ စာရေးဆရာ၊ စာရေးဆရာမများနှင့်လည်း အလွန်ရင်းနှီးကြသူများဖြစ်ကြသည်။ ၎င်းတို့ ဇနီးမောင်နှံ နှစ်ဦးသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း အလွန်ရင်းနှီးခင်မင်ကြသဖြင့် ၎င်းထံသို့ မကြာခဏသွားရောက် တွေ့ဆုံကြပြီး မြန်မာ့စာပေနှင့် နိုင်ငံတကာစာပေအကြောင်းများ ဆွေးနွေးခဲ့ကြရာမှ မြန်မာနှင့် နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများကို ဖိတ်ကြား၍ မြန်မာနိုင်ငံတွင် စာပေပွဲတော်တစ်ခု ကျင်းပရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းချက်အရ **"ဧရာဝတီစာပေပွဲတော်"** ဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**"ဧရာဝတီစာပေပွဲတော်ကို ယခင်နှစ်များက ကျင်းပနေကျအတိုင်း မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ နာမည်ကြီးစာရေးဆရာ၊ စာရေးဆရာမများ တက်ရောက်ကြမည်ဖြစ်ပြီး ဘာသာရပ်အလိုက် စကားဝိုင်းများ၊ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ၊ ကဗျာရွတ်ဆိုပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများအား နေ့စဉ် နံနက် ၉ နာရီမှ ည ၇ နာရီအထိ ကျင်းပပြုလုပ်သွားမည်"**

ဧရာဝတီစာပေပွဲတော် ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက် သုံးရပ်မှာ မြန်မာစာပေကို ကမ္ဘာသို့ ထိုးဖောက်ရန်၊ မြန်မာစာရေးဆရာ၊ စာရေးဆရာမများနှင့် နိုင်ငံတကာ စာရေးဆရာ၊ စာရေးဆရာမများ တွေ့ဆုံဆွေးနွေးခွင့်ရရှိပြီး မိမိတို့စာပေယဉ်ကျေးမှုနှင့် အနုပညာများ ဖလှယ်ရန်ကြစေရန်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ စာဖတ်ခြင်းအလေ့အထ ပိုမိုရှင်သန် ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ ဖြစ်သည်။

### ကြိုးပမ်းဆောင်ရွက်

အဆိုပါ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနှင့် ဇနီးတို့သည် ပထမအကြိမ် ဧရာဝတီစာပေပွဲတော်ကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပနိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းကူညီထောက်ပံ့မှုနှင့် ဗြိတိသျှအစိုးရ၊ ဗြိတိသျှတက္ကသိုလ်၊ ကောလိပ်များ၏ ကူညီထောက်ပံ့မှုများဖြင့် ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

ပထမအကြိမ် ဧရာဝတီစာပေပွဲတော်ကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး **"စာဖတ်ခြင်း၏အကျိုး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးခဲ့သည်။ ဒုတိယအကြိမ် ဧရာဝတီစာပေပွဲတော်ကို မန္တလေးမြို့ Mercure ဟိုတယ်တွင် ကျင်းပသည့်အခါတွင်လည်း ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး တရုတ်စာရေးဆရာမ Jung Chang နှင့် ဗြိတိသျှစာရေးဆရာ Sergan Keane တို့နှင့်အတူ နိုင်ငံတကာ ရသဝတ္ထုတစ်ပုဒ်အကြောင်း ပါဝင်ဆွေးနွေးခဲ့ပါသည်။ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်များကိုလည်း မန္တလေးမြို့၌ပင် ကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ် စတုတ္ထအကြိမ် စာပေပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ လက်ရေးမူဖြင့် သဝဏ်လွှာပေးပို့ခဲ့ပါသည်။ အဆိုပါပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့ တက်ရောက်အားပေးချီးမြှင့်ခဲ့ကြသည်။

### ရင်းနှီးပွင့်လင်းစွာ ထုတ်ဖော်ဆွေးနွေး

ယခုကျင်းပမည့် ပဉ္စမအကြိမ် ဧရာဝတီစာပေပွဲတော်ကို နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမ ၃၀ ကျော်နှင့် မြန်မာစာရေးဆရာ၊ စာရေးဆရာမ ၁၀၀ ကျော် တက်ရောက်ကြမည်ဖြစ်ပြီး စကားဝိုင်းများတွင် စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ မိမိတို့အမြင်နှင့် အတွေးအခေါ်များအား ရင်းနှီးပွင့်လင်းစွာ ထုတ်ဖော်ဆွေးနွေးကြမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများကို ဖိတ်ကြားထားရာ ကျောင်းသား၊ ကျောင်းသူများ စာပေအပေါ် ပိုမိုစိတ်ဝင်စားလာစေရန်နှင့် စာဖတ်ရှိန် မြင့်တက်လာစေရန်အတွက် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆွေးနွေးနိုင်မည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားကြောင်း သိရှိရသည်။

စာပေပွဲတော် ကျင်းပနေစဉ်အတွင်း မြန်မာနှင့် နိုင်ငံတကာစာရေးဆရာ၊ စာရေးဆရာမများ၏ ဆွေးနွေးပြောကြားချက်များကို တက်ရောက်လာသူများ နားလည်နိုင်စေရန် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဘာသာပြန်ဆို ပြောကြားပေးမည့်သူများ စီစဉ်ထားရှိပေးမည်ဟုလည်း သိရသည်။

### ထူးခြားသည့် ဝိသေသတစ်ခုဖြစ်

ဧရာဝတီစာပေပွဲတော် ကျင်းပရေးအဖွဲ့ဝင်များ၊ စည်းရုံးလှုံ့ဆော်သူများနှင့် ဆွေးနွေးဟောပြောကြမည့် မြန်မာနှင့် နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများအနေဖြင့် အခကြေးငွေ တစ်ပြားတစ်ချပ်မှ မယူဘဲ ပူးပေါင်းပါဝင်ခြင်းသည်လည်း ဤပွဲတော်၏ ထူးခြားသည့် ဝိသေသတစ်ခုဖြစ်သည်။

### ကြိုဆိုဂုဏ်ပြု

ဧရာဝတီစာပေပွဲတော်ကို နိုင်ငံတကာမှ စာရေးဆရာ၊ စာရေးဆရာမများအပြင် ခေတ်ပုံဆရာများနှင့် ယဉ်ကျေးမှုအနုပညာရှင်များကိုပါ တက်ရောက်နိုင်ရန်ဖိတ်ကြားထားသဖြင့် မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မည့် ဧရာဝတီစာပေပွဲတော်တွင် နိုင်ငံအချင်းချင်း စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာများ ဖလှယ်နိုင်တော့မည်ဖြစ်ရာ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အနုပညာများကို ကမ္ဘာကသိရှိပြီး နောင်တွင် ကမ္ဘာသို့ ထိုးဖောက်နိုင်တော့မည်ဟု ယုံကြည်မိပါသဖြင့် ပဉ္စမအကြိမ် ဧရာဝတီစာပေပွဲတော်ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။

---

● *ကျောဖုံးမှ*

ပံ့ပိုးကူညီပေးသူ ရုပ်ရှင်မင်းသမီး ဒေါ်ဆွေဇင်ထိုက်၊ MEMORY နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တည်ထောင်သူနှင့် ဥက္ကဋ္ဌ Mrs. Severine Wemaere တို့က ရုပ်ရှင်ပွဲတော်နှင့်ပတ်သက်၍ အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသံအမတ်ကြီး H. E. Mr. Kristian Schmidt ပြင်သစ်သံရုံး၏ ယဉ်ကျေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအကြံပေး Cyprien Francois, Forever Group ၏ ရိုက်ကူးထုတ်လုပ်ရေးအကြံပေး Henri de Lorme တို့က အမှာစကားများ ပြောကြားခဲ့သည်။

နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရုပ်ရှင်မင်းသမီး ဒေါ်ဆွေဇင်ထိုက်က "နိုင်ငံပေါင်းများစွာကနေ ဇာတ်ကားထုပ်ပေါင်းများစွာကို ယူပြီး မြန်မာပြည်မှာရှိတဲ့ ပြည်သူတွေအနေနဲ့ ရုပ်ရှင်ကို တန်ဖိုးထားတတ်လေအောင်ဆိုပြီးတော့ အခမဲ့ပြပေးနေတာဖြစ်ပါတယ်။ ဒါဟာ ရုပ်ရှင်ပညာရပ်ဆိုင်ရာ အစီအစဉ်တစ်ခုအနေနဲ့လည်း ပါပါတယ်။ ကြည့်တဲ့သူတွေကလည်း မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေနဲ့ မတူကွဲပြားတဲ့ဒေသမှာနေတဲ့ မတူကွဲပြားတဲ့လူတွေရဲ့ တန်ဖိုးထားမှုပုံစံတွေကို နားလည်ဖို့အတွက်လည်း ရည်ရွယ်ပါတယ်" ဟု ပြောသည်။

အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်အမွေအနှစ်အဖြစ် ဇာတ်လမ်းတိုများကို ပြသရန် MEMORY ရုပ်ရှင်ပွဲတော်ကို ကျင်းပခြင်းဖြစ်ပြီး ယခုနှစ် ရုပ်ရှင်ပွဲတော်၏ ဆောင်ပုဒ်မှာ အတူတကွယှဉ်တွဲနေထိုင်ခြင်း ဟူ၍ ဖြစ်သည်။ နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဝဇီရာရုပ်ရှင် ရုံတွင် MEMORY ရုပ်ရှင်ပွဲတော်ကို ကျင်းပမည်ဖြစ်ပြီး ဇာတ်ကားပေါင်း ၇၀ ကို အခမဲ့ပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မဟာဗန္ဓုလပန်းခြံ၌ နိုဝင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်များ၌ လည်းကောင်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား အထက်ဘလောက်တွင် နိုဝင်ဘာ ၁၉၊ ၂၀၊ ၂၁ ရက်များ၌လည်းကောင်း ဇာတ်ကားများ ပြသမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်၏ ထူးခြားမှုအနေဖြင့် ရုပ်ရှင်ဇာတ်ကား ၁၈ ကားကို မြန်မာစာတန်းထိုးကာ ပြသမည်ဖြစ်ကြောင်း သိရသည်။

MEMORY ရုပ်ရှင်ပွဲတော်တွင် ၁၈၉၀ ခုနှစ်ခန့်မှ မှတ်တမ်းရုပ်ရှင်များ ပါဝင်သလို ဇာတ်လမ်းရုပ်ရှင်အနေဖြင့် ၁၉၀၀ အစောပိုင်းကာလများမှ ၂၀၁၁ ခုနှစ်၊ ၂၀၁၄ ခုနှစ်အထိ ဇာတ်ကားများပါဝင်ကြောင်း သိရသည်။ နိုဝင်ဘာ ၁၅ ရက်တွင် ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပမည့် MEMORY ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ ပြင်သစ်နိုင်ငံမှ ထူးချွန်ဆုရ သရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်သည့် Isabelle Huppert လည်း တက်ရောက်မည်ဖြစ်သည်။ MEMORY ရုပ်ရှင်ပွဲတော်သည် မြန်မာနိုင်ငံ၌ ကျင်းပလျက်ရှိသော တစ်ခုတည်းသော ရုပ်ရှင်ပွဲတော်ဖြစ်သည်။

**လင်းညွန့်**

## ဆိုင်ကလုန်းမုန်တိုင်း ဘာဘ်ဘယ် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၇**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဘာဘ်ဘယ် သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပါရာဒစ်ပ်မြို့ (ဩရိဿ)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၆၅ မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၃၀ မိုင်ခန့်၊ မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၄၀ မိုင်ခန့်နှင့် ဂွမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၅၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံရှိ ကိုရီးယားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဘင်္ဂလားဒေ့ရှ်သို့ ပြောင်းရွှေ့မည်ဆိုခြင်းမှာ ဟုတ်မှန်ခြင်းမရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပြောကြား

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံရှိ ကိုရီးယားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဘင်္ဂလားဒေ့ရှ်သို့ ပြောင်းရွှေ့မည်ဆိုခြင်းမှာ ဟုတ်မှန်ခြင်းမရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

နိုဝင်ဘာ ၅ ရက်က ဘင်္ဂလားဒေ့ရှ်မီဒီယာ bdnews 24.com တွင် တောင်ကိုရီးယားကုမ္ပဏီ လုပ်ငန်းပေါင်း ၁၀၀ ခန့် မြန်မာနိုင်ငံမှ ထွက်ခွာပြီး ဘင်္ဂလားဒေ့ရှ်တွင် အခြေချလုပ်ကိုင်ရန် စီစဉ်နေသည်ဟု ဘင်္ဂလားဒေ့ရှ် စီးပွားရေးဇုန်အာဏာပိုင်အဖွဲ့ BEZA က ပြောကြောင်း ဖော်ပြထားသည်။

သို့ဖြစ်၍ ယင်းဖော်ပြချက်မှာ လုံးဝ မဟုတ်ကြောင်း နိုဝင်ဘာ ၆ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန(DICA)တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်

### ရင်းနှီးမြှုပ်နှံမှုတွေ ရွှေ့ပြောင်းသွားတာမျိုး လုံးဝမရှိ

"ဒီလို ရင်းနှီးမြှုပ်နှံမှုတွေက လွယ်လွယ်ကူကူနဲ့ ဖြစ်လာတာ မဟုတ်ပါဘူး။ အကြိမ်ကြိမ်ဆွေးနွေးတိုင်ပင်ပြီးတော့မှ စက်မှုဇုန်ဆိုတာ ဖော်ဆောင်ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့လည်း လုပ်ငန်းမစတင်ခင်မှာလည်း လိုအပ်တဲ့အကူအညီတွေ ဆောင်ရွက်ပေးတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့ နေရာမှာလည်း လွယ်ကူချောမွေ့အောင် လုပ်ဆောင်ပေးတယ်။ ဒါကြောင့်မို့လို့ ကိုရီးယားရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အဆိုပြုချက် တင်ပြထားတာတွေ ရှိပြီးတော့ လာရောက်စုံစမ်းလျက်ရှိတဲ့လုပ်ငန်းတွေက ဆက်ပြီးတိုးတက်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်တွေပြန်အပ်နှံတာမျိုး၊ ရင်းနှီးမြှုပ်နှံမှုတွေ ရွှေ့ပြောင်းသွားတာမျိုး လုံးဝမရှိဘူးဆိုတာ ပြောလိုပါတယ်"ဟု ဦးသန့်စင်လွင်က ပြောသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်မှ မြန်မာနိုင်ငံရှိ ကိုရီးယားစီးပွားရေးသံမှူးနှင့် ဆက်သွယ်မေးမြန်းရာတွင်လည်း သံမှူးက ယင်းထွက်ပေါ်ခဲ့သောသတင်းသည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဘင်္ဂလားဒေ့ရှ်ဘက်တွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး ယင်းပြောကြားမှုအပေါ် ရာနှုန်းပြည့် မထောက်ခံကြောင်းကို ပြောကြားခဲ့ကြောင်း ဦးသန့်စင်လွင်က ပြန်လည်ပြောကြားသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ကလည်း ကိုရီးယားသံအမတ်ကြီးနှင့် ဆက်သွယ်ပြောဆိုပြီးဖြစ်ကာ ယင်းသတင်းသည် သတင်းမှားသာဖြစ်ကြောင်း ဦးသန့်စင်လွင်က ဆက်ပြောသည်။

အဆိုပါသတင်းကို ဖြေကြားခဲ့သည့် Korea Industrial Complex Co.Ltd (KIC) ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ရင်းနှီးမြှုပ်နှံရန်အတွက် လာရောက် စုံစမ်းခဲ့မှုရှိသော်လည်း လုပ်ငန်းလုပ်ကိုင်ရန် ကြိုးစားခဲ့ခြင်းမျိုးမရှိကြောင်း သိရသည်။

### KIC ကုမ္ပဏီရဲ့ ပြောကြားချက်တွေက တရားမဝင်

"KIC က မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းလုပ်ဖို့ စက်မှုဇုန်ထောင်ချင်ပါတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကို ကျွန်တော့်ကို မေးပါတယ်။ မေးတဲ့အချိန်မှာ ရှင်းပြခဲ့ပါတယ်။ အဲဒီ နောက်ပိုင်းကျွန်တော်တို့နဲ့ ပြန်မတွေ့တော့ပါဘူး။ အမြဲတမ်းအတွင်းဝန်၊ အပေါ်က ဒီထက်ကြီးတဲ့လူတွေကို သွားတွေ့ပါတယ်။ ဒါပေမယ့် သူကတွေ့ဆုံမေးမြန်းရုံပဲရှိပါတယ်။ ဘယ်မှာမှလုပ်ဖို့လို့ ကြိုးစားခဲ့ခြင်းမရှိပါဘူး။ ကျွန်တော်တို့သိသလောက်ကတော့ ဒီကုမ္ပဏီက ၂၀၁၆ ခုနှစ်က စတည်ထောင်ထားတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ ဒီကုမ္ပဏီက မြေဦးပြီးတော့မှ မြေကိုပြန်ရောင်းစားတဲ့ကုမ္ပဏီမျိုး တွေ့ရှိရပါတယ်။ စွပ်စွဲတာမဟုတ်ပါဘူး။ ကျွန်တော်တို့ လေ့လာတွေ့ရှိချက်အရ ဒီလိုမျိုးသုံးသပ်ရပါတယ်။ ဒါကြောင့်မို့လို့ ဒီ KIC ကုမ္ပဏီရဲ့ ပြောကြားချက်တွေက တရားမဝင်ဘူးဆိုတဲ့ အကြောင်းကို ကျွန်တော်တို့အစိုးရပိုင်းက ပြန်လည်ပြောကြားလိုပါတယ်"ဟု ဦးသန့်စင်လွင်က ပြောသည်။

လက်ရှိ မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ဘဏ်၏သုံးသပ်မှုများ ကောင်းမွန်လာသည့်အချိန်မျိုးတွင် ယင်းကဲ့သို့သတင်းမျိုး ပေါ်ထွက်လာခြင်းမှာ ဝါဒဖြန့်ခြင်းမျိုး ဖြစ်သည့်အပြင် နိုင်ငံရေးအရလည်း ပါဝင်သည်ဟု ယူဆကြောင်း ၎င်းက ဆက်ပြောသည်။

ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံတွင် ဆဋ္ဌမမြောက် အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး စီမံကိန်းပေါင်း ၁၇၉ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် အမေရိကန်ဒေါ်လာလေးဘီလီယံခန့်ရှိကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၄ ဒသမ ၈၆ ရာခိုင်နှုန်းအထိ ရှိကြောင်း၊ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံရာတွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၁၀ ခု ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ပထမနေရာတွင်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင်လည်း စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ဒုတိယနေရာတွင်ရှိကြောင်း၊ စက်မှုဇုန်ကဏ္ဍတွင်လည်း စက်မှုဇုန်နှစ်ဇုန်ရှိကြောင်း သိရသည်။

### နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ အလွတ်သဘောဆွေးနွေး

ထို့ပြင် မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက် ဝင်ရောက်ရန် ဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံတွင် နိုဝင်ဘာလ ၅ ရက်နေ့အထိ တက်ရောက်ခဲ့ပြီး ယင်းထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သော (၁၄) ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးကို တက်ရောက်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် ကိုရီးယားစီးပွားရေး ဝန်ကြီးနှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ အလွတ်သဘောဆွေးနွေးခဲ့ကြောင်း၊ ထို့မှတစ်ဆင့် ယခု နိုဝင်ဘာလအတွင်း ကိုရီးယားနိုင်ငံ ဘူဆန်တွင် ပြုလုပ်မည့် Korea Asian Special Summit ကို တက်ရောက်ရန် ဖိတ်ကြားထားသည့်အတွက် မြန်မာနိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

---

*စာမျက်နှာ ၁၀ မှ*

သတ်မှတ်ခြင်း၊ ရေဆိုးကို ပြန်လည်အသုံးချနိုင်ရန် ပြန်လည်သန့်စင်မှုကို အားပေးခြင်း၊ ဈေးနှုန်းသတ်မှတ်မှုအစီအစဉ်များ အကောင်အထည်ဖော်ခြင်းစသည့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ နိုင်ငံတော်အဆင့်၊ ပြည်နယ်ဒေသကြီးများအဆင့်ရှိ စီမံခန့်ခွဲသူများက ဆုံးဖြတ်ချမှတ်လေ့ရှိသည်။

ရေဝေကြောများအပေါ် အခြေခံ၍ စုဆောင်းရရှိလာသည့် အချက်အလက်များသည် မူဝါဒ၊ ဆုံးဖြတ်ချက် ချမှတ်သူများထက် သိပ္ပံပညာရှင်တစ်ဦးအတွက် ပိုမို တန်ဖိုးရှိတတ်သည်။ သို့ဖြစ်၍ မူဝါဒ၊ ဆုံးဖြတ်ချက် ချမှတ်သူများအနေဖြင့် အဆိုပါ သတင်းအချက်အလက်များနှင့် လိုက်လျောညီထွေသည့် မူဝါဒကို ဖော်ထုတ်ရေးမှာ စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။ မူဝါဒ၊ ဆုံးဖြတ်ချက် ချမှတ်သူများအနေဖြင့် ရေအရင်းအမြစ် ရှားပါးမှုနှင့် ဆက်စပ် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ပိုမို နားလည်သဘောပေါက်စေရေး၊ ယင်းလုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေရေးအတွက် ရည်မှန်းလျက် ကမ္ဘာ့အရင်းအမြစ်များ လေ့လာမှုဌာနအနေဖြင့် နိုင်ငံအလိုက်၊ ဒေသအလိုက် ရေအရင်းအမြစ်ရှားပါးမှုနှင့် ဆက်စပ်သည့်ဖိအားကို မှန်းဆတွက်ချက်ခြင်း၊ မိုးခေါင်မှု၊ ရေကြီးရေလျှံမှုဆိုင်ရာ အလားအလာများကို လေ့လာဖော်ထုတ်ခြင်းများ ပြုလုပ်နေခြင်းဖြစ်သည်။

ရေအရင်းအမြစ်ရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများကို အောက်ပါအတိုင်း အဆင့်သတ်မှတ် ခွဲခြားထားကြောင်း တွေ့ရှိရသည်–

(က) **ရေအရင်းအမြစ် အလွန်အမင်း ရှားပါးမှုဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများ (Extreme high baseline water stress)**

(၁) ကာတာ၊ (၂) အစ္စရေး၊ (၃) လက်ဘနွန်၊ (၄) အီရန်၊ (၅) ဂျော်ဒန်၊ (၆) လစ်ဗျား၊ (၇) ကူဝိတ်၊ (၈) ဆော်ဒီအာရေဗျ၊ (၉) အီရစ်ထရီးယား၊ (၁၀) ယူအေအီး၊ (၁၁)ဆန်မာရီယို၊ (၁၂)ဘာရိန်း၊ (၁၃)အိန္ဒိယ၊ (၁၄)ပါကစ္စတန်၊ (၁၅) တာ့ခ်မေနစ္စတန်၊ (၁၆) အိုမန်၊ (၁၇) ဘော့စ်ဆွာနာ၊

(ခ) **ရေအရင်းအမြစ် မြင့်မားစွာရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများ (High baseline water stress)**

(၁၈) ချီလီ၊ (၁၉) ဆိုက်ပရပ်စ်၊ (၂၀) ယီမင်၊ (၂၁) အင်ဒိုရာ၊ (၂၂) မော်ရိုကို၊ (၂၃) ဘယ်ဂျီယံ၊ (၂၄) မက္ကဆီကို၊ (၂၆) ဂရိ၊ (၂၇) အာဖဂန်နစ္စတန်၊ (၂၈) စပိန်၊ (၂၉)အယ်ဂျီးရီးယား၊ (၃၀)တူနီးရှား၊ (၃၁)ဆီးရီးယား၊ (၃၂)တူရကီ၊ (၃၃) အယ်လ်ဘေးနီးယား၊ (၃၇) နမီးဘီးယား၊ (၃၈) ကီရစ်စတန်၊ (၄၀) နီပေါ၊ (၄၁)ပေါ်တူဂီ၊ (၄၂) အီရတ်၊ (၄၃)အီဂျစ်၊ (၄၄)အီတလီ၊

(ဂ) **ရေအရင်းအမြစ် အထိုက်အလျောက်မြင့်မားစွာရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့်နိုင်ငံများ(Medium high baseline water stress)**

(၄၅) ထိုင်း၊ (၄၆)အဇာဘိုင်ဂျန်၊ (၄၇) ဆူဒန်၊ (၄၈)တောင်အာဖရိက၊ (၄၉) လူဇင်ဘတ်၊ (၅၀) ဩစတြေးလျ၊ (၅၃) တောင်ကိုရီးယား၊ (၅၄) ဘူလ်ဂေးရီးယား၊ (၅၅)မွန်ဂိုလီးယား၊ (၅၆)တရုတ်၊ (၅၉)ပြင်သစ်၊ (၆၂) ဂျာမနီ၊ (၆၃) လီဆိုသို၊ (၆၄) ဒိန်းမတ်၊ (၆၅) အင်ဒိုနီးရှား၊ (၆၆) ပီရူး၊ (၆၇) ဗင်နီဇွဲလား၊ (၆၈) ကျူးဘား

(ဃ) **ရေအရင်းအမြစ် အလယ်အလတ်ရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများ (Low–Medium baseline water stress)**

(၆၉)မြောက်ကိုရီးယား၊ (၇၀)ရိုမေးနီးယား၊ (၇၁)အမေရိကန်ပြည်ထောင်စု၊ (၇၂)ဇင်ဘာဘွေ၊ (၇၄) ဟေတီ၊ (၇၅) ဂျပန်၊ (၇၆) အင်ဂိုလာ၊ (၇၇) သီရိလင်္ကာ၊ (၈၀) နယ်သာလန်၊ (၈၃) ဖိလစ်ပိုင်၊ (၈၄) တောင်ဆူဒန်၊ (၈၅) ယူကရိန်း၊ (၈၆)ပိုလန်၊ (၈၇)ချဒ်နိုင်ငံ၊ (၈၈)ဆီနီဂေါ၊ (၈၉)ဗြိတိန်၊ (၉၀)ဂျော်ဂျီယာ၊ (၉၁)နိုင်ဂျီးရီးယား၊ (၉၂) အာဂျင်တီးနား၊ (၉၃)ချက် သမ္မတနိုင်ငံ၊ (၉၄)ရုရှား၊ (၉၆) အီသီယိုးပီးယား၊ (၉၈)ဆွာဇီလန်၊ (၉၉) မော်လ်ဒိုဗာ၊ (၁၀၀) ဆိုမာလီးယား၊

(င) **ရေအရင်းအမြစ် အနည်းအကျဉ်းရှားပါးမှု ဖိအားနှင့် ရင်ဆိုင်နေရသည့် နိုင်ငံများ (Low baseline water stress)**

(၁၀၁) ရဝမ်ဒါ၊ (၁၀၄) မိုဇမ်ဘစ်၊ (၁၀၅) ဗီယက်နမ်၊ (၁၀၈) ကနေဒါ၊ (၁၀၉) ဆာဘီးယား၊ (၁၁၁)ဆွစ်ဇာလန်၊ (၁၁၂)ဘရာဇီး၊ (၁၁၃)ဟန်ဂေရီ၊ (၁၁၄) ဂါနာ၊ (၁၁၈)ကိုလံဘီယာ၊ (၁၁၉)မြန်မာ၊ (၁၂၄) ဖင်လန်နိုင်ငံ၊ (၁၂၆) အိုင်ယာလန်၊ (၁၂၇) ဆွီဒင်၊ (၁၂၈) ဘင်္ဂလားဒေ့ရှ်၊ (၁၂၉) ကမ္ဘောဒီးယား၊ (၁၃၂) မလေးရှား၊ (၁၄၇) လာအို၊ (၁၅၃) နော်ဝေ၊ (၁၅၄) တီမောလက်စ်တေ၊ (၁၅၅)ဘရူနိုင်း၊ (၁၆၁) အိုက်စလန်၊ (၁၆၂) ဂျမေကာ၊ (၁၆၃) လိုက်ဘေးရီးယား၊ (၁၆၄)ဆူရီနမ်။

### ရေအရင်းအမြစ်ရှားပါးမှုနှင့် ဆက်စပ်သည့် ဖိအားကို လျှော့ချနိုင်မည့် နည်းလမ်း(၃)ရပ်

မည့်သည့်နေရာဒေသ၌မဆို ရေအရင်းအမြစ်ရှားပါးမှုနှင့် ဆက်စပ်သည့် ဖိအားကို သာမန်အသိဖြင့်လည်းကောင်း၊ ခေတ်မီသည့် နည်းပညာများ အသုံးချ၍လည်းကောင်း လျှော့ချနိုင်သည်။ နည်းလမ်းပေါင်းများစွာ ရှိသည့်အနက် အခြေခံအကျဆုံး၊ အရှင်းလင်းဆုံး နည်းလမ်း(၃)ရပ်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

(၁) စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အရည်အသွေးပြည့်ဝမှု၊ ထိရောက်မှု၊ ကျွမ်းကျင်မှုတို့ကို မြှင့်တင်ပါ။ ရေအရင်းအမြစ်၏ ရေစက် တစ်ပေါက်တိုင်းသည် စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်သို့ ရောက်ရှိစေရေးအတွက် အသေအချာလုပ်ဆောင်သင့်သည်။ လယ်သမားများအနေဖြင့် ရေသုံးစွဲမှုကို လျှော့ချနိုင်မည့် မျိုးစေ့များကို ပိုမို ရွေးချယ်သုံးစွဲသင့်သည်။ စိုက်ခင်းယာခင်းများ၌ အလွန်အမင်း ရေလောင်းနေခြင်းထက် တိကျမှန်ကန်စွာ ရေဖျန်းသည့် ခေတ်မီနည်းစနစ်ကို အသုံးချသင့်သည်။ ရေထုတ်လုပ်မှုနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေကြေးတတ်နိုင်သူများက ရင်းနှီးမြှုပ်နှံနိုင်သကဲ့သို့ အင်ဂျင်နီယာများကလည်း စိုက်ပျိုးရေးနှင့် ပတ်သက်၍ အရည်အသွေးပြည့်ဝပြီး ထိရောက်မှုကို မြှင့်တင်နိုင်မည့် နည်းစနစ်များကို ဖော်ထုတ်နိုင်သည်။ တစ်ချိန်တည်းတွင် စားသုံးသူများကလည်း စိုက်ပျိုးရေး၌အသုံးပြုသည့်ရေ၏ လေးပုံတစ်ပုံကို အသုံးချလျက်ရှိသည့် အစားအသောက်များကို ဖြုန်းတီးခြင်း၊ အလဟဿ လွှင့်ပစ်နေရခြင်းတို့ကို လျှော့ချသင့်သည်။ ရှောင်ကြဉ်သင့်သည်။

(၂) ပတ်ဝန်းကျင် ထိန်းသိမ်းရေးအပေါ် အထောက်အကူပြုစေမည့် အခြေခံအဆောက်အအုံများ၌ ပိုမိုရင်းနှီးမြှုပ်နှံပါ။ ကမ္ဘာ့ဘဏ်နှင့် (WRI)ဌာနတို့၏ လေ့လာချက်အရ စိမ့်မြေများ၊ ရေဝေတောများကို ကောင်းမွန်စေရန် ထိန်းသိမ်းမှုနှင့် ရေပိုက်များ၊ ရေသန့်စင်သည့် စက်ရုံများ၊ ရေသိုလှောင်ကန်များအတွက် ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ခြင်းဖြင့် ရေဖြန့်ဝေမှုနှင့် ရေအရည်အသွေးထိန်းသိမ်းရေး ကိစ္စရပ်များကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

(၃) ရေဆိုးကို ပြန်လည်သန့်စင်၍ အသုံးပြုပါ။ အသုံးပြုပြီးသောရေကို ပြန်လည်အသုံးပြုပါ။ သုံးစွဲပြီးရေကို အသုံးမတည့်သည့် အညစ်အကြေးအဖြစ် မှတ်ယူခြင်းမပြုသင့်ဘဲ ယင်းကို ပြန်လည်သန့်စင်၍ အသုံးပြုနိုင်သည့် ရေအရင်းအမြစ်အသစ်တစ်ခုအဖြစ် မှတ်ယူပါ။ ရေဆိုးကို သန့်စင်ရာတွင် ကုန်ကျစရိတ်များကို တတ်နိုင်သမျှ လျှော့ချနိုင်ရန်အတွက် ရေဆိုး၌ ပြန်လည်အသုံးချနိုင်သည့် အသုံးဝင်သော အရင်းအမြစ်များ ရှိနေသည်။ သာဓကအားဖြင့် တရုတ်နိုင်ငံ ရှန့်ရန်နှင့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ရှိ စက်ရုံများအနေဖြင့် ရေဆိုးသန့်စင်မှုမှ ထွက်ရှိလာသော ဩဇာဓာတ်ကြွယ်ဝသည့် ဘေးထွက်ပစ္စည်းများနှင့် စွမ်းအင်တို့ကို ပြန် လည်အသုံးချခြင်း၊ ရောင်းချခြင်းတို့ ပြုလုပ်ကြသည်။

ဖော်ပြပါ အချက်အလက်များမှာ သိသာထင်ရှားပြီး ငြင်းဆို၍ မရနိုင်အောင် စိုးရိမ်ဖွယ်ကောင်းသည့် အလားအလာများဖြစ်သည်။ သက်ဆိုင်သူအားလုံး ယခုအချိန်မှစ၍ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုအတွက် ရင်းနှီးမြှုပ်နှံခြင်းတို့ဖြင့်သာ ရေအရင်းအမြစ်နှင့် ဆက်နွှယ်သည့် ပြဿနာများကို ကမ္ဘာ့ပြည်သူများအတွက်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ကမ္ဘာကြီး၏ အကျိုးအတွက်လည်းကောင်း ဖြေရှင်းနိုင်မည်ဖြစ်သည်။ ။

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၂ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၃ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၄ | ဇန်နဝါရီ | ၆၁၁၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| ၅ | ဖေဖော်ဝါရီ | ၅၇၄၅၀ | ၁၈၅၈၁ | ၇၆၀၃၁ | ၁၀၀၁၄၅ | ၂၃၉၄၉ | ၁၂၄၀၉၄ |
| ၆ | မတ် | ၅၁၄၆၁ | ၂၅၆၅၀ | ၇၇၁၁၁ | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ |
| ၇ | ဧပြီ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ |
| ၈ | မေ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ |
| ၉ | ဇွန် | ၂၈၉၄၄ | ၁၈၆၃၆ | ၄၇၄၈၀ | ၆၅၈၇၉ | ၂၁၇၁၄ | ၈၇၅၉၃ |
| ၁၀ | ဇူလိုင် | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ | ၇၈၈၃၅ | ၂၃၂၄၅ | ၁၀၂၀၈၀ |
| ၁၁ | ဩဂုတ် | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ | ၈၈၇၇၂ | ၂၁၉၅၅ | ၁၁၀၇၂၇ |
| ၁၂ | စက်တင်ဘာ | ၃၀၇၆၈ | ၂၁၄၅၁ | ၅၂၂၁၉ | ၈၁၀၆၄ | ၂၃၇၂၁ | ၁၀၄၇၈၅ |
| ၁၃ | အောက်တိုဘာ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ |
| | စုစုပေါင်း | ၅၇၈၈၉၅ | ၂၇၀၈၀၅ | ၈၄၉၇၀၀ | ၁၀၄၆၇၆၅ | ၂၉၁၅၅၂ | ၁၃၃၈၃၁၇ |

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ | | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၃၉၇၄၈ | ၁၆၀၆၁ | ၅၁၇၉၁ | ၁၈၂၆၁ | |
| ၂ | မန္တလေးလေဆိပ် | ၈၁၈၃ | ၃၈၉၁ | ၃၂၆၂၈ | ၄၁၇၈ | |
| ၃ | နေပြည်တော်လေဆိပ် | ၂၅၈ | ၂၃၉ | ၁၀၃၁ | ၃၈၁ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၃၀၄၅ | ၉၆ | ၄၄၆၀ | ၁၄၈ | |
| ၆ | မြဝတီ | ၉၅၃ | ၅၉၇ | ၁၁၅၉ | ၄၄၅၅ | |
| ၇ | ကော့သောင်း | ၃၃၀ | ၉၃ | ၃၆၃ | ၁၀၅ | |
| ၈ | ထီးခီး | ၃၁ | ၁၀ | ၅၉ | ၂၄ | |
| ၉ | တမူး | ၉၆ | ၁၄ | ၃၀၀ | ၃၅ | |
| ၁၀ | ရိခေါဒါရ် | ၃ | ၄ | ၄၅ | ၃ | |
| | စုစုပေါင်း | ၅၂၆၄၇ | ၂၁၀၀၅ | ၉၁၈၃၆ | ၂၇၅၉၀ | |

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

မိုး/ဇလ

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတင်မောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ




**ရန်ကုန် နိုဝင်ဘာ ၇**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတင်မောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့တွင် နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အထိ ကျင်းပသည့် 3rd Indonesian Constitutional Court International Symposium (ICCIS) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး(ဝဲပုံ) နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# တတိယအကြိမ် မြန်မာ-တရုတ် နယ်နိမိတ် ပူးတွဲစစ်ဆေးခြင်းအတွက် တတိယအကြိမ် ကြိုတင်ပြင်ဆင်ရေးကော်မတီအစည်းအဝေးကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၇**

တတိယအကြိမ် မြန်မာ-တရုတ်နယ်နိမိတ် ပူးတွဲစစ်ဆေးခြင်းအတွက် တတိယအကြိမ် ကြိုတင်ပြင်ဆင်ရေးကော်မတီအစည်းအဝေးကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ Melia ဟိုတယ်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး တရုတ်ဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် ပင်လယ်သမုဒ္ဒရာရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Wang Wenli ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် တတိယအကြိမ် မြန်မာ-တရုတ် နယ်နိမိတ်ပူးတွဲစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံရမည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့် နယ်နိမိတ်တစ်လျှောက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရန်အတွက် နည်းပညာပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အဓိကထား၍ နှစ်ဖက်အကြားချစ်ကြည်ရင်းနှီးစွာဖြင့် အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကလေးစာပေပွဲတော်(အိမ်မဲ) ပြပွဲ၊ ပြိုင်ပွဲများတွင် ကလေးငယ်များ ပျော်ရွှင်စွာဆင်နွှဲ

**အိမ်မဲ နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာရေးဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကလေးစာပေပွဲတော် (အိမ်မဲ) စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို အထက(၁)ကျောင်း၌ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ယနေ့တွင် ပြပွဲ၊ ပြိုင်ပွဲများ၌ ကလေးငယ်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ကလေးစာပေပွဲတော်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စက္ကူခေါက်၊ စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်ပြိုင်ပွဲများအပြင် ထုပ်ဆီးတိုး၊ ဂိမ်းကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးပွဲများပါဝင်ကာ လာရောက်လေ့လာသော အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ကလေးငယ်များက ပြပွဲ၊ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။



ကလေးငယ်များ ကြက်ဥကောက်ပြိုင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။

အစုအဖွဲ့ဖြင့် ပါဝင်ယှဉ်ပြိုင်ရသည့် ဘောလုံးကန်၊ ပူဖောင်းညှပ်၊ ဘိုးလိန်းပစ်ကစားနည်း၊ ခုံဖိနပ်စီးအပါအဝင် တစ်ဦးချင်း ယှဉ်ပြိုင်ရသည့် ခါးကွင်းလှည့်၊ ကြက်ဥကောက်၊ စက္ကူခေါက်၊ စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ကလေးငယ်များက အလှည့်ကျ စောင့်ဆိုင်းပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပိတ်ပွဲအခမ်းအနားကို အိမ်မဲမြို့ အထက(၁)ခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းက ယခုလိုပွဲမျိုးကို နောက်နှစ်များတွင် ဆက်လက်ကျင်းပနိုင်စေရေး၊ ကလေးငယ်များအား ထိုက်တန်သည့်ဆုများ ရရှိစေရန် ပြုလုပ်နိုင်ရန် လိုအပ်ကြောင်း ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူက အိမ်မဲမြို့ ကလေးစာပေပွဲတော်ကို အစည်ကားဆုံးဖြစ်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလှူရှင်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ပေးသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ယင်းနောက် မြို့နယ်ပညာရေးမှူး ဦးတက်တိုးက ယခုလိုကျင်းပပေးသည့်အတွက် မိမိမြို့နယ်မှ ကလေးငယ်များကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပညာရေးမဟာဗျူဟာ ငါးနှစ်တာကာလအတွင်း ယခုကလေးစာပေပွဲတော်ပါရှိကြောင်း ပြောကြားသည်။



ထို့နောက် နှုတ်မှုစွမ်းရည်နှင့် ကာယစွမ်းရည်ပြိုင်ပွဲရှစ်ခုမှ ဆုရရှိ ဆုရရှိသူ ၄၀ အား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**
**ဓာတ်ပုံ- ဝင်းကြိုင်**
**လွှမ်းသီဟ(ပြန်/ဆက်)**

# ခရိုအေးရှား၌ လစာတိုးပေးရန် ကျောင်းဆရာ ဆရာမ ထောင်ပေါင်းများစွာ ချီတက်ဆန္ဒပြ

**ဇာဂရက် နိုဝင်ဘာ ၇**

ခရိုအေးရှားနိုင်ငံ၌ ထောင်နှင့်ချီသည့် ကျောင်းဆရာ ဆရာမများသည် လမ်းများပေါ် ချီတက်စုဝေးကာ လစာတိုးမြှင့်ပေးရေး တောင်းဆိုဆန္ဒပြခဲ့ကြရာ နိုဝင်ဘာ ၆ ရက်က ဆန္ဒပြချီတက်မှုမှာ ရက်သတ္တပတ် သုံးပတ်နီးပါးရှိသွားပြီဖြစ်ကြောင်း သိရသည်။

မြို့လယ်ကောင်၌ လူထုစုဝေးမှု ပြုလုပ်ခဲ့ပြီးနောက် လူအုပ်ကြီးသည် စိန့်မာ့ခ်ရင်ပြင်ရှိ အစိုးရရုံး အဆောက်အအုံများရှေ့ချီတက်စုဝေးခဲ့ကြသည်။ ချီတက်စုဝေးမှုအတွင်း လူထုခေါင်းဆောင်များက ၎င်းတို့၏ ဆန္ဒပြ တောင်းဆိုမှုများကို နောက်ဆုတ်လိမ့်မည်မဟုတ်ကြောင်း အစိုးရသို့ အသိပေးခဲ့သည်။

မိမိတို့ လက်လျှော့အရှုံးပေးမည်မဟုတ်ကြောင်း ပြောကြားရန် ချီတက်လာခဲ့ကြခြင်း ဖြစ်ကြောင်း၊ မိမိတို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးလျှင် ခရိုအေးရှား အနိုင်ရမည်ဖြစ်၍ သင်လည်း အနိုင်ရမည်ဖြစ်ကြောင်း၊ အကယ်၍ တောင်းဆိုချက်ကို မဖြည့်ဆည်းပေးလျှင် သင်အရှုံးသမား ဖြစ်လိမ့်မည်ဖြစ်ကြောင်း လူထုခေါင်းဆောင် ဘရာနီမာ မီဟာလီနက်က လူအုပ်ထဲသို့ ပြောကြားခဲ့သည်။

ခရိုအေးရှားရှိ ကျောင်းဆရာ ဆရာမများနှင့် အခြားသောကျောင်း ဝန်ထမ်းများသည် အောက်တိုဘာ ၁၀ ရက်မှ စတင်ကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ချီတက်ဆန္ဒပြမှုများ စတင်လုပ်ဆောင်ခဲ့ကြပြီး စာသင်ကျောင်းများ၌ အတန်းချိန်များကို မတူညီသော နေ့ရက်များဖြင့် ရပ်နားခဲ့သည်။



လစာတိုးပေးရန် ချီတက်ဆန္ဒပြနေသည့် လူအုပ်ကြီးကို တွေ့ရစဉ်။

ပညာရေးဌာနမှ ဝန်ထမ်းများ ရရှိသည့် လုပ်ခလစာထက် အခြားသောအများပြည်သူဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ လစာနှုန်းက ပိုမြင့်သည့်အတွက် ပိုမိုကောင်းမွန်သည့်အခွင့်အရေးရရှိရေး အတွက် ချီတက်ဆန္ဒပြနေရခြင်း ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများ၏ လစာသည် ကျန်ဌာနအဖွဲ့အစည်းမှ ဝန်ထမ်းများနှင့်ယှဉ်လျှင် အနိမ့်ဆုံး ဖြစ်နေကြောင်း ခရိုအေးရှားကျောင်းဆရာ ဆရာမများသမဂ္ဂမှ အထွေထွေ အတွင်းရေးမှူး အန်နာတပ်စကန်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# သမ္မတထရမ့်၏ ပထမအကြိမ် လူထုကြားနာမှုကို လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်မည်

**ဝါရှင်တန် နိုဝင်ဘာ ၇**

ပြည်သူများ စိတ်ဝင်စားမှုမြင့်တက်နေသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပထမအကြိမ်လူထုကြားနာစစ်ဆေးမှုကို လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ လူထုကြားနာစစ်ဆေးမှုကို ကမကထ ပြုလုပ်သည့် ကွန်ဂရက်အမတ်က ယမန်နေ့က ပြောကြားလိုက်သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

ယူကရိန်းဆိုင်ရာ ဝါရှင်တန် ထိပ်တန်းသံတမန် ဝီလီယံတေလာနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျ်ကန့်တို့ကို လာမည့်ဗုဒ္ဓဟူးနေ့တွင် သက်သေခံထွက်ဆိုပေးရန် စီစဉ်ထားကြောင်း သိရသည်။ နိုင်ငံရေးပြိုင်ဘက်ကို ယှဉ်ပြိုင်ရန် ယူကရိန်းထံမှ အကူအညီကိုရရှိရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရတစ်ရပ်လုံး ကြိုးစားခဲ့မှုကို ပြည်သူတွေ့မြင်နိုင်ကြောင်း ဥပဒေပြုကော်မတီဥက္ကဋ္ဌ အဒမ် စကစ်ဖ်က ပြောကြားလိုက်သည်။ တရားရုံးသို့ သက်သေခံ ထွက်ချက်များ တင်ပြခြင်း တံခါးပိတ် ဆွေးနွေးပွဲတွင် ယူကရိန်းဆိုင်ရာ ဝါရှင်တန်ထိပ်တန်းသံတမန် ဝီလီယံ တေလာကအမေရိကန်သမ္မတ ဒေါ်နယ် ထရမ့် အပေါ် စွပ်စွဲပြောကြားသည့် ဥပဒေပြုကော်မတီဥက္ကဋ္ဌ၏ စွပ်စွဲချက်များအပေါ် ဖေးမပြောကြားထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်က တိုက်လေယာဉ် မရောင်းလျှင် ရုရှားနှင့် ဆက်ဆံရေး တိုးမြှင့်မည်ဟု အာဒိုဂန်ပြော

**အန်ကာရာ နိုဝင်ဘာ ၇**

အမေရိကန်တိုက်လေယာဉ်အမျိုးအစားတစ်ခုကို အမေရိကန်က တူရကီသို့ မရောင်းချပါက ရုရှားနှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေး တိုးမြှင့်သွားမည်ဟု တူရကီသမ္မတ ရီဆတ်တေရစ်အာဒိုဂန်က ခြိမ်းခြောက်ပြောကြားထားကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တူရကီသမ္မတ ရီဆတ်တေရစ်အာဒိုဂန်တို့ လာမည့်သီတင်းပတ်အတွင်းတွေ့ဆုံရန် စီစဉ်ထားချိန်တွင် ယခုလိုသတိပေးချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားလုပ်အက်စ်- ၄၀၀ ဒုံးကျည်စနစ်ကို တူရကီက ဝယ်ယူလိုက်ပြီးနောက်တွင် အမေရိကန်က တူရကီကို ရောင်းချမည့် တိုက်လေယာဉ်အမျိုးအစားတစ်ခုကို ပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားလုပ်တိုက်လေယာဉ်ဝယ်ယူရေးနောက်ဆုံး ဆုံးဖြတ်ချက်ချရန် ကိစ္စသည် အမေရိကန်အပေါ်တွင် မူတည်နေကြောင်း၊ အမေရိကန်လုပ် အက်ဖ်-၃၅ ကိုယ်ပျောက်ဂျက်တိုက်လေယာဉ်များ တူရကီသို့ ရောင်းမည့်ကိစ္စ အပေါ် သမ္မတထရမ့်၏ ဆိုင်းငံ့ထားမှုကို ရုပ်သိမ်းပေးရန်လည်း အာဒိုဂန်က တိုက်တွန်းလိုက်ကြောင်း သိရသည်။

ရုရှားလုပ် အက်စ်-၄၀၀ ဒုံးကျည်စနစ်ကို တူရကီက ဝယ်ယူလိုက်သည့်အပေါ် လက်တုံ့ပြန်သည့်အနေဖြင့် တိုက်လေယာဉ်ရောင်းမည့်ကိစ္စကို အမေရိကန်က ဆိုင်းငံ့ထားကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်စနစ်သည် နေတိုးအဖွဲ့၏ လက်နက်စနစ်များ၊ အထူးသဖြင့် အက်ဖ်-၃၅ ကိုယ်ပျောက်တိုက်လေယာဉ် နည်းပညာကို ထိခိုက်စေနိုင်ကြောင်း အမေရိကန်က ပြောသည်။

**အေအက်ဖ်ပီ**



တူရကီသမ္မတ ရီဆတ်တေရစ်အာဒိုဂန်

# အမေရိကန်သို့ ဖက်တာနိုင်း မှောင်ခိုရောင်းချမှုဖြင့် တရုတ်နိုင်ငံက လူကိုးဦးကို ပြစ်ဒဏ်ချမှတ်

**ပေကျင်း နိုဝင်ဘာ ၇**

အမေရိကန်နိုင်ငံများသို့ ဖက်တာနိုင်း ဆေးဝါးများ မှောင်ခိုရောင်းချမှုဖြင့် လူကိုးဦးကို တရုတ်နိုင်ငံက နိုဝင်ဘာ ၇ ရက်တွင် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ဖက်တာနိုင်းသည် မော်ဖင်းထက် အဆပေါင်းများစွာ ပြင်းထန်သည့် ဆေးဝါး တစ်မျိုးဖြစ်ပြီး ဖက်တာနိုင်းကြောင့် အမေရိကန်ပြည်ထောင်စု၌ လူ ၁၀၀ ကျော် သေဆုံးစေခဲ့ကြောင်း အမေရိကန်အာဏာပိုင်များက ပြောသည်။

နိုင်ငံအတွင်း ဆေးစွဲမှုနှုန်း မြင့်တက်လာရသည့် အကြောင်းရင်း တစ်ခုအဖြစ် အမေရိကန်က တရုတ်နိုင်ငံကို စွပ်စွဲခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံသည် ဖက်တာနိုင်းမှောင်ခိုရောင်းချမှုကို နှိမ်နင်းရန် ပေးအပ်ခဲ့သည့် ကတိကဝတ်ကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း အပြစ်တင်ခဲ့သည်။

တရုတ်နှင့် အမေရိကန်တို့ အကြား ကုန်သွယ်ရေးညှိနှိုင်း ဆွေးနွေးမှုများ တစ်နှစ်ကျော်ကြာ အောင် မပြေမလည် ဖြစ်ခဲ့ပြီးနောက် ကမ္ဘာ့အင်အားကြီး နိုင်ငံများက အပြီးသတ် သဘောတူညီမှုရရှိရေး ကြိုးပမ်းလျက်ရှိချိန်တွင် အဆိုပါ ပြစ်ဒဏ်စီရင်မှု ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်က အဆိုပါပြစ်ဒဏ်စီရင်မှုကို ဖက်တာနိုင်း မှောင်ခိုရောင်းချမှုတွင် အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံ ပူးတွဲစုံစမ်းစစ်ဆေးမှု၏ ပထမဆုံး အောင်မြင်မှုအဖြစ် ဖော်ပြခဲ့သည်။ ဟီဘေး၌ ပြစ်ဒဏ်ကျခံရသူ ကိုးဦး အနက် တစ်ဦးကို ထောင်ဒဏ် တစ်သက်တစ်ကျွန်းနှင့် ဆိုင်းငံ့ ပြစ်ဒဏ်နှစ်နှစ် ချမှတ်ခဲ့သည်။

**အေအက်ဖ်ပီ**

# တောင်ကိုရီးယားနိုင်ငံက ၂၀၂၂ ခုနှစ်တွင် တပ်ဖွဲ့ဝင်အင်အား ၅၀၀၀၀၀ အထိ လျှော့ချမည်

**ဆိုးလ် နိုဝင်ဘာ ၇**

တောင်ကိုရီးယားနိုင်ငံသည် လာမည့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံ၏တပ်ဖွဲ့ဝင် အင်အား ၅၀၀၀၀၀ အထိလျှော့ချရန် စီစဉ်ထားကြောင်း တောင်ကိုရီးယား စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၆ ရက်က ပြောကြားခဲ့သည်။

ပြည်သူများ စစ်မှုထမ်းနိုင်စွမ်း လျော့ကျလာမှုအတွက် ပြင်ဆင်ရန် ၂၀၂၂ ခုနှစ်ထက် နောက်မကျစေဘဲ တပ်ဖွဲ့ဝင်အင်အား ၅၀၀၀၀၀ ခန့်အထိ လျှော့ချသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၏ တပ်ဖွဲ့ဝင် အရေအတွက်သည် ၂၀၁၈ ခုနှစ်တွင် ၅၉၉၀၀၀ ရှိကြောင်း ၂၀၁၈ ခုနှစ် ပါလီမန်သို့ တင်သွင်းခဲ့သည့် အစိုးရ၏ ကာကွယ်ရေး အစီရင်ခံစာအရ သိရသည်။

နိုင်ငံ၏ တပ်ဖွဲ့ဝင်အရေအတွက်ကို ၂၀၂၅ ခုနှစ်တွင် ၂၂၅၀၀၀ သို့လည်းကောင်း၊ ၂၀၃၈ ခုနှစ်တွင် ၁၆၁၀၀၀ သို့လည်းကောင်း လျှော့ချသွားရန် မျှော်မှန်းထားကြောင်း သိရသည်။

လျှော့ချလိုက်သည့် တပ်ဖွဲ့ဝင် အင်အားနေရာတွင် လက်နက် တပ်ဆင်ထားသည့် ဒရုန်းများ၊ ထောက်လှမ်းရေး ဂြိုဟ်တုများနှင့် လက်နက် တပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်များ အသုံးပြုကာ သိပ္ပံနှင့် နည်းပညာအခြေပြု မဟာဗျူဟာအပေါ် အာရုံစိုက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံသားများအဖြစ် ခံယူထားသူများစစ်မှုမထမ်းမနေရ ဥပဒေအပေါ် ပြန်လည်သုံးသပ်မည်ဟုလည်း သိရသည်။

**ဆင်ဟွာ**

# ပါရီသဘောတူညီချက်မှ အမေရိကန်ထွက်ခွာမည့် ဆုံးဖြတ်ချက်ကြောင့် ကမ္ဘာ့နိုင်ငံများ စိုးရိမ်

**ထွန်းသစ်စ**

ပါရီ ရာသီဥတုသဘောတူညီချက်ကနေ နုတ်ထွက်တော့မယ်လို့ အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂအဖွဲ့ကြီးကို သတိပေးလိုက်တယ်ဆိုတဲ့ သတင်းဟာ တခြားအင်အားကြီး နိုင်ငံတွေအတွက် စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်စေခဲ့တယ်လို့ ဒီနေ့ နိုင်ငံတကာရေးရာမှာ ရေးသားဖော်ပြလိုက်ပါတယ်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အနေနဲ့ ကမ္ဘာကြီးမှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေမြင့်တက်လာတာကို ဒိဋ္ဌဓမ္မတွေ့မြင်ရမယ်ဆိုရင်တောင် ပါရီသဘောတူညီချက်မှ နုတ်ထွက်မယ့်သူ့ရဲ့ ဆုံးဖြတ်ချက်ကို ဆက်လက်လုပ်ဆောင်သွားမယ့် သဘောကိုတွေ့မြင်နေရပါတယ်။

**အမေရိကန်စီးပွားရေးအတွက် အကျိုးမရှိ**

အမေရိကန်ဟာ သူ့ရဲ့ နုတ်ထွက်စာကို သူ့ရဲ့နောင်တော် သမ္မတ အိုဘားမား ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့တဲ့နေ့နဲ့မရှေးမနှောင်းမှာပဲ ကုလသမဂ္ဂအဖွဲ့ကြီးကို တင်သွင်းသွားမယ်လို့ ဆိုပါတယ်။ အဲဒီလိုပြုလုပ်ခြင်းအားဖြင့် ပါရီသဘောတူညီချက်မူဘောင်အပြင်ကနေပြီး ကမ္ဘာ့စီးပွားရေးဈေးကွက်ကို တစ်ဦးတည်း လွှမ်းမိုးချင်တဲ့သဘောများလားဆိုတာတော့ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

အမေရိကန်ပြည်ထောင်စုဟာ ပါရီသဘောတူညီချက်ကနေပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်မှာ တရားဝင်နုတ်ထွက်မှာဖြစ်ပါတယ်။ အဲဒီနေ့ဟာ အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပပြီး နောက်တစ်နေ့ဖြစ်မယ်လို့ ဆိုပါတယ်။ ရွေးကောက်ပွဲမှာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အနေနဲ့ သူ့ရဲ့ ဒုတိယသမ္မတသက်တမ်းရွေးကောက်ခံရရေးအတွက် ပညာတတ်အသိုင်းအဝိုင်းရဲ့ပါဝင်ထောက်ခံမှုရရှိမယ်လို့ မျှော်လင့်ထားကြောင်းလည်း သိရပါတယ်။

ပါရီသဘောတူညီချက်ကနုတ်ထွက်မယ့် ကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဒီသဘောတူညီချက်ဟာ အမေရိကန်စီးပွားရေးအပေါ် အကျိုးမရှိစေနိုင်ဘူးဆိုပြီး ၂၀၁၇မှာတုန်းကပြောခဲ့တဲ့ ထရမ့်ရဲ့ အခြေခံသဘောတရားတစ်ခုကို ပြန်ပြောင်း ပြောကြားခဲ့ပါတယ်။

**စစ်မှန်ပြီး လက်တွေ့ဆန်တဲ့ ပုံစံမျိုးသဘောကျ**

ပါရီသဘောတူညီချက်ဟာ အမေရိကန်ပြည်ထောင်စုအတွက်တော့ တင်းကျပ်တဲ့ချုပ်ချယ်မှုတစ်ခုဖြစ်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဖောက်စ်စီးပွားရေးကွန်ရက်ကို ပြောကြားခဲ့ပါတယ်။ ဒီသဘောတူညီချက်ဟာ အမေရိကန်ပြည်သူတွေနဲ့ အလုပ်သမားတွေအပေါ် မတရားဘူးလို့လည်း သူက ပြောလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ တကယ့်ကိုစစ်မှန်ပြီး လက်တွေ့ဆန်တဲ့ပုံစံမျိုးကိုပဲ အားပေးကြောင်း ထုတ်ပြန်လိုက်တဲ့ ကြေညာချက်မှာ မိုက်ပွန်ပီအိုက ဖော်ပြခဲ့ပါတယ်။ တကယ့်ကို စစ်မှန်ပြီး လက်တွေ့ဆန်တဲ့ပုံစံမျိုးကို အားပေးတဲ့နေရာမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လိုမျိုး အရာတွေပါဝင်ပြီး ရုပ်ကြွင်းလောင်စာတွေကိုတော့ မူလအခြေအနေအတိုင်းထိန်းသိမ်းသွားမယ်လို့ ဆိုပါတယ်။

**စိတ်မကောင်းဖြစ်ကြ**

ထရမ့်ကို ပါရီသဘောတူညီချက်က မထွက်ဖို့ နားချဖျောင်းဖျလို့ မအောင်မြင်တဲ့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကတော့ အမေရိကန်ရဲ့ ဆုံးဖြတ်ချက်အပေါ် စိတ်မကောင်းဖြစ်ခဲ့ပါတယ်။

“ဒီအပေါ် ကျွန်တော်တို့ စိတ်မကောင်းဖြစ်မိပါတယ်။ ဒါက ရာသီဥတုနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေအရေး ပြင်သစ်- တရုတ် ပူးပေါင်းပါဝင်မှုထက်ကို ပိုအရေးကြီးပါတယ်”လို့ မက်ခရွန် တရုတ်နိုင်ငံကို သွားရောက်လည်ပတ်တုန်းက ပြောကြားခဲ့ပါတယ်။ တရုတ်နိုင်ငံကလည်း အမေရိကန်ရဲ့ ဆုံးဖြတ်ချက်အပေါ် စိတ်မကောင်းဖြစ်မိကြောင်း ပြောကြားခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ မက်ခရွန်တို့ ရာသီဥတုဆိုင်ရာပူးတွဲကြေညာချက်ကို လက်မှတ်မထိုးမီ ပါရီသဘောတူညီချက်က ထွက်ခွာဖို့ ဆုံးဖြတ်လိုက်တဲ့အပေါ် တရုတ်နိုင်ငံကလည်း စိတ်မကောင်းကြောင်း ပြောကြားလိုက်ပါတယ်။




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

**တကယ့်ကို ခက်ခဲ**

အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာ့ရာသီဥတုဖြစ်စဉ်မှာ ပိုပြီး တာဝန်ရှိသူအဖြစ်ရော နိုင်ငံပေါင်းစုံ သို့မဟုတ် ဘက်ပေါင်းစုံပါဝင်အောင်လုပ်ဆောင်တဲ့နေရာမှာ အရေးကြီးတဲ့ မောင်းနှင်အားအဖြစ်ပါ မိမိတို့အနေနဲ့ မျှော်လင့်ထားတယ်လို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂမ်ရှောင်က ပြောပါတယ်။

အမေရိကန်အနေနဲ့ ပါရီသဘောတူညီချက်က နုတ်ဆက်ထွက်ခွာတာဟာ ပါရီသဘောတူညီချက်ကို တကယ့်ကို ကပြောင်းကပြန်ဖြစ်စေတယ်လို့ ရုရှားကလည်း သတိပေးပါတယ်။ ကမ္ဘာ့အင်အားအကြီးဆုံးစီးပွားရေးအင်အားစုကြီးမရှိဘဲ ရာသီဥတုဆိုင်ရာ သဘောတူညီချက်ကို ပြောဆိုဆွေးနွေးဖို့ဆိုတာ တကယ့်ကိုပဲ ခက်ခဲပါတယ်လို့ ရုရှားသမ္မတ ဗလာဒီမာပူတင်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စ်ကော့ဗ်က သတင်းထောက်များကို ပြောပါတယ်။

ကမ္ဘာမှာ ဒုတိယဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအများဆုံးနိုင်ငံဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုဟာ စပိန်မှာ အခုလကျင်းပမယ့် စီအိုပီရာသီဥတုဆိုင်ရာ ညီလာခံကိုတက်ရောက်မယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထိပ်တန်းအရာရှိတစ်ဦးက ပြောပါတယ်။

**နိုင်ငံရေးသဘောနဲ့ ရှုမြင်နေတယ်လို့ ဝေဖန်**

စီးပွားရေးတိုးတက်မှုတွေ ဖြစ်နေလင့်ကစား အမေရိကန်ပြည်ထောင်စုဟာ သူ့ရဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၀၅ ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ၁၃ ရာခိုင်နှုန်း လျှော့ချခဲ့တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက သူ့ရဲ့ကြေညာချက်မှာ ပြောကြားခဲ့ပါတယ်။

သို့သော်လည်း ၂၀၁၇ခုနှစ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်လက်ထက်မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်နည်းကိုင်နည်းတွေကို ပြောင်းလဲ လာခဲ့ပါတယ်။ သို့သော်လည်း ကယ်လီဖိုးနီးယားနဲ့ နယူးယောက်လိုမျိုးပြည်နယ်တွေကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ဆောင်ဖို့ ကြိုးစားလာခဲ့ပါတယ်။

အထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီမှ ထိပ်တန်းဒီမိုကရက်အမတ်တစ်ဦးဖြစ်တဲ့ ရောဘတ် မီနန်ဒက်ဇ်က ထရမ့်အစိုးရဟာ သူ့ရဲ့ မဟာမိတ်တွေကို မမှုကြောင်းပြဆိုနေသလို တကယ့် အချက်အလက်တွေကိုလည်း မျက်ကွယ်ပြုပြီး ကမ္ဘာ့အရေးအကြီးဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုကြီးကိုလည်း နိုင်ငံရေးသဘောနဲ့သာ ရှုမြင်နေပုံရတယ်လို့ သုံးသပ်ဝေဖန်ထားပါတယ်။

**မျက်ခြည်မပျက်ဖို့လို**

ယခင်အမေရိကန်ပြည်ထောင်စုရဲ့ဒုတိယသမ္မတအဖြစ်မှ ရာသီဥတုနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်ဖြစ်လာတဲ့ အယ်လ်ဂိုးကတော့ နောက်လာမယ့် အမေရိကန်သမ္မတဟာ ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်ကို ရက် ၃၀ အတွင်း ပြန်လည်ဝင်ရောက်လာမယ်လို့ ဆိုပါတယ်။

ဘယ်သူတစ်ဦးတစ်ယောက်မှ ဘယ်ပါတီအဖွဲ့အစည်းကမှ မိမိတို့ရဲ့ ရာသီဥတုပဋိပက္ခဖြေရှင်းရေး လှုပ်ရှားဆောင်ရွက်မှုကို ရပ်တန့်နိုင်အောင် စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း ရာသီဥတုပဋိပက္ခ ဖြေရှင်းရေးအပေါ် စိတ်မဝင်စားဘဲ ကိုယ့်လှေကိုယ်ထိုးပဲခူးရောက်ရောက်လုပ်နေပါက ကမ္ဘာကြီးရဲ့ ဒဏ်ခတ်မှုကို ပြန်ခံစားရမယ်လို့ အယ်လ်ဂိုးက ပြောပါတယ်။

ပါရီသဘောတူညီချက်အရ အပူချိန်မြင့်တက်မှုကို ၂ ဒီဂရီဆဲလ်စီးရပ်အထိ သတ်မှတ်ထားပါတယ်။ ဒီသတ်မှတ်ပမာဏကို အမြဲဆန်းစစ်နေဖို့လိုကြောင်းနဲ့ မိုးခေါင်ရေရှားဖြစ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းထန်ခြင်းကဲ့သို့သော ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုအပေါ်လည်း အမြဲမျက်ခြည်မပြတ်ဖို့လိုကြောင်း သိပ္ပံပညာရှင်တွေက ပြောပါတယ်။

အမေရိကန်သမ္မတထရမ့်အနေနဲ့ ဒီရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်နည်းလုပ်ဟန်တွေနဲ့ပတ်သက်ပြီးတော့လည်း ဝေဖန်မှုတွေခံနေရတာ ရှိပါတယ်။ ရီပတ်ဘလစ်ကန်ပါတီရဲ့ ၆၀ ရာခိုင်နှုန်းလောက်ဟာ လူသားတွေကြောင့် ရာသီဥတုပြောင်းလဲလာတယ်ဆိုတဲ့အချက်အပေါ် သဘောတူခဲ့ကြပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ ပါရီရာသီဥတု သဘောတူညီချက်က ထွက်ခွာဖို့ ဆုံးဖြတ်ချက်ချခဲ့ခြင်းကြောင့် ဘယ်လို ဆက်ဖြစ်လာဦးမလဲဆိုတာတော့ လေ့လာရပါဦးမယ်။ ॥ **ကိုးကား- အေအက်ဖ်ပီ**

**နိုင်ငံတကာသတင်းတိုထွာ**

## အာဖဂန်အရှေ့ပိုင်း၌ အမျိုးသမီးပုံစံရုပ်ဖျက်ထားသည့် အိုင်အက်စ်အဖွဲ့ဝင်များကို ဖမ်းဆီး

ဂျလာလာဘတ် နိုဝင်ဘာ ၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် စစ်ဆင်ရေးတစ်ခုအတွင်း အမျိုးသမီးဝတ်စုံများဝတ်ဆင်ကာ ရုပ်ဖျက်ထားသည့် အိုင်အက်စ်စစ်သွေးကြွ လေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့က နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့များအား ရှာဖွေရှင်းလင်းသည့် စစ်ဆင်ရေးဆောင်ရွက်နေသည့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များရှိရာ အက်စ်ချင်ခရိုင်တွင် နိုဝင်ဘာ ၆ ရက်က တပ်ဖွဲ့ဝင်များလက်မှ လွတ်မြောက်စေရန် အမျိုးသမီးအဝတ်အစားများနှင့် မျက်နှာဖုံးများဝတ်ဆင်ခဲ့သည့် စစ်သွေးကြွ လေးဦးကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်မြောက်ပိုင်း၌ အမေရိကန်၏ အက်ဖ် ၁၆ တိုက်လေယာဉ် မတော်တဆ ဗုံးလွှတ်ချမှုဖြစ်ပွား

တိုကျို နိုဝင်ဘာ ၇

ဂျပန်နိုင်ငံမြောက်ပိုင်း အိုမိုရီစီရင်စုရှိ လေ့ကျင့်ကွင်းပြင်ပ၌ အမေရိကန်တိုက်လေယာဉ်တစ်စင်း မတော်တဆဗုံးလွှတ်ချမှု နိုဝင်ဘာ ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အက်ဖ် ၁၆ တိုက်လေယာဉ် မတော်တဆဗုံးလွှတ်ချမှုဖြစ်ပွားခဲ့ကြောင်း ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များထံမှ အကြောင်းကြားမှုရရှိခဲ့ပြီးနောက် အဆိုပါသတင်းကို ဒေသအစိုးရအဖွဲ့ထံသို့ အကြောင်းကြားခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အမေရိကန် မီဆာဝါ လေတပ်အခြေစိုက်စခန်း၌ ချထားသည့် အက်ဖ် ၁၆ တိုက်လေယာဉ်သည် နိုဝင်ဘာ ၇ ရက် ညနေ ၆နာရီ ၃၀ ခန့်တွင် အခြေစိုက်စခန်းမြောက်ဘက်၌ လေ့ကျင့်ရေးကိရိယာ တစ်ခုကို လွှတ်ချခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

လွှတ်ချလိုက်သည့် ဗုံးမှာ ဗုံးအတုဖြစ်ကြောင်းနှင့် မတော်တဆဗုံးလွှတ်ချမိမှုတွင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု ရှိမရှိ သတင်းဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို စေတီတော်ထီးတော်တင်လှူပူဇော်စဉ်။

## ကယားပြည်နယ်ဝန်ကြီးချုပ် ကျိုက်ထီးရိုးတောရကျောင်း စေတီတော် ထီးတော်တင်လှူပူဇော်ပွဲသို့ တက်ရောက်

**မယ်စဲ့ နိုဝင်ဘာ ၇**

ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်ဟူးကျေးရွာ ကျိုက်ထီးရိုးတောရကျောင်းတွင် တည်ထားကိုးကွယ်လျက်ရှိသော စေတီတော်မြတ်ကြီးအားပြန်လည်ပြုပြင်၍ ရွှေထီးတော်တင်လှူခြင်း၊ တံခွန်တိုင်၊ ဘုရားပလ္လင်၊ ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ကျိုက်ထီးရိုးတောရကျောင်း၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအုံ့မော်၊ ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဖိတ်ကြားထားသောအလှူရှင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဆရာတော်ဘဒ္ဒန္တပညာစက္ကထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော်များထံ ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ရေများ ဆက်ကပ်လှူဒါန်းကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို လက်ယာရစ် လှည့်လည်ပူဇော်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်မြတ်ကို ပန်းရထားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ကျိုက်ထီးရိုးတောရကျောင်း စေတီတော်ပေါ်သို့ တင်လှူပူဇော်ခဲ့ကြသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## မွန်ပြည်နယ်အစိုးရ ဝယ်ယူထားသော မီးသတ်ယာဉ်များကို မြို့နယ်များသို့ပေးအပ်

**မော်လမြိုင် နိုဝင်ဘာ ၇**

မွန်ပြည်နယ်အစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သော မီးသတ်ယာဉ်များကို မြို့နယ်များသို့ ပေးအပ်ပွဲကို နိုဝင်ဘာ ၄ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်မီးသတ်ဦးစီးဌာနရုံးဝင်း၌ ကျင်းပခဲ့ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ချုပ် ဦးခင်မောင်ကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်ယာဉ်များကို မြို့နယ်အလိုက် မီးသတ်တပ်ဖွဲ့များထံသို့ လွှဲပြောင်းပေးအပ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါမီးသတ်ယာဉ်သစ်များဖြင့် ရေပက်ဖျန်း၍ မီးငြိမ်းသတ်မှု သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးသတ်ယာဉ်များ ပေးအပ်ပွဲတွင် မွန်ပြည်နယ်အစိုးရ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူခဲ့သော မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေ သယ်ယာဉ် ရှစ်စီးနှင့် အမြှုပ်မီးသတ်ယာဉ်တစ်စီးကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မီးသတ်ယာဉ်များကို မြို့နယ်များသို့ လွှဲပြောင်းပေးစဉ်။

## အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမြို့နယ်အဆင့် မိတ်ဆက်ရှင်းလင်း

**ပေါက် နိုဝင်ဘာ ၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန International Fund for Agricultural Development (IFAD)နှင့် ပေါင်းစုလုပ်အား အကူညီပေးရေးအဖွဲ့(NAG)တို့ ပူးပေါင်း၍ အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမြို့နယ်အဆင့် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့က ပေါက်မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဝင်း၊ ပေါင်းစု လုပ်အား အကူညီပေးရေးအဖွဲ့ Project Coordinator ဦးဝေလင်းချိုတို့က စီမံကိန်းလုပ်ငန်းစဉ်များ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို တိုင်းဒေသကြီးအတွင်းရှိ ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်တို့တွင် လည်း ကောင်း၊ ချင်းပြည်နယ် မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့တွင် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ ခြောက်နှစ်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို IFAD မှ ထောက်ပံ့ငွေ(၃ ဒသမ ၉၇၈ သန်း၊ အတိုးနှုန်းသက်သာသော ချေးငွေ ၈ ဒသမ ၉၈၄ သန်း၊ မြန်မာနိုင်ငံအစိုးရမှ ထည့်ဝင်ငွေ ဝ ဒသမ ၉၉၄ သန်း၊ ပြည်သူများမှ ထည့်ဝင်ငွေ ဝ ဒသမ ၇၈ သန်း၊ ပူးပေါင်းဆောင်ရွက်မည့် မိတ်ဖက်အဖွဲ့အစည်းများမှ ထည့်ဝင်ငွေ ၁ ဒသမ ၀၅ သန်း၊ Development Partners များမှ ထည့်ဝင်ငွေ ၄ ဒသမ ၄၇၁ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၅၇ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ Focal အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် ပေါင်းစု လုပ်အား အကူညီပေးရေးအဖွဲ့တို့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## ထားဝယ်တွင် လူထုအမှတ်သညာပွဲတော် ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၇**

ဒေသအတွင်း လူမှုအဖွဲ့အစည်းတစ်ခု ပြောင်းလဲလာပုံကို လူထုကြားက သမိုင်းအဖြစ် ချဉ်းကပ်လေ့လာကာ ဓာတ်ပုံမှတ်တမ်းများ၊ အနုပညာပစ္စည်းများဖြင့် ပြပွဲအဖြစ် ခင်းကျင်းပြသရန် ရည်ရွယ်ချက်ဖြင့် လူထုအမှတ်သညာပွဲတော်ကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားရင်ပြင်၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးဦးကျော်မင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးအောင်သူရ၊ လူမှုရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက ရွှေဝယ်သီရိ အားကစားရင်ပြင်၌ ခင်းကျင်းပြသထားသော ထားဝယ်ဒေသ၏ အထင်ကရ ပုဂ္ဂိုလ်မှတ်တမ်းများ၊ ပန်းချီပညာရှင်များ၏ ပုံတူပန်းချီလက်ရာ ရေးဆွဲနေမှုများ၊ စာအုပ်စာပေများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြသည်။



လူထုအမှတ်သညာပွဲတော်သို့ လာရောက်လေ့လာကြသော ထားဝယ်မြို့နေ လုံမပျိုလေးများ။

လူထုအမှတ်သညာပွဲတော်ကို နိုဝင်ဘာ ၉ ရက်အထိ ခင်းကျင်းပြသပေးထားမည်ဖြစ်ပြီး နိုဝင်ဘာ ၆ ရက်က ထားဝယ်ရိုးရာအက၊ ထားဝယ်ပုံရိပ်သမိုင်းပြပွဲ၊ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု၊ သမိုင်းဝင်ဓာတ်ပုံများ ပါဝင်သည့် ပို့စကတ်များ ဝေငှခြင်း၊ ပန်းချီပညာရှင်များက ပန်းချီလက်တွေ့ရေးဆွဲပြသခြင်း၊ ကလေးများအတွက် ပန်းချီပွဲတော်(အထင်ကရထားဝယ်)ကို လည်းကောင်း၊ နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ထားဝယ်ပုံရိပ်သမိုင်း၊ စာပေစကားဝိုင်းနှင့် ပြိုင်ပွဲဝင်မှတ်တမ်းရုပ်ရှင် ပြသခြင်းများကိုလည်းကောင်း၊ ၉ ရက်တွင် ဆုချီးမြှင့်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်း၌ အောက်တိုဘာလအတွင်း ရှယ်ယာသုံးသိန်းကျော် အရောင်းအဝယ်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်စတော့အိတ်ချိန်း၌ အောက်တိုဘာလအတွင်း အစုရှယ်ယာအရေအတွက် သုံးသိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ ငါးခုသည် Normal Trading စနစ်ဖြင့် အစုရှယ်ယာပေါင်း ၂၅၉၂၄၅ စုနှင့် Block Trading စနစ်ဖြင့် အစု ၁၁၀၀၀၀ ၊ စုစုပေါင်းရှယ်ယာ ၃၆၉၂၄၅ သန်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေကျပ်သန်းပေါင်း ၁၇၇၈ ဒသမ ၅၉ ဖိုး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော စတော့ဈေးကွက်အခြေအနေနှင့် ပတ်သက်၍ ရန်ကုန်စတော့အိတ်ချိန်းအမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက "အောက်တိုဘာလအတွင်း ဈေးကွက်အနေနဲ့က အရောင်းအဝယ်မှာ ဩဂုတ်နဲ့စက်တင်ဘာလထက်စာရင် ၁၀ ရာခိုင်နှုန်းလောက် လျော့ကျခဲ့တာကို တွေ့ရပါတယ်။ အစောပိုင်းကာလတွေမှာတော့ ကုမ္ပဏီတွေအနေနဲ့ အမြတ်ဝေစုခွဲပေးတဲ့ကာလဆိုပြီး သတ်မှတ်ချက်တွေရှိတော့ ဝယ်သူတွေက ရှယ်ယာကို ဝယ်ကြတယ်ပေါ့။ ခုနောက်ပိုင်း အောက်တိုဘာလို ကာလကျတော့ အမြတ်ဝေစုပေးတဲ့ ကာလလည်း ကျော်လွန်သွားပြီဆိုတော့ အရောင်းအဝယ်က နည်းနည်းပြန်ပြီးအေးတယ်ပေါ့ " ဟုသုံးသပ်ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ရောဝတီတိုင်းဒေသကြီးတွင် စပါးမျိုးစိတ်သစ် ဧက ၂၀၀၀ စမ်းသပ်စိုက်ပျိုး၍ တရုတ်ပြည်မှ ဝယ်ယူမည်

**ရန်ကုန် နိုဝင်ဘာ ၇**

တရုတ်နိုင်ငံအတွင်း စားသုံးမှုများသည့် စပါးမျိုးစိတ်သစ်တစ်မျိုးအား ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ဧက ၂၀၀၀ တွင် စတင်စမ်းသပ်စိုက်ပျိုး၍ တရုတ်နိုင်ငံမှ ပြန်လည်ဝယ်ယူမည်ဖြစ်ပြီး စပါးမျိုးစိတ်အား ယခုနွေစပါးကာလတွင် စိုက်ပျိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှ ဆန်ကို အများဆုံးတင်သွင်းလျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံမှ တစ်နှစ်လျှင် ဆန်တန်ချိန်တစ်သိန်းခန့်ဝယ်ယူရန် တောင်းဆိုမှုရှိခဲ့သည်။ ပြန်လည်ဝယ်ယူမည့် စပါးအမျိုးအစားအတွက် ဆန်စက်များမှတစ်ဆင့် တောင်သူတို့ထံ မျိုးစိတ်ကို ပြန်လည်ဖြန့်ဖြူးပေးသွားမည်ဖြစ်၍ အဆိုပါမျိုးစိတ်အား မြန်မာအမည်ဖြင့် အသုံးပြုသွားမည် ဖြစ်သည်။

ယင်းမျိုးစိတ်သစ်သည် နွေစပါးမျိုးရင်းဖြစ်ပြီး တရုတ်နိုင်ငံတွင် စိုက်ပျိုးရာ၌ တစ်ဧကလျှင် တင်း ၁၃၀ ထွက်ရှိ၍ ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးပါက တင်း ၁၀၀ ထွက်ရှိရန် မျှော်မှန်းထားကာ ရာသီဥတုဒဏ်နှင့် ပိုးမွှားဒဏ်ကို ခံနိုင်သည့်အတွက် တရုတ်နိုင်ငံ၏ ဈေးကွက်တွင် နေရာရရှိနေသော မျိုးစပါးဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးဈေးကွက်တွင် ပြည်ပပို့ကုန်ဆန်ဖြူတစ်တန်လျှင် ၃၇၅၊ ၃၈၅ ဒေါ်လာရရှိပြီး ယခုစိုက်ပျိုးမည့် မျိုးစိတ်သစ်သည် ဗီယက်နမ်နိုင်ငံမှ တစ်တန်လျှင် ဒေါ်လာ ၄၇၀ ခန့်ဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူလျက်ရှိရာ မြန်မာနိုင်ငံတွင် ထုတ်လုပ်ပါက တစ်တန်လျှင် ဒေါ်လာ ၄၀၀ ခန့်ရရှိမည်ဟု မျှော်မှန်းထားသည်။

"ကျွန်တော်တို့ ညှိနှိုင်းနေပါတယ်။ မျိုးစပါး တန် ၃၀ စသွင်းပြီး နွေစပါးမှာ အချိန်မီအောင် ကြိုးစားနေပါတယ်။ စိုက်ချိန်နီးကပ်နေတော့ မီသလောက် စိုက်သွားမယ်။ သတ်မှတ်ဧကတော့ မပြည့်နိုင်ဘူး။ ပထမဆုံး စတင်စမ်းသပ်စိုက်ပျိုးတဲ့ အဆင့်ဆိုပေမယ့် ဈေးကွက်လည်း ရှိတယ်။ မျိုးစေ့ဖြန့်ဖြူးပေးမယ့် ကုမ္ပဏီအနေနဲ့လည်း ထွက်သမျှစပါးကို ပြည်တွင်းဈေးထက် ပိုပြီးဝယ်ယူမယ်။ မျိုးစပါးအဖြစ် ထုတ်လုပ်မယ်ဆိုရင်လည်း ကုမ္ပဏီက ယူမယ်လို့ နှုတ်ကတိရှိထားပါတယ်။ သဘောတူညီမှုရေးထိုးတာ၊ မျိုးစိတ်ဥပဒေပိုင်းဆိုင်ရာတွေ၊ ဒေသနဲ့ ကိုက်ညီမှု ရှိ မရှိ စမ်းသပ်စိုက်ပျိုးမှုတွေ လုပ်ဆောင်ဖို့လည်း ရှိပါသေးတယ်။ စိုက်ကြည့်မှ သိမှာဖြစ်တဲ့အတွက် စမ်းသပ်စိုက်ပျိုးမှု စတင်လုပ်ဆောင်ရမှာပါ။ အဓိက တောင်သူတွေအဆင်ပြေဖို့ပါ" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင်ရှိသော ဆည်ရေသောက်ဧရိယာတွင် ပထမဆုံးစမ်းသပ်စိုက်ပျိုးမည်ဖြစ်ရာ မြန်မာပြည်အထက်ပိုင်းသို့ တဖြည်းဖြည်း တိုး၍စိုက်ပျိုးရန် မျှော်မှန်းထားကြောင်း သိရသည်။

**သန်းထိုက်**

## မြန်မာ-ဂျပန်အသင်း၏ တက္ကသိုလ်ပညာသင်ဆုအတွက် အဆိုပြုလွှာများ ခေါ်ယူ

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာ-ဂျပန်အသင်း (MJA) သည် မြန်မာ-ဂျပန်အသင်း၏ တက္ကသိုလ်ပညာသင်ဆုအဖြစ် ၂၀၁၉ ဒီဇင်ဘာ ၁ ရက်တွင်စတင်မည့် ၂၀၁၉-၂၀၂၀ စာသင်နှစ်အတွက် တက္ကသိုလ်ဒုတိယနှစ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅ ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် တက္ကသိုလ်အလိုက် အောက်ပါအတိုင်း စိစစ်ရွေးချယ်ပေးအပ်သွားမည် ဖြစ်သည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) ဂျပန်ဘာသာအဓိက ၁၅ ဦး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL) ဂျပန်ဘာသာအဓိက ၁၅ ဦး၊ ပညာရေးတက္ကသိုလ်(ရန်ကုန်) ၁၀ ဦး၊ ပညာရေးတက္ကသိုလ်(စစ်ကိုင်း) ၁၀ ဦး၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၀ ဦး၊ နည်းပညာတက္ကသိုလ်(ရန်ကုန်) ငါးဦး၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ငါးဦးနှင့် သူနာပြုတက္ကသိုလ်(ရန်ကုန်) ငါးဦး တို့ ခေါ်ယူမည်ဖြစ်ပြီး အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်းမှ သတ်မှတ်ထား သည့် အဆိုပြု လွှာများကို အသုံးပြု၍သာလျှင် မြန်မာ-ဂျပန်အသင်းသို့ (၃၁-၁၂-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ အဆိုပြုလွှာများအား တက္ကသိုလ်များအလိုက် ပေးပို့ထားရှိပြီးဖြစ်၍ အသေးစိတ်အချက်အလက်များကို တက္ကသိုလ်အလိုက် စုံစမ်းဆက်သွယ်ရယူ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲ တတိယနေ့ နေ့လွှတ်အရုပ်များယှဉ်ပြိုင်

**တောင်ကြီး နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၏ အထင်ကရပွဲတော်တစ်ခုဖြစ်သော တန်ဆောင်တိုင်ပွဲတော်တွင် နိုဝင်ဘာ ၆ ရက် တတိယနေ့၌ နေ့လွှတ်အရုပ်များဖြစ်သည့် ခြေနှစ်ချောင်း၊ ခြေလေးချောင်းအုပ်စုများ ယှဉ်ပြိုင်လျက်ရှိသည်။

တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်နေ နေ့လွှတ်အရုပ်မီးဆရာကျော်ကြီးက ပြိုင်ပွဲဝင်ရန်အတွက် ပွဲတော်မစမီ ၁၅ ရက်အကြိုကတည်းက နေ့လွှတ်ခိုငှက်ရုပ်ကို စတင်ပြုလုပ်ကြောင်းနှင့် ဆီဆိုင်စက္ကူအရွက် ၄၀၀ နှင့် ကုန်ကျငွေ ၉ သောင်းကျပ်ဖြစ်ပြီး ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်က ပထမအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ကာ ကုန်ကျမှုသက်သာပြီး ၂၀၁၉ ခုနှစ်တွင် ကုန်ကျမှုများကြောင်း၊ ယှဉ်ပြိုင်မည့် နေ့လွှတ်အရုပ်မှာ ခိုငှက်ရုပ်ဖြစ်ကြောင်း ပြောသည်။



တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲ တတိယနေ့ နေ့လွှတ်အရုပ် ယှဉ်ပြိုင်လွှတ်တင်နေစဉ်။

အဆိုပါ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်၌ မီးပုံးပျံညမီးကြီး၊ စိန်နားပန်၊ နေ့လွှတ်အရုပ်များကို ဌာနဆိုင်ရာ ဒေသခံပြည်သူများ၊ လူကြီးလူငယ်မရွေး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နိုဝင်ဘာ ၆ ရက် ပွဲတော်တတိယနေ့ နေ့လွှတ်အရုပ်များကို နိုဝင်ဘာ ၅ ရက်က မလွှတ်နိုင်သည့် အရုပ်များနှင့် ပေါင်း၍ ၃၃ လုံးလွှတ်တင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## စစ်ကိုင်းတွင် အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပြပွဲတွင် ပြခန်းပေါင်း ၆၀ ကျော် ခင်းကျင်းပြသသွားမည်ဖြစ်ပြီး တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ် (ထိုင်ပေ) တို့မှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေးအတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။ ပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ နေပြည်တော်၊ ဖုန်း ၀၆၇-၄၃၀၄၄၆၊ ၀၆၇-၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ email-moctradefair@gmail.com ကိုလည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်) ဖုန်း ၀၁-၂၅၄၀၂၄၊ email-itpic.moc@gmail.com ကိုလည်းကောင်း၊ ဓေယျာကုန်သွယ်မှုဗဟိုဌာန(မုံရွာ) ဖုန်း ၀၉-၄၂၀၇၁၅၃၅၉၊ email-monywamyantrade @ gmail.com ကိုလည်းကောင်း၊ ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဖုန်း ၀၇၂-၂၂၀၂၄၊ ၀၉-၅၅၅၆၆၇၇၊ email-sdcci 2018 @ gmail.com ကိုလည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲကို တိုင်းဒေသကြီးထွက်ကုန်များ ဈေးကွက်ရရှိလာစေရန်၊ ကုန်သွယ်မှုပမာဏတိုးတက်လာစေရန်၊ ကုန်ထုတ်လုပ်ငန်းရှင်များ အချင်းချင်း ရင်းနှီးချစ်ကြည်၍ နည်းပညာများ ဖလှယ်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ အသေးစား အလတ်စား ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပ ဈေးကွက်တင်ပို့နိုင်ရေး အမယ်သစ်ပို့ကုန်အသစ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်း**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၁၁-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၈၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၆၀ ကျပ် | ၉၆၅/၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၆၅ ကျပ် | ၈၉၅/၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၆၀ ကျပ် | ၁၀၁၅/၁၀၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၈ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၈၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၈ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၅၃ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၇ . ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၄၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၁ . ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၇ . ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၂၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၄၄၈ | ၄၉၆၁၅၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၃၃၇၉ | ၁၃၃၄၇၀၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၇၆ | ၆၂၃၂၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၃၁ | ၂၆၀၁၃၀၀၀ |
| TMH | ၃၀၀၀ | ၃၀၀၀ | ၁၄၃ | ၄၂၉၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခေတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com,

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ချန်ပီယံလိဂ်မှာ တောက်ပနေတဲ့ နော်ဝေကြယ်ပွင့် အီလင်ဟာလန်

**အောင်က**

ဩစတြီးယားလိဂ်နဲ့ ချန်ပီယံလိဂ်ရဲ့ ဂိုးသွင်းအကောင်းဆုံးကစားသမားကိုပြောပါဆိုရင်တော့ ဆောဘတ်အသင်းလူငယ်တိုက်စစ်မှူး ဟာလန်ကို ပြရမှာဖြစ်ပါတယ်။ ပြိုင်ပွဲစုံ ၁၆ ပွဲမှာ ၂၃ ဂိုးအထိသွင်းယူထားနိုင်တဲ့ သူ့ရဲ့ဂိုးသွင်းစွမ်းရည်ကြောင့်လည်း ထိပ်တန်းအသင်းကြီးတွေကပါ စောင့်ကြည့်ရတဲ့အခြေအနေမှာ ရှိနေပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အသက် ၁၉ နှစ်သာ ရှိနေသေးတာကြောင့်လည်း ထိပ်တန်းအသင်းတွေအနေနဲ့လာမယ့် ဇန်နဝါရီဈေးကွက်မှာ အပြိုင်လုကြဖွယ်ရှိနေတဲ့ကစားသမားတစ်ဦးလို့ ပြောရမှာဖြစ်ပါတယ်။ အသက်ငယ်ပေမယ့် တောင့်တင်းတဲ့ခန္ဓာကိုယ်နဲ့အတူ အရပ် ၆ ပေ ၃ လက်မကျော်ရှိတဲ့ ဟာလန်ဟာ ဒီနှစ်ချန်ပီယံလိဂ်ရဲ့ အကောင်းဆုံး ဂိုးသွင်းစက်တစ်လုံးလည်း ဖြစ်ပါတယ်။ သူဟာ ဒီနှစ်ချန်ပီယံလိဂ်မှာ ခုနစ်ဂိုးသွင်းယူပေးထားပြီးဖြစ်ပါတယ်။




## ကစားပုံ

ဟာလန်ဟာ ၂၁ ရာစု ထိပ်တန်း အဆင့်ရှိတဲ့ တိုက်စစ်မှူးတစ်ဦးလို့ ပြောရမှာပါ။ ကောင်းမွန်တဲ့ ကိုယ်ကာယပိုင်းနဲ့အတူ လျှင်မြန်ပြီး ဘောလုံးပညာမှာလည်း ကျွမ်းကျင်လွန်းသူ ဖြစ်ပါတယ်။ ဥပမာအနေဖြင့် ပြောရမယ်ဆိုရင် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်နဲ့တူတဲ့ ကစားသမားလို့ ပြောရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဟာလန်ဟာ အီဘရာဟီမိုဗစ် လောက် ထိပ်တန်းအဆင့် မရှိသေးပေမယ့် ပါရမီရှင် ကစားသမားတစ်ဦးဆိုတာကတော့ ငြင်းဆန်လို့မရပါဘူး။ အထူးသဖြင့် သူ့ရဲ့ဘယ်ခြေက ကောင်းမွန်လွန်းတာ ဖြစ်ပြီး ဘယ်ခြေနဲ့ သွင်းယူထားတဲ့ ဂိုးပေါင်း ၁၇ ဂိုးရှိခဲ့ပါတယ်။ ဒါ့အပြင် မြင့်မားတဲ့အရပ်အမောင်းနဲ့အတူ အမြင့်ဘောတွေကိုလည်း ကျွမ်းကျင်လွန်းသူဖြစ်ပြီး ခေါင်းတိုက်ပြီး သုံးဂိုးသွင်းယူပေးထားသူဖြစ်ပါတယ်။

## ဆောဘတ်ရဲ့ကစားဟန်

ဆောဘတ်အသင်းရဲ့ ကစားကွက်ကိုက တိုက်စစ်ဦးစားပေးကစားတာဖြစ်ပြီး ချန်ပီယံလိဂ်လေးပွဲမှာ ၁၂ ဂိုးအထိ သွင်းယူထားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ အဲဒါကတော့ ဂျန့်နဲ့ပွဲကို ၆-၂ ဂိုးနဲ့ နိုင်၊ လီဗာပူး အသင်းနဲ့ပွဲကို ၄-၃ ဂိုးနဲ့ ရှုံး၊ နာပိုလီ အသင်းကို ၂-၃ ဂိုးနဲ့ရှုံး၊ နာပိုလီ အိမ်ကွင်းပွဲစဉ်မှာ ၁-၁ ဂိုးနဲ့ သရေကျခဲ့တဲ့ပွဲတွေ ဖြစ်ပါတယ်။ ဟာလန်ဟာ အဲဒီပွဲတွေမှာ သူ့ရဲ့ အရည်အသွေးကို အကောင်းဆုံးထုတ်ပြပြီး ခုနစ်ဂိုး သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ဟာလန်ဟာ ချန်ပီယံလိဂ်အုပ်စု လေးပွဲစလုံးမှာ ဂိုးသွင်းယူနိုင်တဲ့ လေးယောက်မြောက် ကစားသမားအဖြစ်လည်း စံချိန်တင်ထားသူဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ဂိုးသွင်းကောင်းသူတစ်ဦးသာမက အသင်းဖော်တွေ ဂိုးရရှိဖို့အတွက် လေးကြိမ်တိုင် ပံ့ပိုးပေးထားသူဖြစ်ပါတယ်။

## နိုင်ငံကစားသမားဘဝ

ဟာလန်ဟာ အသက် ၁၅ နှစ်အရွယ်ကတည်းက နော်ဝေလက်ရွေးစင် လူငယ်အသင်းတွေမှာ ကစားခွင့်ရခဲ့တာဖြစ်ပြီး ဒီနှစ်အတွင်းမှာပဲ နော်ဝေလက်ရွေးစင်အသင်းရဲ့ ၂၀၂၀ ယူရိုခြေစစ်ပွဲ နှစ်ပွဲဖြစ်တဲ့ မော်တာ၊ ဆွီဒင် အသင်းတို့နဲ့ပွဲမှာ ဝင်ရောက်ကစားခဲ့တာ ဖြစ်ပြီး စပိန်နဲ့ သရေကျခဲ့တဲ့ပွဲကိုတော့ ဒဏ်ရာကြောင့် ရွေးချယ်မခံခဲ့ရပါဘူး။

ဒါပေမယ့် သူဟာ နော်ဝေ ယူ-၂၀ အသင်း အတွက် ကစားပေး ခဲ့စဉ်ကတည်းက ဂိုးသွင်းကောင်းသူ တစ်ဦးဖြစ်တာကို နော်ဝေအသင်းက ကောင်းကောင်း သိထားပြီး လာမယ့် နော်ဝေအသင်းရဲ့ ပွဲတွေမှာတော့ ဟာလန်ရဲ့ ဂိုးသွင်းခြေကို နော်ဝေအသင်း အားကိုးဖို့ရှိနေပါတယ်။

## အဖေအမွေ

တကယ်တော့ ဟာလန်ဟာ နော်ဝေလက်ရွေးစင်ကစားသမားဟောင်း အင်ဂျီဟာလန်ရဲ့ သားဖြစ်ပါတယ်။ သူဟာ ဘောလုံးအမွေကို သူ့ဖခင်ဖြစ်သူ အင်ဂျီဟာလန်ထံကနေ ရခဲ့တယ်လို့လည်း ပြောရမှာပါ။ အင်ဂျီဟာလန်ဟာ ကစားသမားဘဝ အနားမယူခင်အချိန်အထိ အင်္ဂလန်လိဂ်တွေမှာသာ ကစားနေခဲ့သူဖြစ်ပါတယ်။

ဟာလန်ဟာ သူ့ရဲ့ဖခင်ဖြစ်သူ အီဂျီအာလန်လိုပဲ နော်ဝေရဲ့ တတိယတန်းကလပ် ဘရာနီအသင်းမှာ ကစားသမားဘဝ စခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် မိုဒီအသင်းကိုပြောင်းခဲ့ပြီး သူ့ခြေစွမ်းကောင်းမွန်မှုကြောင့် ဆောဘတ်အသင်းက ၂၀၁၉ ခုနှစ် ဇန်နဝါရီမှာ ယူရို ၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အဲဒါဟာ ဆောဘတ်အသင်းရဲ့ သမိုင်းမှာတော့ တတိယမြောက် ဈေးအကြီးဆုံး ကစားသမားခေါ်ယူမှုလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ၁၁ လကြာပြီး ဂိုးတွေအများကြီးသွင်းယူနိုင်ခဲ့ပြီးတဲ့နောက်မှာတော့ ဟာလန်ဟာ ဥရောပဘောလုံးဈေးကွက်မှာတော့ ဝယ်လိုအားများတဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေပြီဖြစ်တာကြောင့် ဆောဘတ်အသင်းအတွက် အကျိုးအမြတ်အလွန်အမင်းရဖို့ကတော့ သေချာသလောက် ရှိနေပြီဖြစ်ပါတယ်။

# ဘိုင်ယန်အသင်းနည်းပြသစ်အဖြစ် အာဆင်ဝင်းဂါး ခန့်အပ်ခံရဖွယ်ရှိနေ

ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် အာဆင်နယ်အသင်း မန်နေဂျာဟောင်း အာဆင်ဝင်းဂါးအား ယခုနှစ် ဘောလုံးရာသီကုန်ချိန်အထိ သက်တမ်းရှိ ကာလတိုစာချုပ်ဖြင့် အသင်းနည်းပြသစ်အဖြစ် တာဝန်ယူရေး ကမ်းလှမ်းသွားဖွယ်ရှိနေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ပြင်သစ်လူမျိုးနည်းပြ အာဆင်ဝင်းဂါး (၇၀ နှစ်)သည် ၂၀၁၈ ခုနှစ်အတွင်းတွင် အာဆင်နယ်အသင်းနှင့် လမ်းခွဲပြီးနောက်ပိုင်း အသင်းလက်မဲ့ဖြစ်နေသူဖြစ်ပြီး နည်းပြလောကမှ အနားယူဦးမည်မဟုတ်ကြောင်း ပြောဆိုထားသူ ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့် နိုဝင်ဘာ ၃ ရက်တွင် အသင်း၏နည်းပြဖြစ်သူ နီကို ကိုဗာ့နှင့် လမ်းခွဲခဲ့ပြီးနောက် နည်းပြသစ်ခန့်အပ်ရန် စီစဉ်နေခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် အသင်း၏ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဟန်စ်ဒိုင်တာဖလစ်ခ်အား ယာယီနည်းပြအဖြစ် ခန့်အပ်ထားသည်။

ဘိုင်ယန်မြူးနစ်အသင်း တာဝန်ရှိသူများသည် အာဆင်ဝင်းဂါးအား ယခုနှစ်ဘောလုံးရာသီကုန်ချိန်အထိ သက်တမ်းရှိစာချုပ်ဖြင့် နည်းပြသစ်အဖြစ် ခန့်အပ်ပြီးနောက် ၎င်းအား နှစ်ရှည်စာချုပ်ချုပ်ဆိုရန် သို့မဟုတ် လူငယ်နည်းပြတစ်ဦးအား အစားထိုးခန့်အပ်ရန်နှင့်ပတ်သက်၍ နွေရာသီအတွင်း စဉ်းစားဆုံးဖြတ်သွားရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

နည်းပြ အာဆင်ဝင်းဂါးနှင့် ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌ ကားလ်ဟိန်းရူမင်နစ်ဂျ်တို့သည် နိုင်ငံတကာပွဲများ ကစားရန် ကလပ်အသင်းပွဲစဉ်များ ခေတ္တရပ်နားထားမည့်ကာလအတွင်း ဘိုင်ယန်အသင်းနည်းပြအဖြစ် တာဝန်ယူရေးနှင့်ပတ်သက်၍ ဆွေးနွေးသွားဖွယ်ရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ အာဆင်ဝင်းဂါးအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်း နည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါက လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် ပရီမီယာလိဂ်ပြိုင်ဘက်ဟောင်းဖြစ်သည့် စပါးအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရင်ဆိုင်ရမည်ဖြစ်သည်။

နည်းပြ အာဆင်ဝင်းဂါးသည် ဂျာမန်ဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်ခြင်းကြောင့် အာဆင်ဝင်းဂါးအား ဘိုင်ယန်အသင်းနည်းပြအဖြစ် ခန့်အပ်မည်ဆိုပါက ဘာသာစကားအခက်အခဲရှိမည် မဟုတ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ယခုနှစ် ဘွန်ဒက်စ်လီဂါပွဲစဉ် ၁၀ ကစားပြီးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ရမှတ် ၁၈ မှတ်ဖြင့် အဆင့် ၄ နေရာတွင် ရပ်တည်နေကာ ထိပ်ဆုံးမှ ဂလာဘတ်စ်အသင်းထက် လေးမှတ်လျော့နည်းနေသည်။

**ထက်အောင်**



# ဇန်နဝါရီဈေးကွက်အတွင်း ကစားသမား သုံးဦးအား ရောင်းချရန် ချယ်လ်ဆီးအသင်း စီစဉ်နေ




ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် အသင်းမှ ကစားသမား သုံးဦးအား ရောင်းချရေးအတွက် ကမ်းလှမ်းလာမှုများကို လက်ခံစဉ်းစားရန် ပြင်ဆင်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက တိုက်စစ်မှူး ဂျီယုဒ်၊ တောင်ပံကစားသမား ပီဒရိုနှင့် တောင်ပံခံစစ်မှူး မားကို့အလွန်ဆိုတို့အတွက် ထိုက်သင့်သည့် ပြောင်းရွှေ့ကြေးပမာဏဖြင့် ကမ်းလှမ်းမှုရရှိပါက အဆိုပါကစားသမားများအား ရောင်းချသွားရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ပြင်သစ်ကစားသမား ဂျီယုဒ်၊ စပိန်ကစားသမား ပီဒရိုနှင့် ချယ်လ်ဆီးအသင်း ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းများမှာ လာမည့်နွေရာသီအတွင်း ကုန်ဆုံးမည်ဖြစ်ရာ အဆိုပါ ကစားသမားများသည် လာမည့် ဇန်နဝါရီ ဈေးကွက်ကာလအတွင်းတွင် အခြားအသင်းများနှင့် အကြိုသဘောတူစာချုပ်ချုပ်ဆိုခွင့်ရှိနေသူများ ဖြစ်သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်း တာဝန်ရှိသူများက တိုက်စစ်မှူး ဂျီယုဒ်နှင့် တောင်ပံကစားသမား ပီဒရိုတို့အား လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ပြောင်းရွှေ့ကြေးအလွတ်ဖြင့် လက်မလွတ်ရစေရေးအတွက် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်တွင် ရောင်းချသွားရန် ရည်မှန်းထားခြင်းဖြစ်သည်။ အာဆင်နယ်တိုက်စစ်မှူးဟောင်း ဂျီယုဒ်သည် ချယ်လ်ဆီးအသင်းမန်နေဂျာအဖြစ် ဖရန့်လမ်းပတ် စတင်တာဝန်ယူပြီးနောက်ပိုင်း ပုံမှန်ကစားခွင့် ဆုံးရှုံးနေရသူဖြစ်သည်။ တိုက်စစ်မှူး ဂျီယုဒ်သည် ပြင်သစ်ကလပ်များသို့ ပြန်လည်ပြောင်းရွှေ့ဖြစ်နိုင်သည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်နေပြီး ဝက်စ်ဟမ်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ကလည်း ဂျီယုဒ်အား ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည်ဟု ဆိုသည်။

ချယ်လ်ဆီးအသင်း မန်နေဂျာ လမ်းပတ်သည် အသင်းအား လူငယ်ကစားသမားများဖြင့် တည်ဆောက်ရန် ပြင်ဆင်နေပြီး ချယ်လ်ဆီးသို့ ပူလီဆစ် ရောက်ရှိလာခြင်းကြောင့် ပီဒရိုသည် ချယ်လ်ဆီးအသင်းတွင် ပုံမှန်ကစားခွင့်ရရှိရန် ရုန်းကန်နေရသည်။

ချယ်လ်ဆီးအသင်းသည် လာမည့်နွေရာသီဈေးကွက်ကာလအတွင်းတွင် လက်စတာစီးတီးအသင်းမှ အင်္ဂလန်ခံစစ်မှူး ဘန်ချီဝဲလ်အား ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ခံစစ်မှူး မားကို့အလွန်ဆိုအား ရောင်းချသွားရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းနှင့် စပိန်ကစားသမား အလွန်ဆိုတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ် နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။

**ထက်အောင်**

## 2019–20 EPL WEEK–12

# အန်ဖီးလ်မှာ ချန်ပီယံအသင်းရွေးထုတ်မယ့်ပွဲ

ဝေမိုးဆက်

ဒီတစ်ပတ်မှာတော့ လက်ရှိပရီမီယာလိဂ်ရဲ့ အကောင်းဆုံးနှစ်သင်းဖြစ်တဲ့ လီဗာပူးနဲ့မန်စီးတီးတို့တွေ့ဆုံမယ့်ပွဲ ပါဝင်နေပါတယ်။ ဒီပွဲမှာ လီဗာပူးကနိုင်ခဲ့ရင် မန်စီးတီးကို ၉ မှတ်ဖြတ်နိုင်မှာဖြစ်ပြီး မန်စီးတီးကနိုင်ခဲ့ရင် ကွာဟမှုအမှတ်က ၃ မှတ်ပဲ ရှိတော့မှာဖြစ်လို့ ချန်ပီယံဆုအတွက် အရေးပါနေကာ ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲ စောင့်ကြည့်ရပါလိမ့်မယ်။

**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဗာဒီ | လက်စတာ | ၁၀ |
| အဂူရို | မန်စီးတီး | ၉ |
| အာဘာရာဟမ် | ချယ်လ်ဆီး | ၉ |
| အူဘာမီယန် | အာဆင်နယ် | ၈ |

### နော့ဝှစ်ချ် – ဝက်ဖို့ဒ်

ယမန်နှစ်ရလဒ် – မရှိ

| နော့ဝှစ်ချ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဝက်ဖို့ဒ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဘရိုက်တန် | ၂–၀ | နော့ဝှစ်ချ် | ဝက်ဖို့ဒ် | ၁–၂ | ချယ်လ်ဆီး |
| နော့ဝှစ်ချ် | ၁–၃ | မန်ယူ | အဲဗာတန် | ၂–၀ | ဝက်ဖို့ဒ် |
| ဘုန်းမောက် | ၀–၀ | နော့ဝှစ်ချ် | ဝက်ဖို့ဒ် | ၀–၀ | ဘုန်းမောက် |

နောက်ဆုံးပွဲမှာ ဘရိုက်တန်ကို အရှုံးနိမ့်ခဲ့ရတာကြောင့် နော့ဝှစ်ချ်တို့ သုံးပွဲဆက် အနိုင်ပျောက်ခဲ့ရတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ နော့ဝှစ်ချ်အနေနဲ့ ရလဒ်ကောင်းအောင် အားစိုက်လာမှာသေချာနေတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်ကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပြီး အ ဝေးကွင်းပွဲတွေမှာ ပိုမိုရှုန်းကန်ရလေ့ရှိတယ်။ လက်ရှိအချိန်မှာ နော့ဝှစ်ချ် ခြေကျနေပေမယ့် ဒီပွဲအနိမ့်ဆုံး သရေရမယ်။

### ဘန်လေ – ဝက်စ်ဟမ်း

ယမန်နှစ်ရလဒ် – ဘန်လေ ၂–၀ ဝက်စ်ဟမ်း

| ဘန်လေ၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဝက်စ်ဟမ်း၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ရှက်ဖီးလ်ယူ | ၃–၀ | ဘန်လေ | ဝက်စ်ဟမ်း | ၂–၃ | ကာဆယ် |
| ဘန်လေ | ၂–၄ | ချယ်လ်ဆီး | ဝက်စ်ဟမ်း | ၁–၁ | ရှက်ဖီးလ်ယူ |
| လက်စတာ | ၂–၁ | ဘန်လေ | အဲဗာတန် | ၂–၀ | ဝက်စ်ဟမ်း |

အခုနောက်ပိုင်းမှာ ဝက်စ်ဟမ်းခြေကျနေတယ်။ တိုက်စစ်က ဂိုးသွင်းခြေမဆိုးပေမယ့်လည်း ခံစစ်ပိုင်း အားနည်းမှုတွေ ရှိနေတာကြောင့် အိမ်ကွင်းပွဲတွေမှာတောင် ရလဒ်ကောင်းဖို့ ရုန်းကန်နေရတယ်။ ဘန်လေကလည်း လက်ရှိအချိန်မှာ ခြေစွမ်းမတည်ငြိမ်ဘူး။ ဒါပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် ဘန်လေတို့ အားစိုက်ကစားလာမယ့် အခြေအနေရှိတယ်။ ဘန်လေနဲ့ပဲ လက်တွဲရမယ်။

### လက်စတာ – အာဆင်နယ်

ယမန်နှစ်ရလဒ် – လက်စတာ ၃–၀ အာဆင်နယ်

| လက်စတာ၏ နောက်ဆုံးသုံးပွဲရလဒ် | | | အာဆင်နယ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ပဲလေ့စ် | ၀–၂ | လက်စတာ | အာဆင်နယ် | ၁–၁ | ဝုဖ် |
| ဘာတန် | ၁–၃ | လက်စတာ | လီဗာပူး | ၅–၅ | အာဆင်နယ် |
| ဆောက်သမ်တန် | ၀–၉ | လက်စတာ | အာဆင်နယ် | ၂–၂ | ပဲလေ့စ် |

အာဆင်နယ်ခြေက အတော်လေးမငြိမ်ပါဘူး။ ခံစစ်ကို အားပြုရင် တိုက်စစ်အားနည်းပြီး တိုက်စစ်ကို အားပြုတဲ့အခါ ခံစစ်က ဂိုးပေးရမှုများနေတယ်။ လက်စတာခြေကတော့ တည်ငြိမ်လွန်းပြီး အိမ်ကွင်းလည်းဖြစ်တယ်။ အာဆင်နယ်က ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာမယ့် အခြေအနေလည်းရှိနေတော့ ဒီပွဲမှာလည်း အာဆင်နယ် နိုင်ပွဲရဖို့ခက်မယ်။

### မန်ယူ – ဘရိုက်တန်

ယမန်နှစ်ရလဒ် – မန်ယူ ၂–၁ ဘရိုက်တန်

| မန်ယူ၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဘရိုက်တန်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဘုန်းမောက် | ၁–၀ | မန်ယူ | ဘရိုက်တန် | ၂–၀ | နော့ဝှစ်ချ် |
| ချယ်လ်ဆီး | ၁–၂ | မန်ယူ | ဘရိုက်တန် | ၃–၂ | အဲဗာတန် |
| နော့ဝှစ်ချ် | ၁–၃ | မန်ယူ | ဗီလာ | ၂–၁ | ဘရိုက်တန် |

မန်ယူတို့ ဘုန်းမောက်ကို အရှုံးနိမ့်ခဲ့ရလို့ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာ သေချာနေတယ်။ ဒါပေမယ့် မန်ယူ တိုက်စစ်ကတော့ ထက်မြက်မှုမရှိသေးသလို ယူရိုပါလိဂ်ကြောင့်လည်း ပွဲပန်းလာနိုင်တယ်။ ဘရိုက်တန်ကတော့ လက်ရှိအချိန်မှာ နိုင်ပွဲတွေရနေပြီး ခြေစွမ်းပိုင်း မဆိုးဘူး။ ဒါကြောင့်လည်း ဒီပွဲမှာ မန်ယူအနိုင်ရခဲ့ရင်တောင် ဂိုးမပြတ်တာ သေချာတယ်။

### ချယ်လ်ဆီး – ပဲလေ့စ်

ယမန်နှစ်ရလဒ် – ချယ်လ်ဆီး ၃–၁ ပဲလေ့စ်

| ချယ်လ်ဆီး၏ နောက်ဆုံးသုံးပွဲရလဒ် | | | ပဲလေ့စ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဝက်ဖို့ဒ် | ၁–၂ | ချယ်လ်ဆီး | ပဲလေ့စ် | ၀–၂ | လက်စတာ |
| ချယ်လ်ဆီး | ၁–၂ | မန်ယူ | အာဆင်နယ် | ၂–၂ | ပဲလေ့စ် |
| ဘန်လေ | ၂–၄ | ချယ်လ်ဆီး | ပဲလေ့စ် | ၀–၂ | မန်စီးတီး |

ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် ချယ်လ်ဆီး ခြေတည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်တယ်။ အိမ်ကွင်းလည်းဖြစ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိနေတယ်။ ဒါပေမယ့် ချယ်လ်ဆီးခံစစ်ကတော့ အရန်အင်အား မလုံလောက်သလို ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာမယ့် အခြေအနေလည်းရှိတော့ ပဲလေ့စ်ရဲ့ တန်ပြန်တိုက်စစ်ကို ထိန်းဖို့ခက်မယ်။ သွင်းဂိုးများပြီး ချယ်လ်ဆီးကပ်နိုင်မယ်။

### ကာဆယ် – ဘုန်းမောက်

ယမန်နှစ်ရလဒ် – ကာဆယ် ၂–၁ ဘုန်းမောက်

| ကာဆယ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဘုန်းမောက်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဝက်စ်ဟမ်း | ၂–၃ | ကာဆယ် | ဘုန်းမောက် | ၁–၀ | မန်ယူ |
| ကာဆယ် | ၁–၁ | ဝုဖ် | ဝက်ဖို့ဒ် | ၀–၀ | ဘုန်းမောက် |
| ချယ်လ်ဆီး | ၁–၀ | ကာဆယ် | ဘုန်းမောက် | ၀–၀ | နော့ဝှစ်ချ် |

ဘုန်းမောက်က မန်ယူကို အနိုင်ရခဲ့တာမှန်ပေမယ့် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကတော့ အားနည်းမှုတွေ ရှိနေတုန်းပဲ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ တစ်ဂိုးသာ သွင်းနိုင်ခဲ့တယ်။ ကာဆယ်ကလည်း အိမ်ကွင်းပွဲတွေမှာဆိုရင် ခံစစ်ပိုင်းကစားပုံ ပိုမိုကောင်းမွန်တတ်တယ်။ အထူးသဖြင့် ဘုန်းမောက်က အဝေးကွင်းဆိုရင် ခံစစ်ကို ပိုမိုအားပြုလို့ သွင်းဂိုးနည်းနိုင်ပြီး ကာဆယ် ကပ်နိုင်မယ်။

### ဝုဖ် – ဗီလာ

ယမန်နှစ်ရလဒ် – မရှိ

| ဝုဖ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဗီလာ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| အာဆင်နယ် | ၁–၁ | ဝုဖ် | ဗီလာ | ၁–၂ | လီဗာပူး |
| ဗီလာ | ၂–၁ | ဝုဖ် | ဗီလာ | ၂–၁ | ဝုဖ် |
| ကာဆယ် | ၁–၁ | ဝုဖ် | မန်စီးတီး | ၃–၀ | ဗီလာ |

ရှေ့ရက်မှာတင် ကာရာဘောင်ဖလားပွဲ အတွင်း ဒီနှစ်သင်းဆုံခဲ့တော့ ဗီလာကအိမ်ကွင်းမှာ ဝုဖ်ကို ၂–၁ နဲ့ အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါပွဲမှာ ဗီလာတို့ ထင်သလောက် အသာစီးက မကစားနိုင်ခဲ့သလို အခုပွဲက ဝုဖ်ကွင်းဖြစ်နေတယ်။ ယူရိုပါလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် ဝုဖ်ကိုပဲရွေးမယ်။

### ဆောက်သမ်တန် – အဲဗာတန်

ယမန်နှစ်ရလဒ် –ဆောက်သမ်တန် ၆–၁ အဲဗာတန်

| ဆောက်သမ်တန်၏ နောက်ဆုံးသုံးပွဲရလဒ် | | | အဲဗာတန်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| မန်စီးတီး | ၂–၁ | ဆောက်သမ်တန် | အဲဗာတန် | ၁–၁ | စပါး |
| မန်စီးတီး | ၃–၁ | ဆောက်သမ်တန် | အဲဗာတန် | ၂–၀ | ဝက်ဖို့ဒ် |
| ဆောက်သမ်တန် | ၀–၉ | လက်စတာ | ဘရိုက်တန် | ၃–၂ | အဲဗာတန် |

ဆောက်သမ်တန်က မန်စီးတီးနဲ့ရင်ဆိုင်ခဲ့ရတဲ့ ပရီမီယာလိဂ်ပွဲမှာ ကစားပုံကောင်းမွန်ခဲ့ပြီး ၂–၁ ဂိုးနဲ့သာ ကပ်အရှုံးနိမ့်ခဲ့ရတာဖြစ်တယ်။ အဲဗာတန်ကလည်း အခုနောက်ပိုင်းမှာ ရုန်းအားကောင်းနေပြီး စပါးကိုတောင် သရေကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပွဲက အကြိတ်အနယ်ရှိနိုင်ပြီး ဆောက်သမ်တန်တို့ သရေလောက်ရမယ်။

### စပါး – ရှက်ဖီးလ်

ယမန်နှစ်ရလဒ် – မရှိ

| စပါး၏ နောက်ဆုံးသုံးပွဲရလဒ် | | | ရှက်ဖီးလ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| အဲဗာတန် | ၁–၁ | စပါး | ရှက်ဖီးလ်ယူ | ၃–၀ | ဘန်လေ |
| လီဗာပူး | ၂–၁ | စပါး | ဝက်စ်ဟမ်း | ၁–၁ | ရှက်ဖီးလ်ယူ |
| စပါး | ၅–၀ | ကာဗီနာ | ရှက်ဖီးလ်ယူ | ၁–၀ | အာဆင်နယ် |

အဲဗာတန်ကို သရေသာကစားနိုင်ခဲ့လို့ စပါးတို့ ပရီမီယာလိဂ်မှာ လေးပွဲဆက်တိုက် အနိုင်ပျောက်ခဲ့ရတယ်။ ဒါကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားမှာ ဖြစ်ပေမယ့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်တယ်။ ရှက်ဖီးလ်ကလည်း ခံစစ်ပိုင်းကောင်းမွန်တာကြောင့် ဒီပွဲမှာလည်း စပါး ဂိုးပြတ်နိုင်ဖို့ ခက်သေးတယ်။

### လီဗာပူး – မန်စီးတီး

ယမန်နှစ်ရလဒ် – လီဗာပူး ၀–၀ မန်စီးတီး

| လီဗာပူး၏ နောက်ဆုံးသုံးပွဲရလဒ် | | | မန်စီးတီး၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဗီလာ | ၁–၂ | လီဗာပူး | မန်စီးတီး | ၂–၁ | ဆောက်သမ်တန် |
| လီဗာပူး | ၅–၅ | အာဆင်နယ် | မန်စီးတီး | ၃–၁ | ဆောက်သမ်တန် |
| လီဗာပူး | ၂–၁ | စပါး | မန်စီးတီး | ၃–၀ | ဗီလာ |

ပွဲကောင်းတစ်ပွဲပါ။ နှစ်သင်းစလုံး ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ကြပေမယ့်လည်း အရေးပါတဲ့ပွဲဖြစ်လို့ ခြေကုန်ထုတ်မှာပါ။ ဒီပွဲနိုင်ရင် လီဗာပူးက မန်စီးတီးကို ကိုးမှတ်ဖြတ်နိုင်မှာ ဖြစ်တာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ပါလိမ့်မယ်။ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းချင်းလည်း မကွာတာကြောင့် အိမ်ရှင်အားရှိတဲ့ လီဗာပူးကို ရွေးမယ်။

## ပယ်နယ်တီရရှိမည်ဆိုပါက ဟန်ဆောင်လှဲချမှုများ ထပ်မံပြုလုပ်မည်ဟု လီဗာပူးတိုက်စစ်မှူး မာနေး ပြောဆို

လီဗာပူးအသင်း ပယ်နယ်တီရရှိမည်ဆိုပါက မိမိအနေဖြင့် ဟန်ဆောင်လှဲချမှုများ ထပ်မံပြုလုပ်ဦးမည်ဖြစ်ကြောင်း လီဗာပူးအသင်းတိုက်စစ်မှူး ဆာဒီယိုမာနေးက ပြက်လုံးထုတ်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂ ရက်တွင် လီဗာပူးအသင်းက အဝေးကွင်း၌ အက်စ်တွန်ဗီလာအသင်းအား ၂–၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် တိုက်စစ်မှူး မာနေးသည် ဗီလာကစားသမား ဖရိုင်းဒရစ်ဂူလ်ဘတ်နှင့် ရင်ဆိုင်ဆုံတွေ့ချိန်တွင် ဗီလာအသင်း ပယ်နယ်တီဧရိယာအတွင်း ဟန်ဆောင်လှဲချခဲ့သည်ဟု ကွင်းလယ်ဒိုင်လူကြီး ဂျိုနသန်မော့က ဆုံးဖြတ်ကာ တိုက်စစ်မှူး မာနေးအား အဝါကတ်ပြ သတိပေးခဲ့သည်။

မန်စီးတီးအသင်းမန်နေဂျာ ဂွာဒီယိုလာက မာနေးသည် ဗီလာနှင့်ပွဲတွင် ပယ်နယ်တီ ရရှိစေရန် ဟန်ဆောင်လှဲချမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုခဲ့ပြီး လီဗာပူးအသင်း မန်နေဂျာ ဂျာဂျင်ကလော့ဗ်ကမူ မာနေးအား ကာကွယ်ပြောဆိုခဲ့သည်။

တိုက်စစ်မှူး မာနေးက "တကယ်လို့ ကျွန်တော် ဟန်ဆောင်လှဲချမှု ပြုလုပ်တဲ့အတွက် လီဗာပူးအသင်း ပယ်နယ်တီရမှာ သေချာတယ်ဆိုရင် ဟန်ဆောင်လှဲချမှုကို ကျွန်တော် ထပ်လုပ်မှာပါ။ ဒီလိုမျိုး ဘာကြောင့် မလုပ်ရမှာလဲ။ ဒါပေမယ့် မန်နေဂျာ ဂျာဂျင်ကလော့ဗ် ပြောတာမှန်ပါတယ်။ ဗီလာနဲ့ပွဲက အဖြစ်အပျက်မှာ ကျွန်တော်ဟန်ဆောင်လှဲချခဲ့တာ မဟုတ်ပါဘူး။ ပြိုင်ဘက်ကစားသမားနဲ့ ထိမိပြီး အမှန်တကယ် လဲကျသွားခဲ့တာပါ။ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ ကစားပုံကို ပြောင်းလဲမှာမဟုတ်ပါဘူး။ လီဗာပူးအသင်းကို ကူညီပေးသွားဖို့ အဆင်သင့်ရှိနေပါတယ်"ဟု ပြောဆိုခဲ့သည်။

လီဗာပူးအသင်းသည် နိုဝင်ဘာ ၁၀ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းအား အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။ **ထက်အောင်**

### ပရီမီယာလိဂ်ပွဲစဉ် (၁၂)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၈–၁၁–၁၉ |
| နံနက် ၂:၃၀ | နော့ဝှစ်ချ် | – | ဝက်ဖို့ဒ် |
| စနေနေ့ | | | ၉–၁၁–၁၉ |
| ည ၇:၀၀ | ချယ်လ်ဆီး | – | ပဲလေ့စ် |
| ည ၉:၃၀ | ဘန်လေ | – | ဝက်စ်ဟမ်း |
| ည ၉:၃၀ | ကာဆယ် | – | ဘုန်းမောက် |
| ည ၉:၃၀ | ဆောက်သမ်တန် | – | အဲဗာတန် |
| ည ၉:၃၀ | စပါး | – | ရှက်ဖီးလ် |
| နံနက် ၀၀:၀၀ | လက်စတာ | – | အာဆင်နယ် |
| တနင်္ဂနွေနေ့ | | | ၁၀–၁၁–၁၉ |
| ည ၈:၃၀ | မန်ယူ | – | ဘရိုက်တန် |
| ည ၈:၃၀ | ဝုဖ် | – | ဗီလာ |
| ည ၁၁:၀၀ | လီဗာပူး | – | မန်စီးတီး |

### ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၁)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၈–၁၁–၁၉ |
| နံနက် ၂:၀၀ | ကိုလုံး | – | ဟော့ဖန်ဟိမ်း |
| စနေနေ့ | | | ၉–၁၁–၁၉ |
| ည ၉:၀၀ | ဟာသာဘာလင် | – | လိုက်ပဇစ် |
| ည ၉:၀၀ | မိန့်ဇ် | – | ယူနီယံဘာလင် |
| ည ၉:၀၀ | ရှော်လ်ကာ | – | ဖော်ကျူနာ |
| ည ၉:၀၀ | ပါဒါဘွန်း | – | အော့ဘတ် |
| နံနက် ၀၀:၀၀ | ဘိုင်ယန် | – | ဒေါ့မွန် |
| တနင်္ဂနွေနေ့ | | | ၁၀–၁၁–၁၉ |
| ည ၇:၀၀ | ဂလာဘတ်ချ် | – | ဝါဒါဘရီမင် |
| ည ၉:၀၀ | ဝုဖ်ဘတ် | – | လေဗာကူဆင် |
| ည ၁၁:၃၀ | ဖရိုင်းဘတ် | – | လေဗာကူဆင် |

### ပြင်သစ်ပထမတန်းပွဲစဉ်(၁၃)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၈–၁၁–၁၉ |
| နံနက် ၂:၁၅ | နိုက်စ် | – | ဘော်ဒိုး |
| စနေနေ့ | | | ၉–၁၁–၁၉ |
| ည ၁၁:၀၀ | ဘီရက်စ် | – | ပီအက်စ်ဂျီ |
| နံနက် ၁:၃၀ | မိုနာကို | – | ဒီဂျွန် |
| နံနက် ၁:၃၀ | လိုင်လီ | – | မက်ဇ် |
| နံနက် ၁:၃၀ | ရိမ်းစ် | – | အန်ဂျာစ် |
| နံနက် ၁:၃၀ | စထရက်ဘော့ချ် | – | နီမက်စ် |
| တနင်္ဂနွေနေ့ | | | ၁၀–၁၁–၁၉ |
| ည ၈:၃၀ | ရိန်းနက်စ် | – | အာမီယန် |
| ည ၁၀:၃၀ | မောင့်ပယ်လီယာ | – | တူးလောက်စ် |
| ည ၁၀:၃၀ | နန့်စ် | – | စိန့်အေတီယန် |
| နံနက် ၂:၃၀ | မာဆေး | – | လိုင်ယွန် |

### စီးရီးအေပွဲစဉ်(၁၂)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၈–၁၁–၁၉ |
| နံနက် ၂:၁၅ | ဆာစူအိုလို | – | ဘိုလော့နာ |
| စနေနေ့ | | | ၉–၁၁–၁၉ |
| ည ၈:၃၀ | ဘရက်ရှား | – | တိုရီနို |
| ည ၁၁:၃၀ | အင်တာ | – | ဗီရိုနာ |
| နံနက် ၂:၁၅ | နာပိုလီ | – | ဂျီနိုအာ |
| တနင်္ဂနွေနေ့ | | | ၁၀–၁၁–၁၉ |
| ည ၆:၀၀ | ကက်ဂလီယာရီ | – | ဖီအိုရင်တီးနား |
| ည ၈:၃၀ | လာဇီယို | – | လေချီ |
| ည ၈:၃၀ | ဆမ်ဒိုးရီးယား | – | အတ္တလန္တာ |
| ည ၈:၃၀ | အူဒီးနီးစ် | – | SPAL |
| ည ၁၁:၃၀ | ပါးမား | – | ရိုးမား |
| နံနက် ၂:၁၅ | ဂျူဗင်တပ်စ် | – | မီလန် |

### လာလီဂါပွဲစဉ်(၁၃)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၈–၁၁–၁၉ |
| နံနက် ၂:၃၀ | ဆိုစီဒက် | – | လီဂါနက်စ် |
| စနေနေ့ | | | ၉–၁၁–၁၉ |
| ည ၆:၃၀ | အလာဗက်စ် | – | ဗယ်လာဒိုးလစ် |
| ည ၉:၃၀ | ဗလင်စီယာ | – | ဂရန်နာဒါ |
| နံနက် ၀၀:၀၀ | အီဘား | – | ရီးရဲ |
| နံနက် ၂:၃၀ | ဘာစီလိုနာ | – | ဆယ်တာဗီဂို |
| တနင်္ဂနွေနေ့ | | | ၁၀–၁၁–၁၉ |
| ညနေ ၅:၃၀ | မာယော့ကာ | – | ဗီလာရီးရဲ |
| ည ၇:၃၀ | ဘီလ်ဘို | – | လီဗန်တေး |
| ည ၉:၃၀ | အက်သလက် | – | အက်စ်ပန်ညို |
| နံနက် ၀၀:၀၀ | ဂီတာဖေး | – | အိုဆာစူနာ |
| နံနက် ၂:၃၀ | ဘက်တစ် | – | ဆီဗီးလ် |

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအခြေခံပညာအဆင့် မြန်မာ့ရိုးရာဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲနှင့် ခြောက်ပေါက်တန်းဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအခြေခံပညာအဆင့် (၁၆)နှစ်အောက် ကျောင်းသား မြန်မာ့ရိုးရာဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲနှင့် အမျိုးသား ခြောက်ပေါက်တန်း မြန်မာ့ရိုးရာ ဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ပဲခူးမြို့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ငွေး တက်ရောက်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကိုမိုး**

## မြန်မာ့ရိုးရာခြင်းလုံးဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာခြင်းလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ခြင်းလုံးဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်က ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

အဆိုပါမြန်မာ့ရိုးရာ ခြင်းလုံးဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲ ကျင်းပရေးအတွက် အဓိက ကူညီပံ့ပိုးခဲ့ကြသူများအား ဘော်ဒါအမှတ်တံဆိပ်မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။




ထို့နောက် မြန်မာ့ရိုးရာဝိုင်းဖွဲ့ အမှတ်ခတ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲ၊ အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲ၊ အမျိုးသား ၁၀ ပေါက်တန်း ပြိုင်ပွဲတို့တွင် ဆုရရှိသူများ၊ ထူးခြားဆုရရှိသော အားကစားသမားများ၊ တက်သစ်စ အားကစားသမားများနှင့် အကောင်းဆုံး အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဝိုင်းဖွဲ့အမှတ်ခတ်ပြိုင်ပွဲ အမျိုးသား ၁၀ ပေါက်တန်းပြိုင်ပွဲ ပထမဆုရ ဒွေးရတနာအသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## ဒိန်းမတ်နိုင်ငံ ရိုက်ကူးရေးအဖွဲ့ ကျေးလက်ဒေသ လူမှုစီးပွားဘဝ မှတ်တမ်းရိုက်ကူး

**ရန်ကုန် နိုဝင်ဘာ ၇**

ဒိန်းမတ်နိုင်ငံ Toolbox Film ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် စစ်ကိုင်းတောင်ရိုး ဇေယျာသိင်္ဂီကျောင်း၌ သီလရှင်အဖြစ် ခံယူခြင်း၊ သီလရှင်များ စောင့်ထိန်းလိုက်နာရမည့် သီလအကြောင်း ရှင်းလင်းပြောကြားခြင်း၊ သီလရှင်များ စာပေလေ့လာသင်ယူခြင်းတို့ကိုလည်းကောင်း၊ မင်းကွန်းဒေသ ချောင်းမကြီးကျေးရွာရှိ အမှတ်(၂၇) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်ကြားခြင်း၊ ချောင်းမကြီးကျေးရွာမှ ဆဋ္ဌမတန်းကျောင်းသူနှစ်ဦး သီလရှင်ဝတ်ရန် ပြင်ဆင်နေခြင်းတို့ကို လည်းကောင်း မှတ်တမ်းရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ချောင်းမကြီးကျေးရွာမှ သီလရှင်ဝတ်မည့် ကျောင်းသူနှစ်ဦးအား သီလရှင်ဝတ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ၎င်းတို့၏ စိတ်ခံစားမှုများအား တွေ့ဆုံမေးမြန်းခြင်း၊ ၎င်းတို့၏ အနာဂတ်ရည်မှန်းချက်၊ ဧရာဝတီမြစ်ကမ်းရှိ သဲသောင်ပြင်တွင် ၎င်းတို့နှင့် သူငယ်ချင်းများ ပျော်ရွှင်စွာ ဆော့ကစားနေခြင်းတို့ကို ရိုက်ကူးခဲ့ကြောင်း၊ နိုဝင်ဘာ ၅ ရက်ကလည်း ၎င်းတို့၏ နေအိမ်များတွင် နေထိုင်ပုံ၊ ကျောင်းတက်ရာတွင် စာမသင်ကြားမီ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကျောင်းဝင်းအတွင်းရှိ စေတီတော်၌ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံနှင့်အညီ ဘုရားရှိခိုးပြီး ဆရာတော်ထံမှ အဆုံးအမဩဝါဒခံယူပြီးမှ စာသင်ကြားခြင်းတို့ကို ရိုက်ကူးခဲ့ကြသည်။



မဟာသာလကျောင်းတိုက်တွင် စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ ဆော့ကစားနေပုံကို ရိုက်ကူးနေစဉ်။

နိုဝင်ဘာ ၈ ရက် မှ ၁၄ ရက်များတွင် ၎င်းအဖွဲ့သည် မင်းကွန်းပုထိုးတော်ကြီးအနီးရှိ ဓမ္မစေတီကျောင်းတိုက်တွင် ၎င်းတို့နှစ်ဦး သီလရှင်ဝတ်ကြပုံနှင့် သီလရှင်ဘဝ ပုံရိပ်များ၊ မြသိန်းတန်စေတီတော်၊ မင်းကွန်းခေါင်းလောင်းကြီး၊ မင်းကွန်းပုထိုးတော်ကြီးစသည့် မင်းကွန်းဒေသ၏ ရှုခင်းများကို ဆက်လက်ရိုက်ကူးမည်ဖြစ်ပြီး ထိုသို့ ရိုက်ကူးထားမှုများကို ဒိန်းမတ်နိုင်ငံ Toolbox Film(www. took box film dk) ရုပ်သံလိုင်းတွင် " Kids On The Silk Road " ခေါင်းစဉ်ဖြင့် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရိုက်ကူးထုတ်လွှင့်ခြင်းနှင့် အစီအစဉ်ကို နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် သွားရောက်ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးအိဝင်း (FDC)**

❂ *ကျော့ဖုံးမှ*

ကြိုးစားအားထုတ်မှုနှင့် စိတ်ဓာတ်ပိုင်းမှာ တိုးတက်မှုရှိလာခဲ့သည်။

နည်းပြ အန်တွမ်နီဟေးသည် ပွဲထွက်လူစာရင်းတွင် ကျော်ဇင်ထက် (ဂိုး)၊ ဒေးဗစ်ဒန်း၊ ငြိမ်းချမ်း၊ ဇော်မင်းထွန်း၊ နန္ဒကျော်၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ အောင်သူနှင့် ဆွမ်လမန်တို့ကို အသုံးပြုခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပွဲအစတွင် ကစားပုံကောင်းခဲ့ပြီး ၂ မိနစ်မှာပင် အောင်သူ၏ ပြစ်ဒဏ်ဘောကို ဆွမ်လမန်က ပိတ်သွင်းကာ အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းကစားပုံကောင်းခဲ့သလို ဂိုးသွင်းခွင့်များ ထပ်မံဖန်တီးနိုင်သော်လည်း အသုံးမချနိုင်၍ ဂိုးထပ်မရခြင်းဖြစ်သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် နီပေါအသင်း ပြန်လည်ဖိအားပေးကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာလည်း ဖိအားပေးခံရချိန်တွင် အမှားများကာ အခွင့်အရေးများ ပြန်ပေးခဲ့ရသည်။ ပထမပိုင်းပြီးခါနီးမှ မြန်မာအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ဒေးဗစ်ဒန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ဝင်းနိုင်စိုး၊ သန်းထက်အောင်၊ တင်ဝင်းအောင်နှင့် ဇင်မင်းထွန်းတို့ကို ထည့်ကာ တိုက်စစ်မြှင့်ခဲ့သည်။ ဒုတိယပိုင်းအစတွင် နီပေါအသင်းက ဖိကစားနိုင်ခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့ကာ မိနစ် ၆၀ နောက်ပိုင်းမှ မြန်မာအသင်း ပွဲကိုထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မိနစ် ၆၀ နောက်ပိုင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးများစွာရခဲ့သော်လည်း တစ်ဂိုးသာရခဲ့သောကြောင့် အဆုံးသတ်ဂိုးသွင်းသေချာရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ၆၉ မိနစ်တွင် အောင်သူ၏ ဖန်တီးပေးမှုမှ တစ်ဆင့် လှိုင်းဘိုဘိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မန္တလေးမြို့တွင်ကစားမည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲများအတွက် ဆက်လက်နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် တာဂျစ်ကစ္စတန်အသင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် မွန်ဂိုလီးယားလက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❄ *ကျော့ဖုံးမှ*

တစ်ရက်ခြား တစ်ပွဲကစားရမှာဖြစ်တာကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲတချို့ ပြုလုပ်ဖို့ရှိပါတယ်။ အခုပွဲက တောင်ကိုရီးယားအသင်းဖြစ်တဲ့အတွက် အမှားနည်းအောင်ပြင်ဆင်သွားမှာဖြစ်ပြီး ပထမပွဲက လိုအပ်ချက်၊ အားနည်းချက်တွေကိုလည်း ပြန်လည်ပြင်ဆင်မှာပါ။ ရလဒ်ကောင်းရအောင် ကြိုးစားယှဉ်ပြိုင်မှာပါ'' ဟု ပြောကြားခဲ့သည်။

ခြေစစ်ပွဲအုပ်စုပွဲများကို နိုဝင်ဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု ၁၁ ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ လေးသင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**




ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံလူသစ်တန်း ခရစ်ကက်ဗိုလ်လုပွဲပြိုင်ပွဲများကို နိုဝင်ဘာ ၅ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရွှေပင်လုံခရစ်ကက်ကွင်း၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်း လူသစ်တန်းပြိုင်ပွဲတွင် ပထမဆုရအသင်းအား ဆုချီးမြှင့်စဉ်။ အာကာစိုး

## ချန်ပီယံလိဂ် အုပ်စု ပွဲစဉ်(၄) ဒုတိယနေ့ စပါးတို့ ဂိုးပြတ်အနိုင်ရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စုပွဲစဉ်(၄) ဒုတိယနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ခ) ဆားဗီးယားမြေ၌ ယှဉ်ပြိုင်ခဲ့သည့် ဇက်ဗက်ဇ်ဒါနှင့် စပါးပွဲစဉ်တွင် လေးဂိုး–ဂိုးမရှိဖြင့် စပါးအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် နှစ်သင်းစလုံး ၄–၂–၃–၁ ကစားကွက်ဖြင့် ပွဲထွက်လာကြသည်။ ပထမပိုင်းပွဲချိန် ၃၄ မိနစ်တွင် ဆွန်ဟောင်မင်၏ ဖန်တီးမှုမှ တစ်ဆင့် ကွင်းလယ်ကစားသမား ဆယ်လ်ဆိုက စပါးအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ၅၇ မိနစ်နှင့် ၆၁ မိနစ်တွင် ဆွန်ဟောင်မင်က သွင်းယူခဲ့ကာ စပါးအတွက် နောက်ဆုံးဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် အဲရစ်ဆန်က သွင်းယူခဲ့သည်။

ယင်းအုပ်စု၏ ပွဲစဉ်တစ်ပွဲဖြစ်သော ဘိုင်ယန်မြူးနစ်နှင့် အိုလံပီယာကို့စ်ပွဲတွင် အိမ်ရှင် ဘိုင်ယန်အသင်း နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ခ)ရပ်တည်မှုမှာ ဘိုင်ယန်မြူးနစ်က ၁၂မှတ် ဖြင့် ဦးဆောင်နေပြီး စပါး ခုနစ်မှတ်၊ ဇက်ဗက်ဇ်ဒါ သုံးမှတ်နှင့် အိုလံပီယာကို့စ်မှာ တစ်မှတ်သာရရှိထားသည်။

ချန်ပီယံလိဂ် အခြားပွဲစဉ် ရလဒ်များအဖြစ် အုပ်စု(က)တွင် ပီအက်စ်ဂျီက ကလပ်ဘရုဂ်ကို တစ်ဂိုး–ဂိုးမရှိ၊ ရီးရဲမက်ဒရစ်က ဂါလာတာစာရေးကို ခြောက်ဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အုပ်စုရပ်တည်မှုမှာ ပီအက်စ်ဂျီ ၁၂ မှတ်၊ ရီးရဲမက်ဒရစ် ခုနစ်မှတ်၊ ကလပ်ဘရု နှစ်မှတ်နှင့် ဂါလာတာစာရေး တစ်မှတ် ရရှိထားသည်။

အုပ်စု(ဂ)တွင် အတ္တလန္တာနှင့် မန်စီးတီးသည် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့ပြီး ဒိုင်နမိုဇာဂရက်နှင့် ရှက်တာဒိုးနက်ခ်ပွဲတွင်လည်း တစ်ဖက် သုံးဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယင်းအုပ်စုတွင် မန်စီးတီး ၁၀မှတ်၊ ရှက်တာဒိုးနက်ခ်နှင့် ဒိုင်နမိုဇာဂရက်တို့သည် ငါးမှတ်စီတူညီနေကာ အတ္တလန္တာမှာ တစ်မှတ်သာရရှိထားသည်။

အုပ်စု(ဃ)တွင် ဂျူဗင်တပ်စ်က လိုကိုမိုးတစ် မော်စကိုကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး လေဗာကူဆင်က ဂျာမန်မြေ၌ အက်သလက် တီကိုကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ဃ)ရပ်တည် မှုမှာ ဂျူဗင်တပ်စ်က ရမှတ် ၁၀ မှတ်ဖြင့် ဦးဆောင်နေပြီး အက်သလက်တီကို ခုနစ်မှတ်၊ လေဗာကူဆင်နှင့် လိုကိုမိုးတစ်မော်စကိုမှာ သုံးမှတ်စီ ရရှိထားသည်။ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၇ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ပြန်လည်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**သီဟ**

## ထိုင်းနိုင်ငံ အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦး၊ ဒေသခန့်ဝန်ထမ်း ဦးသန်းထိုက်စိုး(ခ)ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း(ခ)စောဂျက်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတော်မှ ပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြု၍ အဂတိလိုက်စား ဆောင်ရွက်နေသော ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိသည် အလုပ်ခေါ်စာ (Demand Letter)များကို ခွင့်ပြုမိန့် အမြန်လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီ ၁၂ ခုထံမှ လာဘ်ငွေ ထိုင်းဘတ်ငွေ ၅၇၄၃၀၀ ကို တောင်းခံရယူခြင်း၊ ပြည်ပအလုပ်အကိုင် အေဂျင်စီကုမ္ပဏီများက အလုပ်သမားအမည်စာရင်း (Name List) များ တင်ပြရာတွင် အလုပ်သမားတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၀၀ နှုန်းဖြင့် ကုမ္ပဏီ ၁၆ ခုထံမှ ထိုင်းဘတ်ငွေ ၃၈၇၃၀၀၀ ကို လက်ခံရယူခဲ့ကြောင်း ဖော်ပြ၍ အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

တိုင်ကြားစာနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး ပြည်တွင်းတွင် တိုင်ကြားသူကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သက်သေများ စစ်ဆေးခြင်း၊ စာရွက်စာတမ်း အထောက်အထားသိမ်းဆည်းခြင်း၊ မြန်မာနိုင်ငံဗဟိုဘဏ်မှ စာရင်းများကို တောင်းခံရယူစစ်ဆေးခြင်းနှင့် တိုင်ကြားစာပါကိစ္စမှာ မြန်မာနိုင်ငံသားက ပြည်ပတွင် ကျူးလွန်သည့်ကိစ္စဖြစ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်ပြီး သက်သေများ စစ်ဆေးခြင်း၊ ထိုင်းနိုင်ငံရှိ ဘဏ်တစ်ခုမှ ဘဏ်စာရင်းများ တောင်းခံရယူခြင်းတို့ဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ထိုင်းနိုင်ငံ အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အလုပ်သမားသံရုံး၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၆ ရက်ထိ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း အလုပ်ခေါ်စာ (Demand Letter) များကို ပြည်ပအလုပ်အကိုင်အေဂျင်စီကုမ္ပဏီများက တင်ပြရာတွင် ခွင့်ပြုမိန့် အမြန်လက်မှတ်ရေးထိုးပေးရန်အတွက် ကုမ္ပဏီများထံမှ လာဘ်ငွေအဖြစ် ထိုင်းဘတ်ငွေများကို တောင်းခံရယူခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့အပြင် ထိုင်းနိုင်ငံအလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးသည် ပြည်ပအလုပ်အကိုင် အေဂျင်စီကုမ္ပဏီများက အလုပ်သမားအမည်စာရင်း (Name List) များကို တင်ပြရာတွင် အလုပ်သမားတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၀၀ နှုန်း ကောက်ခံပြီး ကုမ္ပဏီများထံမှ လာဘ်ငွေအဖြစ် ထိုင်းဘတ်ငွေများကို ဒေသခန့်ဝန်ထမ်း ဦးသန်းထိုက်စိုး (ခ) ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း (ခ) စောဂျက် အပါအဝင် ၎င်းက တာဝန်ပေးအပ်ထားသည့် အရပ်သား တချို့ထံမှတစ်ဆင့် လက်ခံရယူခဲ့ခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ကြောင်း၊ ဦးသန်းထိုက်စိုး(ခ)ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း (ခ) စောဂျက်တို့သည် ဦးစန်းမောင်ဦး အဂတိလိုက်စားမှုကျူးလွန်ရာတွင် အားပေးကူညီခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ထိုင်းနိုင်ငံ အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရလည်းကောင်း၊ ဦးသန်းထိုက်စိုး (ခ) ကိုစိုးနှင့် ဦးစောပြည့်ငြိမ်း (ခ) စောဂျက်တို့အပေါ် ၎င်းဥပဒေ ပုဒ်မ ၅၆/၆၃ အရလည်းကောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်မြောက်ပိုင်း မြို့မရဲစခန်းတွင် နိုဝင်ဘာ ၆ ရက်၌ ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်



ကျော်သန့်ဇင်(ခ)ကံကောင်း၊ လွင်မိုး(ခ)ကိုလွင်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တာချီလိတ်နှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်းတွင် လောဝူးအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးအနောက်ဘက် ရွှေလသာလမ်းသွယ်တွင် လောက်လင်းအား ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၄ ပြား၊ အိုက်စ် ၅၀၀ ဂရမ်နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး လောက်လင်း ငှားရမ်းနေထိုင်သည့် ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်း နေအိမ်အမှတ် (ဝက/၉၆) အခန်းအမှတ်(၂)ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ နိုဝင်ဘာ ၆ ရက် ညနေ ၅နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ဘော်နှင်းကုန်းကျေးရွာအနီး အောင်ပန်း-ပင်လောင်း သွားကားလမ်းတွင် ကျော်သန့်ဇင်(ခ)ကံကောင်း မောင်းနှင်ပြီး လွင်မိုး(ခ)ကိုလွင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၈-၁၁-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - MRTV Travelogue
၈:၃၅ - "ဒေါက်တာရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ်နှင့်တွေ့ဆုံခြင်း)" (အပိုင်း-၁)
၈:၄၀ - မျက်မှောက်ရေးရာအဖြာဖြာ
၁၂:၃၀ - "ပါမောက္ခဒေါက်တာ အောင်ထွန်းသက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင် UEHRD ညှိနှိုင်းရေးမှူးချုပ်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၃:၂၅ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
၁၄:၅၀ - Road to SEA Games (ဂျူဒို)
၁၅:၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ယောကျ်ားတံခွန်" (အပိုင်း-၇)

**ညပိုင်း**

၁၆:၂၀ - "ဦးကျော်သူ(ခေါ်) ရိုလန်ချောင်ထရီနှင့် ကိုကို (စက်မှုတက္ကသိုလ်)တို့ တွေ့ဆုံမေးမြန်းခန်း"
၁၆:၂၅ - အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်ပတ်ကြစို့
၁၆:၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "Box No.88 + ရိုးမပေါ်ကျတဲ့မျက်ရည်"
၁၇:၀၅ - Weekly Sport Info
၁၇:၄၅ - "AFC U-19 Championship 2020 Qualifier ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" (မြန်မာနှင့် တောင်ကိုရီးယား)
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ - သိပ္ပံပညာနှင့်ယနေ့ကမ္ဘာ "ငလျင်အကြောင်း သိကောင်းစရာ" (အပိုင်း-၁)
- ဆယ့်နှစ်ရာသီအငြိမ့် "တန်ဆောင်မုန်းလ ကထိန်ပွဲ"

## ဖားကန့်၌ ကျင်းဟောင်းကမ်းပါးယံမှ မြေစာများပြိုကျ၍ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ဖားကန့် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေ့ါကျေးရွာ ဧရိယာအစပ်ရှိ အောင်ဟိန်းမင်း ကျောက်မျက်ကုမ္ပဏီ လုပ်ကွက်အတွင်း နိုဝင်ဘာ ၆ ရက် ည ၁၀ နာရီခွဲခန့်က အမြင့်ပေ ၂၅၀ ခန့် ကျင်းဟောင်းကမ်းပါးယံမှ မြေစာများ ပြိုကျမှုဖြစ်ပွားရာ ကျင်းဟောင်း၏ အောက်ဘက်ခြမ်းတွင် တရားမဝင် ရေမဆေးကျောက် တူးဖော်နေသူ လေးဦးအား ထိခိုက်မိပြီး တစ်ဦး သေဆုံးကာ သုံးဦး ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။



ဖားကန့်၌ ကျင်းဟောင်းကမ်းပါးယံမှ မြေစာများ ပြိုကျသည့်နေရာ။

ကျင်းဟောင်းကမ်းပါးယံမှ မြေစာ ပြိုကျမှုဖြစ်စဉ်ကြောင့် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ကျေးရွာတွင် နေထိုင်ကြသူများဖြစ်သည့် မျိုးထက်အောင်၊ ဝေလှိုင်ဦးနှင့် မြင့်ဝင်းတို့တွင် ဒဏ်ရာများရရှိခဲ့ကြပြီး အောင်ဆန်းဝင်းမှာ နေရာတွင် သေဆုံးခဲ့သည်။

မြေစာပြိုကျရာနေရာသို့ ဆိပ်မူကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး သေဆုံးသူနှင့် ဒဏ်ရာရရှိသူများအား တောင်းကော့ကျေးရွာနှင့် ကောင်ဆန်ကျေးရွာတို့မှ လူမှုကူညီရေးယာဉ်များဖြင့် ဖားကန့်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကျင်းဟောင်းကမ်းပါးယံမှ မြေစာပြိုကျမှုဖြစ်ပွားရာနေရာသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၈ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က အမြင့်ပေ ၅၀၀ ခန့်ရှိသည့် မြေမှန်ကျောက်ကြော ကမ်းပါးယံကြီးမှ အောက်ဘက် နှံ့ကန်အတွင်း ပြိုကျခဲ့မှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည့်နေရာလည်း ဖြစ်သည်။

အဆိုပါ ဇူလိုင် ၂၈ ရက်က ဖြစ်စဉ်ကြောင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲဝန်ထမ်းသုံးဦး၊ ကုမ္ပဏီလုံခြုံရေးဝန်ထမ်း ၁၅ ဦးနှင့် ကောင်ဆန်ကျေးရွာမှ ရေမဆေးကျောက် လာရောက်ရှာဖွေသူတစ်ဦး သေဆုံးခဲ့သည်။

တာလင်းမောင်(ပြန်/ဆက်)

## သုဝဏ္ဏဝတီမြို့၌ အစာအဆိပ်သင့်မှုဖြစ်

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး တံတားဦးကျေးရွာအုပ်စု အမက(ငါးပြေမ)ကျောင်း၌ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ကလေးမွေးနေ့အတွက် ရေခဲမုန့်၊ ကိတ်မုန့်များကို ကျွေးမွေးရာမှ ကျောင်းသား ကျောင်းသူ ကလေးငယ်များအပြင် စားသုံးမိသူ စုစုပေါင်း တစ်ရာကျော်ခန့် မူးဝေအော့အန်၍ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါစားမိသူ ၁၀၉ ဦးအနက် မွန်းလွဲ ၂ နာရီခန့်တွင် ဆရာမတစ်ဦးအပါအဝင် ကလေးလူငယ် ကျောင်းသား ကျောင်းသူ ၅၉ ဦးသည် မူးဝေအော့အန်သဖြင့် ကျေးရွာမှ တာဝန်ရှိသူများနှင့် လူမှုကယ်ဆယ်ရေးအသင်းများက သိမ်ဆိပ်တိုက်နယ်ဆေးရုံနှင့် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးများသို့ အချိန်မီပို့ဆောင်ကုသပေးမှုကြောင့် အသက်အန္တရာယ် စိုးရိမ်စရာမရှိကြောင်း သိမ်ဆိပ်တိုက်နယ်ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သိမ်ဆိပ်တိုက်နယ် ဆေးရုံသို့ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး စောညီညီထွန်း၊ သုဝဏ္ဏဝတီမြို့အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်၊ ဒေါက်တာသန်းဦးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခွန်(ဝင်းပ)

## မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား၊ ၂၂ ဦး ဒဏ်ရာရရှိ

**မိတ္ထီလာ နိုဝင်ဘာ ၇**

မိတ္ထီလာမြို့နယ် ဆည်ကုန်းအနောက်ကျေးရွာအနီး ငွေ့ကြီးဘုန်းကြီးကျောင်းရှေ့ မိတ္ထီလာ- ကျောက်ပန်းတောင်းကားလမ်းပေါ်တွင် နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင်အမှတ် (၅/၃)နှင့်(၅/၄)အကြား အနောက်မှအရှေ့သို့ မိတ္ထီလာမြို့နယ်နေ ထူးထူးကျော် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဝဲဘက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး အရှေ့မှအနောက်သို့ မိတ္ထီလာမြို့နယ်နေ လွှမ်းမိုးအောင် မောင်းနှင်လာသည့် ကန်တာခြောက်ဘီးယာဉ်၏ ဝဲဘက်ခြမ်းခါးပိုင်းအား ဝင်တိုက်မိ၍ ကန်တာယာဉ်မှာ တိမ်းမှောက်သွားပြီး လိုက်ထရပ်ယာဉ်မှာ ဦးခေါင်းပိုင်း ကြေမွခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် လိုက်ထရပ်ယာဉ်မောင်းဖြစ်သူ ထူးထူးကျော်နှင့်အတူ ယာဉ်ပေါ်ပါ အမျိုးသမီးနှစ်ဦး ၊ ကန်တာယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၁၇ ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## မိုးညှင်းမြို့နယ်၌ အိပ်ပျော်နေသည့်အဒေါ်ကို တူဖြစ်သူက ဓားဖြင့်ထိုး၍ သေဆုံး

**မိုးညှင်း နိုဝင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ နန့်ရင်းကျေးရွာ ရပ်ကွက်(၁၁) ဦးဟန်မင်းဦး နေအိမ်တွင် နိုဝင်ဘာ ၅ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က အဒေါ်ဖြစ်သူ ဒေါ်ဆန်းတင့် (ခ)ဒေါ်ပုဏ္ဏမီ (၅၅ နှစ်)သည် ၎င်းနေအိမ်အောက်ထပ် ခုတင်ပေါ်တွင် အိပ်ပျော်နေစဉ် တစ်အိမ်တည်း အတူနေသည့် မင်းသူဦးက ဓားဖြင့်ထိုး၍ ဒေါ်ဆန်းတင့်(ခ)ဒေါ်ပုဏ္ဏမီတွင် ဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့သဖြင့် ဟိုပင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ ဆေးဝါး ကုသမှုခံယူခဲ့သည်။

ထို့နောက် ဒေါ်ဆန်းတင့်(ခ)ဒေါ်ပုဏ္ဏမီ၏ ဒဏ်ရာမှာ စိုးရိမ်ရသဖြင့် ဟိုပင်ပြည်သူ့ဆေးရုံမှတစ်ဆင့် မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူစဉ် သေဆုံးသွားကြောင်း၊ မင်းသူဦးမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဟိုပင်နယ်မြေရဲစခန်းက အမှုရေးဖွင့်ကာ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နီတိုး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာန စစ်ကိုင်းတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် စစ်ကိုင်းတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

Lot (1) (၁၆၀) ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင်(၂)ထပ်(၁)လုံး ဆောက်လုပ်ခြင်း(၃၁၀၈၀ စ/ပေ) RC(ရေ၊ မီး အပါအဝင်) (အိပ်ဆောင် - ၂၄၆၈၀ စ/ပေ)၊မီးဖိုဆောင်+ထမင်းစား ဆောင် -၆၄၀၀ စ/ပေ)

Lot (2) (၂) ထပ်ပွဲကြည့်စင်(၁)လုံး ဆောက်လုပ်ခြင်း (၁၅၀'x ၃၄') (၇၆၅၀ စ/ပ) (ရေ၊ မီး အပါအဝင်) Chair ၁၀၀ nos အပါ)

Lot (3) (၂) ထပ်စာကြည့်တိုက်(၁)လုံး ဆောက်လုပ်ခြင်း (၅၈'x ၅၄') RC(ရေ၊ မီး အပါအဝင်)

Lot (4) (၁၆၀) ဦးဆံ့ ကျောင်းသူဆောင်ရှေ့မှ မြောက်ဘက်ခြံစည်းရိုးအထိ ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း (400V) (၁၀၀၀')

Lot (5) (၁၆၀) ဦးဆံ့ ကျောင်းသူဆောင်၊ (၄၀) ဦးဆံ့ ဆရာမဆောင်၊ (၂၀)ဦးဆံ့ ဆရာဆောင်များ အတွက် ပြင်ပရေရရှိရေးလုပ်ငန်း (၈''အဝီစိတွင်း (၅၀၀')(၁တွင်း)၊ ဂါလန် (၃၀၀၀၀)ဆံ့ Ground Tank ၊ ဂါလန် (၈၀၀၀)ဆံ့ (၃၀ပေ) အမြင့် RC ရေစင် (၂)လုံး၊ Compressoor 3'' (10 HP)Power Motor,(5HP) Combine Pump Motor(၂)လုံး Pump House (8'x6'x 7') အပါအဝင်နှင့် (၁၆၀) ဦးဆံ့ ကျောင်းသားဆောင်၊ (၂၀ဦးဆံ့ ဆရာဆောင်၊(၄)ခန်းတွဲ(၁)ထပ် အရာရှိအိမ်ရာ ရေပေးဝေနိုင်ရန် ဂါလန် (၈၀၀၀)ဆံ့(၃၀ပေ)အမြင့် RC ရေစင်(၁)လုံးတည်ဆောက်ခြင်း။

၂။ **တင်ဒါလျှောက်လွှာ ပုံစံ စတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၉ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၂-၂၀၁၉ရက်(တနလ်ာနေ့) (ညနေ ၄:၃၀)နာရီအထိ
၄။ **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - သိပ္ပံဆောင်(၁)၊ ဘဏ္ဍာဌာန
၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - သိပ္ပံဆောင်(၁)၊ အစည်းအဝေးခန်းမ

၆။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို စစ်ကိုင်းတက္ကသိုလ် ၊ ဘဏ္ဍာဌာနတွင် ငွေပေးသွင်းပြီး ငွေပေးသွင်းပြီးငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့် တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကိုပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတက္ကသိုလ်၏ ဖုန်းနံပါတ်-၀၇၂-၂၂၉၄၄၊ ၀၉- ၄၂၃၅၂၂၆၉၊ ၀၉- ၂၀၂၁၆၂၅ ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတက္ကသိုလ်**

## မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်/အချိန်** - ၁၉-၁၁-၂၀၁၉ရက် နံနက် ၉ နာရီ သစ်မာသစ်လုံး(နယ်/ရန်ကုန်)သီးသန့်
(၂၀-၁၁-၂၀၁၉)ရက် နံနက် ၉ နာရီ ရန်ကုန်-နယ် ကျွန်း/သစ်မာ (သစ်လုံး/ခွဲသား)
(၂၅-၁၁-၂၀၁၉)ရက် မွန်းတည့် ၁၂ နာရီ ရန်ကုန် ကျွန်းသစ်လုံး သီးသန့်

(ခ) **ရောင်းချမည့် အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး(၁၄၆၇)တန်
တတိယတန်းနှင့် အထက် ကျွန်းခွဲသား(၁၃၈)တန်
(ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန)
- တတိယတန်းနှင့် အထက် ကျွန်းခွဲသား(၁၀၃)တန်
(သစ်အခြေခံစက်မှုလုပ်ငန်းဌာန)
- ပျဉ်းကတိုး၊ အင်၊ ကညင်၊ အင်ကြင်း၊သင်းဝင်၊ စကား၀ါ၊ သဒီ၊ထောက်ကြန့်(၂၂၂၀၀)တန်
သစ်မာသစ်လုံး(၂၀၁၈-၂၀၁၉ ထုတ်သစ်များ ပါဝင်ပါသည်။)

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)နှင့် web-site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။
၃။ ဆက်သွယ်ရန်- Ph;01-528764,01-377296 E-mail; marketing 1 ppy @ gmail.com

## အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူး လမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile Co,Ltd မှဆောင်ရွက်လိုသော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယ အဆင့်)တွင် ၄ ခန်းတွဲ ၈ထပ်တိုက်(၂၇)လုံး(၈၆၄)ခန်းဆောင်ရွက်လျက်ရှိရာ U-600တိုက်ခန်း များမှာ ၂၀၁၉ခုနှစ် နိုဝင်ဘာလ ကုန်နှင့် U-900 တိုက်ခန်းများမှာ ၂၀၂၀ခုနှစ် ဇူလိုင်လကုန်တွင် အပ်နှံနိုင်မည်ဖြစ်ကြောင်း၊ U-600တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ပဥ္စမအရစ်ထိ ကျသင့်ငွေ ပေးသွင်းပါရန်နှင့် U-900 တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် ဒုတိယအရစ်ထိ ကျသင့်ငွေများ အား အမြန်လာရောက်ပေးသွင်းပါရန် ၁၇-၁၀-၂၀၁၉ရက်နှင့် ၁၉-၁၀-၂၀၁၉ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ထည့်သွင်းကြော်ငြာပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၁-၁၁-၂၀၁၉ရက်အထိ U-600အဆောက်အအုံများနှင့် U-900အဆောက်အအုံများမှ တိုက်ခန်းဖိုးပေးသွင်းရန် အောက်ပါ အတိုင်းကျန်ရှိပါသည်။

- U-600 ဒုတိယအရစ် - ၁၁ခန်း
- U-600တတိယအရစ် - ၁၈ခန်း
- U-600 စတုတ္ထအရစ် - ၂၇ခန်း
- U-600 ပဥ္စမအရစ် - ၆၀ခန်း
- U-900 ဒုတိယအရစ် - ၂၈၄ခန်း

၃။ သို့ဖြစ်ပါ၍ အပိုဒ်(၂)ပါ တိုက်ခန်းဖိုးပေးသွင်းရန် ကျန်ရှိသူများမှ တိုက်ခန်းဖိုးကျသင့်ငွေများ အမြန်လာရောက်ပေးသွင်းပါရန် ထပ်မံနှိုးဆော်အကြောင်းကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/3770 FORD RANGER PICKUP (4x4)Lယာဉ်လက်ဝယ်ရှိသူ ဦးစိုင်း ထွန်းတင် ၁၃/မဆတ(နိုင်)၀၁၂၉၉က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်) မူဆယ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/1482, TOYOTA LANDCRUISER UZJ100 WAGON(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်(ခ)သိန်းမောင် ၁၃/မဆတ (နိုင်)၀၄၄၄၃၉က(ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါ သည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့**

### အများသိစေရန်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလှဝင်း ၁၂/ပဘတ (နိုင်)၀၀၀၃၅၃မှဒေါပုံမြို့နယ်၊ အောင်ချမ်းသာ လမ်းမကြီး၊ ၇၄ (ခြောက်လွှာ- A) အခန်းကို ဒေါ်သက်စုစုထိုက် ၁၂/ဥကမ(နိုင်)၁၂၈၃၅၀ ထံမှ ဝယ်ယူရန် စရန်ငွေပေးခဲ့ပြီး ကန့်ကွက် သူရှိက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း။

**ဥပဒေအကြံပေး ဦးနေမျိုးသိန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၂၈၈)**
**ဖုန်း၀၉-၄၂၀၀၆၁၅၅၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ ပြည်သူ့ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော ဆေးနှင့်ပစ္စည်းများ၊ ပုံနှိပ်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကိုဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာ ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၉ရက်
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၉-၁၂-၂၀၁၉ရက်၊ မွန်းလွဲ ၂နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၃၁၁၈၂/၀၆၇-၄၃၁၄၄၉

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## စစ်ကိုင်းပညာရေးတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဓာတ်ပုံ/ဗီဒီယို ရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၅-၁၁-၂၀၁၉ရက်မှ ၃၀-၁၁-၂၀၁၉ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဓာတ်ပုံ/ဗီဒီယို ရိုက်ကူးခွင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်။

၁။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၉ရက် (သောကြာနေ့)
၂။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၇-၁၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီ
၃။ **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၁၈-၁၁-၂၀၁၉ရက်(တနလ်ာနေ့) မွန်းလွဲ ၂နာရီ
၄။ **တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ** - အစည်းအဝေးခန်းမ၊ စစ်ကိုင်းပညာရေးတက္ကသိုလ်

အသေးစိတ်သိရှိလိုပါက ဌာနမှူး(သင်တန်းရေးရာဌာန)သို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်း ၀၉- ၄၃၂၀၆၅၄၆၊ ၀၉- ၄၅၇၂၃၃၃၅၈ သို့ဖြစ်စေ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံ/ဗီဒီယို ရိုက်ကူးရေးဆပ်ကော်မတီ**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ မြို့နယ်၊ ကျေးရွာမီးလင်းရေးနှင့် ဓာတ်အားစနစ်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများနှင့်လုပ်ငန်းများအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၇-၁၁-၂၀၁၉ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၂-၂၀၁၉ရက် ၁၂:၀၀နာရီ
(ဃ) **တင်ဒါလျှောက်လွှာ** - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်း (တောင်)၊ တောင်ကြီးမြို့
(င) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်း(တောင်)၊ တောင်ကြီးမြို့ အစည်းအဝေးခန်းမ

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။
၃။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် ကုမ္ပဏီတံဆိပ်နှင့် ကုမ္ပဏီမှအထူးအာဏာ လွှဲအပ်ပေးထားသူ အနိမ့်ဆုံး Director အဆင့်ရှိသူ ပါရှိသူမှသာ တင်ဒါလျှောက်လွှာ ဝယ်ယူခွင့်ပြုမည်။
၄။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၈၁- ၂၁၂၂၄၆၊ ၀၈၁-၂၀၅၈၄၈ တို့သို့ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်တွေမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ပုံငွေကျပ်သန်း(၁၀၀) အထက် အောက်ပါ အဆောက်အအုံများတည်ဆောက်ရန်ရှိပါသဖြင့် လုပ်ငန်းများဆောင်ရွက်လိုသည့်လုပ် ငန်းရှင်များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့် အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ် | Lot. No | လုပ်ငန်းအမျိုးအစားနှင့် အတိုင်းအတာ | အရေအတွက် |
|---|---|---|---|---|
| ၁ | စစ်တွေ | Lot.1 | ပြည်နယ်ရုံး၊ (၄)ခန်းတွဲ ဝန်ထမ်းနေအိမ် RC (၃)ထပ် (၈၄'x ၂၅'x ၃၀')(ရေမီး၊ မိလ္လာပါ) | (၁)လုံး |
| ၂ | စစ်တွေ | Lot.2 | ပြည်နယ်ရုံး၊ (၂)ခန်းတွဲ ဝန်ထမ်းနေအိမ် RC (၃)ထပ် (၅၀'x ၄၀'x ၃၀')(ရေမီး၊ မိလ္လာပါ) | (၁)လုံး |
| ၃ | ကျောက်တော် | Lot.3 | ကျောက်တော်မြို့နယ်၊ (၆)ခန်းတွဲ ဝန်ထမ်းနေအိမ် RC (၁)ထပ်(၁၂၆'x ၃၆'x ၁၂')(ရေမီး၊ မိလ္လာပါ) | (၁)လုံး |
| ၄ | သံတွဲ | Lot.4 | သံတွဲမြို့နယ်၊ ရုံးတိုးချဲ့ဆောင် RC (၂)ထပ် (၆၅'x ၄၅'x ၂၂')(ရေမီး၊ မိလ္လာပါ) | (၁)လုံး |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များအား ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ၁၃-၁၁-၂၀၁၉ရက်မှ ၁၂-၁၂-၂၀၁၉ရက်အထိ ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါတင်သွင်းသူများသည် ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ ၁၂-၁၂-၂၀၁၉ရက် ညနေ (၁၆:၃၀)နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။
၃။ တင်ဒါကိစ္စရပ် အသေးစိတ်သိရှိလိုပါကရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ် ရေးဦးစီးဌာနရုံး၊ ငွေစာရင်းဌာန၏ရုံး ဖုန်း-၀၄၃-၂၂၈၉၄ သို့ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**စစ်တွေမြို့**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ဘေးထွက် ပစ္စည်းများကို ဈေးပြိုင် အိတ်ပိတ်တင်ဒါဖြင့် ရောင်းချပါမည်။
၂။ ဘေးထွက်ပစ္စည်းများ၏ ဈေးပြိုင်စနစ်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်း ချက်များကို ၈-၁၁-၂၀၁၉ရက် မှ ၁၈-၁၁-၂၀၁၉ရက်အထိ (နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၀၀နာရီ)အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၈-၁၁-၂၀၁၉ရက် ညနေ ၁၆:၀၀နာရီဖြစ်ပါသည်။
၃။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်ရောက်ရှိသော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇၃၄၁၂၃၇၄၊ ၀၆၇၃၄၁၂၃၇၅ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင် ပါသည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့**

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

